www.burmeseclassic.com

# နှုတ်သမီး

## မော်ဆရာရဲ့ချိုးငှက်




GRAPHIC DESIGN
THEIN SHWE KYI

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (မှူးစာပေ)
အမှတ်-၅၂၈(က)၊ အင်း၀(၄)လမ်း
(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းစုနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျော်ရင် (မြ-၀၅၄၁၇) (ရွှေခြင်္သေ့ပုံနှိပ်တိုက်)
အမှတ်(၁၂)၊ သရဖီလမ်း တော/နောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
သိန်းရွှေကြည်
ပုံနှိပ်ခြင်း
ပထမအကြိမ်၊
၂၀၁၅ ခုနှစ်၊ စက်တင်ဘာ
တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
ဖြန့်ချိရေး
မှူးစာပေ
၀၉ ၅၀၃၀၁၀၆၊ ၀၉ ၅၁၈၅၀၈၄၊ ၀၁ ၈၅၀၀၆၉၆

ရ၉၅ - ၈၃
နတ်သမီး
မှော်ဆရာရဲ့ချီးငှက်
မှူးစာပေ ၊ ၂၀၁၅။
၂၁၆ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) မှော်ဆရာရဲ့ချီးငှက်

## အခန်း (၁)

"ပေးစမ်း အဲဒီပိုက်ဆံတွေ"

လက်ထဲမှ ဖျတ်ခနဲ အလုခံလိုက်ရသောကြောင့် ကဝိရင်ထဲက အပျော်စိတ်တွေသည် ဘုန်းခနဲ ပစ်လဲကျသွားသလို အသိစိတ်တွေ ခိုးဝင်ဖြစ်သွားသည်။

"ဘာလဲ ဘာကြည့်တာလဲ မကျေနပ်ဘူးလား၊ ကိုယ်နဲ့တန်ရာ ကို မမှန်းလို့ ပညာပေးတာကွ၊ မကျေနပ်ရင် လဲသေလိုက်"

အနိုင်ယူလိုစိတ်တွေ လွှမ်းမိုးနေသော ခွန်းသစ်နေ၏မျက်နှာ ပေါ်မှာ ကရုဏာတွေ မုဒိတာတွေ စာနာနားလည်မှုတွေရှိမနေ။ လေယူ လေသိမ်းတွေက ခက်ထန်မာကြောနေသည်။

ငါဒယ်ဒီပေးထားတဲ့ သင်တန်းကြေးကွ၊ ငါ့ကိုပြန်ပေးပါဟူသော

www.burmeseclassic.com



အဓိပ္ပာယ်ကို body language ဖြင့် ပြလိုက်ပြီး ခွန်းသစ်နေလက်ထဲမှ ပြန်ရသည်။

ခွန်းသစ်ကလည်း လျှင်သည်။ ကဝိ လက်ထဲ ငွေကို ပြန်အပ် မခံ။

"မင်း တကယ်ဟာသပဲ၊ မင်းလို စကားမပြောတတ်တဲ့ အေ တစ်ယောက်က ဓာတ်လမ်းဓာတ်ညွှန်းကိုယ်တိုင် ဖန်တီးပြီး ဒါရိုက်တာ လုပ်မယ်ဆိုတာ အ,သာ အ,တယ် သီချင်းကြီးမှုဆိုချင်ဒယ်ဆိုတဲ့ စကား ပုံလို ရယ်စရာကောင်းမနေဘူးလား ဟမ် ဟား ဟား ဟား ရယ်ရတယ် ကွာ"

သူတစ်ပါးကို မခံချိမခံသာဖြစ်အောင် လုပ်ခြင်းဖြင့် ပျော်ရွှင် ကို ရှာဖွေဖန်တီးတတ်သော ခွန်းသစ်၏အကျင့်သည် ကဝိအတွက် အ တမ်း အနှောင့်အယှက်ဖြစ်စေသည်။ အမုန်းတရားတွေကို ပွားစေသည်

ကဝိကို လှောင်နေသော ခွန်းသစ် ရယ်သံသည် အခန်းထဲမှ ကျယ်လောင်သွားသည်။ စိတ်ရှိတိုင်း ထိုးနှက်လိုက်ချင်ပေမယ့် ပြဿနာ ပိုကြီးသွားလျှင် မိထွေးတော်၏အပြစ်တင်ပြုစုမှုကို ခံရဦးမည်မို့ မိထွေး၏ သားနှင့် ရန်ဖက်ဖြစ်မနေတော့ဘဲ ကိုယ့်ပိုက်ဆံပြန်ရဖို့အတွက် ယဉ်ယဉ် ကျေးကျေးပဲ တောင်းတော့မည်ဟူသော အတွေးဖြင့် ဒေါသကိုမျိုသိပ်ကာ စားပွဲပေါ်တင်ထားသည့် marker ကို လှမ်းယူကာ whiteboard ပေါ်မှာ





စာချရေးလိုက်သည်။

"ငါ့ပိုက်ဆံ ပြန်ပေးပါ၊ ဒယ်ဒီ ငါ့ကိုပေးထားတာ ဒီသင်တန်း တို ငါတက်မှဖြစ်မယ်၊ ဒါကြောင့် မင်းကိုတောင်းပန်တယ်"

ကဝိ ချရေးနေသော စာကို ခွန်းသစ် လိုက်ဖတ်ရင်း

"မင်းလို ရွှေအက ရိုက်ကွင်းပေါ်ရောက်ရင် မင်းသား မင်းသမီး တွေကို ဘယ်လိုသင်တန်းပေးမှာလဲ၊ ကင်မရာမန်းတွေကို ဘယ်လိုညွှန် ကြားမလဲ"

"ဒါ ငါ့ကိစ္စပဲ မင်းကိစ္စမဟုတ်ဘူး၊ မင်းဘယ်လိုရှုတ်ချရှုတ်ချ ငါ နောက်မဆုတ်ဘူး၊ ဒါ ငါ့ဝါသနာပဲ"

ခပ်မြန်မြန် ချရေးနေသော စာသားတွေကို ဖတ်ပြီး ခွန်းသစ် ခပ်လှောင်လှောင်ရယ်သည်။ ရယ်သံနှောသော အသံဖြင့်ပင်

"ဆွံ့အနားမကြားကျောင်းမှာ ဒါရိုက်တာသင်တန်း လာဖွင့် တော့မှ မင်းသင်ချင်တဲ့ပညာရပ်တွေကို သင်တော့ ဟောကောင်၊ ခုတော့ ဒီငွေတွေကို ငါ့ကိုလှူလိုက် ငါ အရေးတကြီးလိုနေလို့ပါကွာနော် နော်လို့ ဟီး ဟီး ဟီး"

ကျောကို အသာပွတ်ပြီး ခွေးသိပ်ကာ ထွက်သွားသော ခွန်း သစ်ကိုကြည့်ပြီး လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။

ကိုယ်ဟာ လောကကြီးအတွက် ဘာမှအသုံးမဝင်တော့တဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြွက်တစ်ကောင် ဖြစ်နေပြီလား။ ကဝိ ဘာလုပ်ရမလဲ။ ဒီကောင့်နောက်ကို လိုက်သွားပြီး ကိုယ့်ပိုက်ဆံပြန်ရဖို့ သူ့သေကိုယ်သေ ချရမလား။ ဒါမှမဟုတ် ဒယ်ဒီ့ကိုပဲ တိုင်ပြောလိုက်ရမလား။

နာကျင်ခံခက်လွန်း၍ အံကိုခပ်တင်းတင်းကြိတ်လိုက်ပြီး နံရံမှာ ကျောမှီကာ ထိုင်ချလိုက်သည်။

■ ■ ■

"ငွေဆယ်သိန်းကို ခွန်းသစ် လုသွားတယ် ဟုတ်လား"

တဖန်ပြန်မေးလိုက်သော ဒယ်ဒီ၏မယုံကြည်နိုင်သော အမေးကို ကဝိ ခေါင်းညိတ်ဖြေလိုက်သည်။

ဒယ်ဒီ့အကြည့်တွေ အခန်းအပြင်ကိုရောက်သွားပြီး တစ်ပြိုင်နက်တည်းမှာပင်

"ယုရေ ယု"

မီတွေးကို လှမ်းအော်ခေါ်နေသော ဒယ်ဒီ့အသံမှာ ဒေါသသံမပါ။ အမှန်ဆို ကိုယ့်သားကို နိုင်ထက်စီးနင်း နှိပ်စက်လုယက်သွားသော လုပ်ရပ်မျိုးကို ဒေါသထွက်သည့်လေသံဖြင့် ခပ်ဆတ်ဆတ်လှမ်းခေါ်ရမှာ။

သိပ်မကြာလိုက် မီတွေး ဒေါ်ယုသဉ္ဇာ အိမ်ထဲကို ဝင်လာသည်။

"ဘာလဲ ကိုကြီးရယ် ဒီမှာ ယု ပန်းရှုးနေတာ၊ ကိုကြီးအခန်းထဲမှာ အလှပန်းအိုးတွေ နွမ်းနေလို့ လဲရဦးမယ်လေ"





"နောက်မှလဲ ယုရေ ကိုကြီးမင်းကို မေးစရာရှိလို့ ဒါနဲ့ မင်းရဲ့သား အဲ ကိုယ်တို့သားကြီး ခွန်းသစ်ရော"

သားနှစ်ယောက်ကို သူ့သားကိုယ့်သား မခွဲခြားလိုသဖြင့် စကားမမှားရန် ထိန်းပြောပြီး မယားပါသားကို မေးလိုက်သည်။ ကဝိရင်ထဲမှာ ဆစ်ခနဲ နာကျင်သွားသည်။

သားကြီးတဲ့လား ဒယ်ဒီရယ်ဟု စိတ်ထဲမှာပင် ကြေကြေကွဲကွဲ မေးလိုက်သည်။

"စောစောကတော့ ရေချိုးနေတယ်၊ ခုတော့ စာကြည့်ခန်းထဲ ရောက်နေပြီလား မသိဘူး ကိုကြီးရေ၊ သဘက်ခါ စာမေးပွဲရှိတယ်လေ၊ ဘာလုပ်မလို့လဲဟင်"

ဒေါ်ယုသဉ္ဇာအမေးကြောင့် ဦးအောင်မြင့် အားနာစွာဖြင့် လှမ်းကြည့်ပြီး

"မနေ့က သားငယ်ကို သင်တန်းကြေးပေးထားတဲ့ ငွေဆယ်သိန်းကို သားကြီးကနောက်ပြီး ယူသွားတယ်တဲ့"

စကားကို လိုရင်းရောက်အောင် ထိထိမိမိမပြောရဲသော ဒယ်ဒီ့ကို အံ့ဩစွာ ဖျတ်ခနဲ ကြည့်လိုက်သည်။

"ဒယ်ဒီ ဘာတွေပြောနေတာလဲ၊ အဲဒီငွေ ဆယ်သိန်းတို့ သားဆီက အတည်လုသွားတာ၊ သားကို မို့ချိုးမျှစ်ချိုးပါ ပြောသွားတာပါ၊



www.burmeseclassic.com

www.burmeseclassic.com



ဒါကို ဘာကြောင့် ဒယ်ဒီက စကားလုံအောင်ပြောနေရတာလဲ"

စိတ်ထဲကပင် ဒယ်ဒီ့ကို အပြစ်တင်စကားပြောလိုက်သည်။

"ဟုတ်လား သားငယ်"

ဒေါ်ယုသဏ္ဍာအသံက ဒယ်ဒီ့လို နူးညံ့ပျော့ပျောင်းမနေ။ စကားလုံး၏အနားသပ်တွေမှာ အနည်းငယ် တင်းမာနေသည်။

ကဝိ ခေါင်းညိတ်ပြလိုက်သည်။ ဒေါ်ယုသဏ္ဍာ၏နှုတ်ခမ်းထောင့်စွန်း မသိမသာ တွန့်ကွေးသွားပြီး

"ဒါဆိုရင် မာမီ ပြန်တောင်းပေးမယ်နော်၊ ဒီကောင်က အဲလိုပဲ အနောက်သိပ်သန်တယ် ကိုကြီးရယ်၊ ဒီအကျင့်ကို ပျောက်အောင် ဘယ်လိုပဲ ဖျောက်ပေးဖျောက်ပေး မပျောက်နိုင်ဘူး"

ထိုစဉ် ရေမိုးချိုးပြီး ရှိုးစမိုးထုတ်ကာ ထွက်လာသော ခွန်းသစ်မှာ ကဝိနှင့်အတူ ဒယ်ဒီရော သူ့အမေကိုပါ တွေ့ပြီး ခြေလှမ်းမသိမသာ တွန့်သွားသည်။ ပြီးမှ ဟန်မပျက် ဆက်လျှောက်လာပြီး

"မာမီ သား သူငယ်ချင်းဆီ ခဏသွားဦးမယ်နော်"

"နေဦး သား၊ မင်းကိုမေးစရာရှိတယ်"

"ဗျာ"

ဘာမှမသိသော သူငယ်တန်းကလေးလို ရိုးသားပြနေသည့် ခွန်းသစ်ကို ကဝိ စိတ်ရှိတိုင်း ထိုးနှက်လိုက်ချင်စိတ်ပေါက်လာသည်။



"မင်း မနေ့က သားငယ်ဆီက ငွေဆယ်သိန်းနောက်ပြီး ယူသွားတယ်ဆို"

ဒယ်ဒီမမေးခင် ဒေါ်ယုသဏ္ဍာ အရင်ဦးအောင် မေးခွန်းထုတ်လိုက်သည်။

"ဗျာ ဘယ် ဘယ်လို သားက ကဝိ့ဆီက ငွေဆယ်သိန်းကို နောက်ထားတယ် ဟုတ်လား"

ဘာမှမသိသလိုဟန်ဖြင့် အတည်ရုပ်နှင့် ပြန်မေးလိုက်သည်။

"ဟုတ်တယ် ခုပဲ ကဝိ ပြောနေတာ"

"မာမိရယ် သားက ဒီလောက်ငွေအများကြီးကို နောက်ထားစရာလား၊ ညီ မနေ့က မင်း ဘော်ဒါတစ်ယောက်နဲ့ ဖုန်းထဲမှာ မက်ဆေ့ပို့နေတုန်းက ငွေဆယ်သိန်း လမ်းမှာပျောက်သွားလို့ဆို"

ခွန်းသစ် စကားကြောင့် ဒယ်ဒီနှင့်ဒေါ်ယုသဏ္ဍာ၏အကြည့်တွေ ရှုတ်ခနဲ ရောက်လာသည်မို့ ကဝိ ခေါင်းကို တွင်တွင်ခါကာ မဟုတ်သည့်အကြောင်း ငြင်းလိုက်သည်။

"ညီရာ မင်း ကိုယ့်ကို ကွိုင်မရှာပါနဲ့၊ ငါ မင်းကို နောက်ချင်ရင် တခြားအကြောင်းအရာကို နောက်ချင်နောက်မယ် ဒီလို ငွေကြေးကိစ္စကိုတော့ လုံးဝမနောက်ဘူး"

ရိုးသားတည်ငြိမ်သော လူငယ်လေးတစ်ယောက်၏ရုပ်သွင်မျိုး

www.burmeseclassic.com

www.burmeseclassic.com



ဟန်ဆောင်ကာ ဒယ်ဒီယုံအောင် ပြောနေသော ခွန်းသစ်စကားသည် လုံးဝ မမှန်ကန်တာ ကဝိ အသိဆုံးပါ။

ထို့ကြောင့် ခေါင်းကို တွင်တွင်ခါကာ ဖြစ်ကြောင်းကုန်စင်ကို လက်ဟန်ခြေဟန်ဖြင့် ဒယ်ဒီ့ကိုရှင်းပြသည်။ ဒယ်ဒီ့ပုံစံမှာ ကဝိ၏စကားကိုလည်း ယုံချင်သည်။ ဒါ့အပြင် ခွန်းသစ်၏ဖြေရှင်းချက်အပေါ်လည်း သံသယရှိပုံမပေါ်။

"ကဲ ဒါဆိုရင် ဒယ်ဒီ့ကို သားရဲ့ဖုန်းခဏပေးစမ်း"

ခွန်းသစ်စကားမှန် မမှန်သိရအောင် ဒယ်ဒီ ဖုန်းတောင်းနေသဖြင့် ကဝိ နောက်ဆုံးထွက်ပေါက်တစ်ခုအဖြစ် ဘောင်းဘီအိတ်ထဲမှ ဖုန်းကို ကပျာကယာ ထုတ်ပေးလိုက်သည်။

သူပြောသလို မနေ့က ကဝိ ဘယ်သူ့ဆီကိုမှ မက်ဆေ့မပို့ဖြစ်တာ ကဝိသာအသိဆုံး။

မင်းညာနေတာတွေ အခုပေါ်တော့မှာပါဟူသော အဓိပ္ပာယ်ဖြင့် ခွန်းသစ်ကို လှမ်းကြည့်သည်။ ခွန်းသစ်မချိုမချဉ် ပြောင်စပ်စပ်အပြုံးဖြင့် ကဝိကို လှမ်းကြည့်သည်။

ဒယ်ဒီ မက်ဆေ့ဘောက်စ်ကို ဖွင့်ကြည့်နေသည်မို့ ကဝိပါ ဒယ်ဒီ့လက်ထဲမှ ဖုန်းကို ကြည့်လိုက်သည်။

"မက်ဆေ့က တကယ်ပို့ထားတာပဲ သားငယ်"





ဖုန်းထဲမှစာကို ကဝိ ငုံ့ပြီးဖတ်လိုက်သည်။ ကဝိဘက်မှ ပို့ထားသည့်ပုံစံနှင့် တစ်ဖက်မှလည်း စာပြန်ပို့ထားသည့်အကြောင်းအရာမှာ ခွန်းသစ်ပြောသလို ငွေဆယ်သိန်းပျောက်သွားသည့်ကိစ္စကို အပြန်အလှန်ပို့ထားသည့်စာမျိုး ဖြစ်နေသည်။

ကဝိ မျက်လုံးပြူးသွားသည်။ ချွေးစေးတွေပင် ပျံလာကာ မြင်နေရသောစာတွေကို အံ့ဩနေမိသည်။ ဒါ ခွန်းသစ် တမင်အကွက်ဆင်လိုက်ခြင်းပဲ ဖြစ်သည်။

"ဘယ်လိုလဲ သားငယ် ကိုယ့်ပြဿနာကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ မရှင်းဘဲ ဘာကြောင့် သူများကိုလွှဲချရတာလဲ၊ ခုကြည့်စမ်း ဒယ်ဒီ အကြောင်းစုံသိလိုက်ရတော့ သားကို အံ့ဩတယ်၊ ဒီလိုမျိုးအကျင့်တွေ သား ဘယ်တုန်းက တတ်လာတာလဲ၊ တစ်ဖက်သားကို ဘယ်လောက် အားနာစရာကောင်းလဲ၊ ခွန်းသစ်နေက သားအစ်ကိုဖြစ်နေလို့ပေါ့၊ တခြားလူသာဖြစ်ကြည့်စမ်း သားကို အသရေဖျက်မှုနဲ့ ပြန်ပြီး တရားစွဲလို့ရတယ်"

ဒယ်ဒီအပြစ်တင်စကားတွေကို ကဝိ နားထောင်နိုင်စွမ်းမရှိတော့။ မျက်ရည်တို့ ချက်ချင်းဝေ့တက်လာသည်။ မဟုတ်ပါဘူးဟု ထောင်ငြင်းနေလျှင်လည်း အပြစ်က တစ်ပြစ်ပိုလာဦးမည်။

"သားရယ် မာမီ့ကို အမှန်အတိုင်းဖွင့်ပြောခဲ့ရင် မာမီလည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြေရှင်းပေးမှာပေါ့ကွယ်”

ဒေါ်ယုသဏ္ဍာ ဒယ်ဒီ့ရှေ့မှာမို့ ထိုမျှလောက်သာ ပြောသည်။

“ကဲ သား ကြားတယ်နော်၊ အဲဒါဟာ မိသားစုစစ်စစ်ပဲ၊ ပြဿနာတစ်ခုကို ကိုယ်ကိုယ်တိုင် ဖန်တီးပြီး တစ်ယောက်အပေါ်တစ်ယောက် အပြစ်တွေပုံချနေရင် မိသားစုတွေ ဘာမဟုတ်တာနဲ့ စိတ်ဝမ်းကွဲနေမှာပေါ့၊ ဒီတစ်ခါတော့ ဒယ်ဒီ ခွင့်လွှတ်လိုက်မယ် သား၊ နောက်တစ်ခါဆိုရင်တော့ သားရဲ့အပြစ်ကို ဒယ်ဒီ ခွင့်မလွှတ်ဘူးနော်၊ နောက်ထပ် သင်တန်းကြေးကို မင်းမာမီ ထုတ်ပေးလိမ့်မယ်၊ ဒီတစ်ခါတော့ မပျောက်အောင် ဂရုစိုက်ပါ၊ ဒယ်ဒီ ဒါပဲ မှာချင်တယ် သွားတော့”

ဘာစောဒကမှ မတက်ချင်တော့၍ ဒယ်ဒီရှေ့မှ အသက်မပါသော ခြေလှမ်းဖြင့် လှည့်ထွက်ခဲ့သည်။ ခွန်းသစ်၏လှောင်ပြုံးတွေကိုလည်း အရှုံးသမားတစ်ယောက်လို ထပ်ပြီး ရင်မဆိုင်ချင်တော့။ ကံကြမ္မာက ကဝိကို ဘာကြောင့်များ နှုတ်တွေဆွံ့နိုင်းလိုက်ပါလိမ့်။

လက်တွေ့ရင်ဆိုင်နေရသည့် ဘဝပေးအခြေအနေကို ကဝိ မုန်း သည်။

ခွန်းသစ်ကိုလည်း မုန်းသည်။

■ ■ ■

“မင်းဘာကြောင့် ခုလို မဆင်မခြင်နေရသလဲဆိုတာ ငါတော့





နားမလည်တော့ဘူး ကဝိ၊ ငွေဆယ်သိန်းဆိုတဲ့အားက နည်းလား၊ စကားမပြောတတ်လို့ အတယ်ဆိုရင်လည်း တော်ရုံပဲ အ,တာကောင်းပါတယ် ကဝိရယ်”

ဒယ်ဒီ့ရှေ့တစ်မျိုး ဒယ်ဒီ့ကွယ်ရာတစ်မျိုး စရိုက်နှစ်မျိုးဖြင့် ကဝိပေါ် ဆက်ဆံနေသော ဒေါ်ယုသဏ္ဍာကိုကြည့်ပြီး ကဝိမှာ ဘာမှပြန်ပြောနိုင်စွမ်း မရှိ။

ကိုယ့်ရှေ့မှာ သူတောင်းစား ပေးသလို ပစ်ပေးထားသည့် ငွေဆယ်သိန်းထပ်သည် ကဝိလက်ထဲကနေ ခွန်းသစ်လုသွားသည့် ငွေတွေမုန်း ကဝိ ကောင်းကောင်းမှတ်မိသည်။

အပေါ်ဆုံးငွေစက္ကူတွင် CL 5680854 ဆိုသည့် နံပါတ်ကို ကဝိ သေသေချာချာကို မှတ်မိနေသည်။ နှုတ်ဆွံ့အနေပေမယ့် မှတ်ဉာဏ်တတော့ သူများထက် ထူးပြီး အားကောင်းသော ကဝိသည် ကျောင်းတွင် အမြဲတမ်း စာပေထူးချွန်သူတစ်ယောက် ဖြစ်ခဲ့သည်။

“ခုတော့ မင်းက အ,ချင်ယောင်ဆောင်ပြီး ငါ့သားအပေါ် ချောက်တွန်းတာ ကောင်းလား။ မင်းယောက်ျားမဟုတ်ဘူးလား။ ခုတော့ ဘာမှအပြစ်မရှိဘဲ ငါ့သားကို စွပ်စွဲရက်တယ်၊ ငါ အံ့ဩတယ် သိလား တဝိ”

ပေါက်ပေါက်ဖောက်သလို ပြောနေသော ဒေါ်ယုသဏ္ဍာ၏စကား



www.burmeseclassic.com

www.burmeseclassic.com



ကို အာရုံစိုက်နေရာမထောင်ဘဲ စားပွဲပေါ်ချပေးထားသည့် ငွေဆယ်သိန်း ထုပ်ကိုယူကာ ဒေါ်ယုသဇ္ဇာရှေ့မှ ထွက်ခဲ့လိုက်သည်။

သားအမိနှစ်ယောက် အတိုင်အဖောက်ညီညီနှင့် ကဝိကို လှလိမ်လုပ်လိုက်၍ အမြတ်တော့ ထွက်သွားကြမှာပင်။

ဒယ်ဒီ့အမြင်မှာတော့ ဒေါ်ယုသဇ္ဇာနှင့် ခွန်းသစ်တို့သားအမိက စိတ်နှလုံးကောင်းမွန်သူတွေပေါ့။

ခွန်းသစ် ဘယ်လောက်ယုတ်မာသလဲဆိုတာ ဒယ်ဒီမှ မသိခဲ့ ဘဲ။

အမှန်တရားပေါ်ဖို့ဆိုတာ အချိန်တစ်ခုတော့ စောင့်ရတယ် ဒယ်ဒီ။ တစ်ချိန်ချိန်မှာတော့ သူတို့သားအမိရဲ့ရုပ်လုံးတွေကို ဒယ်ဒီ ပီပီပြင်ပြင် သိလာမှာပါ။

သား အဲဒီအချိန်ကို စောင့်နေတယ် ဒယ်ဒီ။

■ ■ ■



## အခန်း (၂)

ဒီနေ့ ဇာတ်ညွှန်းသင်တန်း စတက်ရမည့်နေ့မို့ ကဝိ၏ခြေလှမ်း တွေသည် တက်ကြွသွက်လက်နေသည်။

ခြံအပြင်ရောက်မှ မိုးဖွဲကျလာသည်မို့ အိမ်ထဲတစ်ခေါက်ပြန် ဝင်ပြီး ထီးယူဖို့ ပေါ်တီကိုအောက်ထဲအဝင်

"ဗွမ်း"

ဝရန်တာလက်ရန်းပေါ်မှ သွန်ချခံလိုက်ရသော ရေတွေကြောင့် ကဝိ တစ်ကိုယ်လုံး စိုရွဲနစ်သွားသည်။ အပေါ်ကို ကမူးရှူးထိုး မော့ကြည့် လိုက်သည်။

"ဟော့တော် သားငယ် မင်းက ဘယ်လိုဖြစ်ပြီး ရေသွန်တဲ့ အောက်ကို ရောက်နေရတာလဲကွယ်၊ သင်တန်းသွားပြီ မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ တမင်လုပ်လိုက်သည်ဆိုတာ မာဓိယ မျက်နှာပေါ်မှာ ပေါ်လွင်နေပေမယ့် စကားတွေက ချိုလွန်းနေသည်။ ထိုအပြုအမူသည် မတော်တဆမဟုတ်ဘဲ တမင်လုပ်လိုက်မှန်း ကဝိ သိနေပေမယ့် ကိုယ့် မှာ ပြန်ပြောနိုင်သည့် အခြေအနေမှမဟုတ်တာ။ ထို့ကြောင့် ဘာမှတု ပြန်မနေတော့ဘဲ အခန်းထဲဝင်ပြီး အဝတ်အစားကို ကပျာကသီ ပြန်လဲ လိုက်ရသည်။

မိတွေးပိပိ ကဝိကို ထူချွန်ထက်မြက်သည့် လူတော်တစ်ယော ဖြစ်မှာကို မနှစ်မြို့။ သူ့သားနှင့်ယှဉ်လျှင် ကဝိကို ဟိုးအနောက်မှာ ကျန်ရစ်ခဲ့စေချင်သည်။

ထို့ကြောင့်လည်း ကဝိ ဝါသနာပါ၍ လုပ်သည့်အလုပ်တိုင်း သားအမိနှစ်ယောက် အမြဲဖျက်ဆီးနေကြခြင်းမှာ သူတို့၏ရိုးရာတစ်ခု ဖြစ်နေသည်။

အဝတ်အစားလဲပြီး အခန်းထဲမှ ကပျာကယာ ပြန်ထွက်လာ ရင်း နာရီကြည့်လိုက်တော့ သင်တန်းချိန်က တအားနီးကပ်နေပြီ။ လ မှာ အချိန်ကြာမည်ဆိုလျှင် နောက်ထပ်နာရီဝက်လောက်မှ ရောက်နိ သဖြင့် ကားယူသွားရန် စိတ်ကူးရသွားပြီး ဒယ်ဒီ့စာကြည့်ခန်းထဲမှ ကား သော့ကို ဝင်ယူလိုက်သည်။

စာကြည့်ခန်းတံခါးလက်ကိုင်ဘုကို ဆွဲလှည့်ပြီး အဝင်မှာ ထ





မှတ်မထားသောမြင်ကွင်းကြောင့် ကဝိ မျက်လုံးပြူးကာ ဖါးစပ်အဟောင်း သား ဖြစ်သွားသည်။

မာမီ့မီးခံသေတ္တာကိုဖွင့်နေသော ဒေါ်ယုသဉ္ဇာကို တွေ့လိုက်ရ သောကြောင့် ဖြစ်သည်။ ဒါတော့ သိပ်လွန်သွားပြီဟု ကဝိ တွေးလိုက် ပြီး ဒေါ်ယုသဉ္ဇာဆီသို့ ခြေသံပြင်းပြင်းနင်းလျှောက်သွားလိုက်သည်။ ကိုယ့် မီးခံသေတ္တာကိုယ်မဖွင့်ဘဲ မာမီ ပစ္စည်းကို မက်နေတာတော့ လွန်သွား ပြီ။ မာမီ ကျန်ခဲ့သည့် လက်ဝတ်ရတနာတွေသည် သူနှင့်မှမဆိုင်တာ။ ဒယ်ဒီကလည်း ယူသုံးခွင့်ပြုလိမ့်မည်မဟုတ်ဆိုတာ ကဝိ သိသည်။

ဒေါ်ယုသဉ္ဇာ ကဝိကိုမြင်တော့ ရှုံ့တို့ရှုံ့တန့်ဖြစ်သွားပြီး လက်ထဲ ကိုင်ထားသော စိန်လက်ကောက်နှစ်ကွင်းကို မီးခံသေတ္တာထဲ ပြန် ထည့်လိုက်ပြီး

“တစ်မျိုးထင်မနေနဲ့ဦး သားငယ်၊ မာမီယုံ မင်းအမေရဲ့ပစ္စည်းကို အပိုင်စီးဖို့မဟုတ်ဘူး။ ညနေ မင်းဒယ်ဒီနဲ့ပါတီပွဲတက်စရာရှိလို့ ခဏငှား ထ်မလို့ ရွေးနေတာ၊ ပြီးရင် ပြန်ထည့်ထားပေးမှာ”

အကြောင်းပြချက်တွေရှာကြံပေးနေသော ဒေါ်ယုသဉ္ဇာလက်ထဲ မီးခံသေတ္တာသော့ကို ဖျတ်ခနဲ လုယူလိုက်ပြီး သေချာပြန်ပိတ်လိုက် သည်။

ကိုယ့်အပြုအမူသည် ရိုင်းစိုင်းသွားမှန်းသိပေမယ့် မာမီ့ပစ္စည်း

www.burmeseclassic.com



တွေကိုတော့ ဘယ်သူမှ လက်ဖျားနှင့်မတို့ရအောင် ကဝိ ကာကွယ်ရမ

"အို ဘယ်လိုလဲ၊ မင်း ရိုင်းလှချည်လား ကဝိ၊ ငါ့ကို မင်းအ

ရဲ့ပစ္စည်း ခိုးလိမ့်မယ်လို့ ထင်နေတာလား"

ကက်ကက်လန်ရန်တွေ့နေသော ဒေါ်ယုသဉ္ဇာ စကားတွေ

ကဝိ ဂရုမစိုက်။

နောက်တစ်ခါ မာမို့ မီးခံသေတ္တာကို ဘယ်တော့မှ မ

မျက်နှာအမူအရာရော ခြေဟန်လက်ဟန်ဖြင့်ပါ ပြလိုက်သည်။ ဒေါ်ယု

အစိမ်းယိုသိမ်မဖော်တတ်ပေမယ့် ကဝိ မျက်နှာပေါ်မှ မနှစ်မြို့သည့်

အယောင်ကိုတော့ ကောင်းကောင်းအစိမ်းယိုကောက်တတ်သည်မို့

အား စားတော့ဝါးတော့မတတ်သောအကြည့်ဖြင့် စူးရဲစွာကြည့်လိုက်

"ဒါ မင်းအမေပစ္စည်းတွေဆိုပေမယ့် ငါ့ယောက်ျားပါပို

ပစ္စည်းတွေပဲ၊ ဒီတော့ ကိုယ့်လင်ယောက်ျားပိုင်တာကို ငါလည်း ပိုင်

ခွင့်ရှိတယ်၊ မင်း ဘာမှ အမိန့်ပေးစရာ မလိုဘူး"

ဒေါသကြောင့် ဆွေ့ဆွေ့ခုန်ကာ အော်ကြီးဟစ်ကျယ် ပြော

သော ဒေါ်ယုသဉ္ဇာကို ကဝိ လှည့်မကြည့်ဘဲ အနားမှထွက်လာခဲ့

သည်။

ထိုမီးခံသေတ္တာသော့ကို ဒယ်ဒီ့ဆီမှာ ထား၍ မလုံခြုံတော့

ကဝိ သဘောပေါက်လိုက်သည်မို့ ကဝိ ကိုယ်တိုင် ထိန်းသိမ်းထား





ကြောင်း ဒယ်ဒီ့ကို ခွင့်တောင်းရတော့မည်။

ရုပ်ချောတာနှင့် ငယ်ရွယ်တာကိုကြည့်ပြီး ဘဝလက်တွဲဖော်အဖြစ်

ရွေးယူခဲ့သော ဒေါ်ယုသဉ္ဇာဆီမှာ မရိုးသားသော လက္ခဏာတွေ ရှိနေ

သည်ဆိုတာကို ဒယ်ဒီ ဘာကြောင့် မမြင်နိုင်ရတာလဲ။

■ ■ ■

သင်တန်းခန်းမထဲ ဝင်လိုက်သည်နှင့် သင်တန်းသားတွေ၏

အကြည့်က ကဝိထံသို့ စုပြုံတိုးသိပ်၍ ရောက်လာကြသည်။

ကိုယ့်သိမ်ငယ်မှုနှင့်ကိုယ်မို့ အတန်းဖော်ဖြစ်လာမည့် သူငယ်

ချင်းသစ်တွေကို ရဲရဲပင် မကြည့်ဝံ့၍ လွတ်နေသည့်ရှေ့ဆုံးခုံမှာ ခပ်ရိုရို

ထိုင်လိုက်သည်။

ဒါရိုက်တာ ဦးကြည်စိုးထွန်း သင်ကြားနေချိန်မှာ ခွင့်တောင်း

ခွင့်ရမှန်းသိပေမယ့် ကိုယ့်အားနည်းချက်ကြောင့် မဂ်လာပါ ဆရာ

တော့ကို ဝင်ခွင့်ပြုပါဟူသော စကားကို စိတ်ထဲကပင် ပြောလိုက်မိ

"သားက ဘယ်သူ့သားလဲ"

ရုပ်ရှင်နယ်ပယ်အသိုင်းအဝိုင်းက သားသမီးတွေပဲ ဒီသင်တန်း

တက်ကြတာများ၍ ဘယ်သူ့သားလဲဟူသော မေးခွန်း၏အဓိပ္ပာယ်

ကို နားလည်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နွေးထွေးလွန်းသော ဆရာ့အမေးကို ဖြေဖို့ ကျောပိုးအိတ်ထဲမှ ... စာအုပ်နှင့်ဘောပင်ကို ကပျာကယာထုတ်လိုက်သည်။

ကျွန်တော်ဟာ ဦးအောင်မြင့်ဘို၏သားပါ။ ဒယ်ဒီဟာ ဆောက် လုပ်ရေးကန်ထရိုက်ပါ၊ ကျွန်တော့်နာမည် ဘယ်သူပါဟု ခပ်သော့သော့ လက်ရေးကိုရေးချပြီး ဆရာကြီးကို တရိုတသေ ကမ်းပေးလိုက်သည်။

ဆရာကြီးထံမှ ဖဝေဖဝါဖြစ်သွားသော အရိပ်တချို့နှင့်အတူ ... ကြည့်လာပြီး ကဝိ တရိုတသေ လှမ်းပေးသောစာအုပ်ကို ယူ၍ ဖတ်လိုက် သည်။

စာတန်းတွေဖတ်ပြီးသည်နှင့် ဆရာကြီးမျက်နှာပေါ်မှ ကရုဏာ ... ရိပ်လွှမ်းသွားပြီး

"သားက စကားမပြောနိုင်ဘူးလား"

ဆရာကြီးအမေးကို တရိုတသေ ခေါင်းညိတ်အဖြေပေးလိုက် သည်။

ဆရာကြီးခေါင်းတညိတ်ညိတ်လုပ်ရင်း ကဝိ ရှေ့သို့ စာအုပ်ကို ပြန်ချပေးသည်။

"အေးလေ အနုပညာတစ်ခု ဖန်တီးဖို့အတွက် စကားမပြော ... တတ်ရုံနဲ့ လုပ်ပိုင်ခွင့်တွေ မဆုံးရှုံးနိုင်ပါဘူး။ အဓိကက သားရင်ထဲမှာ ဖန်တီးတင်ဆက်နိုင်တဲ့ အနုပညာစိတ်အပြည့်အဝရှိနေဖို့ပဲ၊ ဆရာကြီး ...





... ခင်းကို ကြိုဆိုပါတယ်၊ ကြိုးစားပါ သား။ ဒီအခန်းဟာ စာသင်ခန်းဆိုတာ ... ဆက် အနုပညာဘာသာရပ်ကို အပြန်အလှန်ဆွေးနွေးကြတဲ့ မိတင်ခန်းလို့ ... ည်း မှတ်ယူလို့ရပါတယ်"

ကရုဏာရိပ်လွှမ်းနေသည့် ဆရာကြီး၏အဖိုးမဖြတ်နိုင်သော ... ကားတွေကို မထင်မှတ်ဘဲ ကြားလိုက်ရ၍ ကဝိရင်ထဲ ဝမ်းသာသွား ... ည်မှာ ပြောဖွယ်ရာ မရှိတော့။

ထို့ကြောင့် ဆရာကြီး၏နွေးထွေးသော ကြိုဆိုမှုကို ခေါင်းငုံ့ ... ညွှတ်လိုက်သည်။ သင်တန်းသားအားလုံး၏အကြည့်တို့သည်လည်း ... ကရုဏာသက်သောအကြည့်တွေဖြင့် ကဝိကို တုန့်ပြန်ကြသည်။

"ကဲ ကဲ ဒီနေ့ လက်ချာလေးတွေ ပြန်စကြရအောင်"

အေးစိမ့်သော အဲကွန်းအရသာနှင့်အတူ ဆရာကြီး၏အင်အား ... ပြည့်ပါသော သင်ကြားမှုများသည် ကဝိ၏စိတ်ဓာတ်တွေကို ပို၍ ခွန် ... အားတိုးစေခဲ့သည်။

လူတစ်ယောက်အနုပညာတစ်ရပ် ဖန်တီးနိုင်ဖို့ အနုပညာစိတ် ... ဟာ အဓိကပဲမဟုတ်လား။

နောက်ပြီး ရှုဆွဲပ်စွာဖန်တီးလို့မှ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ဟော့ ဟော့"

စာသင်ချိန်ပြီးသည်နှင့် ဆရာကြီးကို အရိုအသေပေး နှုတ်ဆက်ပြီး စာသင်ခန်းထဲမှ ထွက်ခဲ့လိုက်သည်။ ကိုယ့်အားနည်းချက်ကြောင့် သူငယ်ချင်းများများစားစား မရှိသော ကဝိသည် အတန်းဖော်များနှင့် မိတ်ဆက်ရကောင်းမှန်း မသိ။

မှတ်မှတ်ထင်ထင် ရှိနေသော အသံကြည်ကြည်ကြောင့် လှည့်ကြည့်လိုက်သည်။

ထူးခြားစွာပြင်ဆင်ခြယ်သထားခြင်းမရှိဘဲနှင့် မြင်လိုက်တာနှင့် ထင်းခနဲလှသော မိန်းကလေးကို သိမ်ငယ်စွာပြုံးပြလိုက်သည်။

မိန်းမလှလေးရှေ့မှာ ကိုယ်ဟာ အ,အတစ်ယောက်အဖြစ် တစ်





မိနစ်တစ်စက္ကန့်လေးတောင် မနေချင်။

"ရှင့်နာမည် ဘယ်သူလဲ၊ တို့နာမည်က ဂန္ဓာရုံ"

သူ့ကိုယ်သူ ဂန္ဓာရုံဟု လာ၍ မိတ်ဆက်သော မိန်းကလေးတစ်ယောက်၏စေတနာမိတ်ဖွဲ့မှုကို ကဝိ မသာယာချင်ပါ။ ကိုယ်ဟာ သူ့ရှေ့မှာ လျှောင်ပြောင်ရယ်မောစရာ အားနည်းချက်တွေနှင့်မို့ ရဲရဲဝံ့ဝံ့ ရင်မဆိုင်ချင်။ ထို့ကြောင့် ခင်မင်မှုကို မသိကျိုးကျွံပြုဟန်ဖြင့် လှည့်ထွက်ခဲ့သည်။

ဂန္ဓာရုံ မဲ့ခနဲ တစ်ချက်ပြုံးလိုက်ပြီး

"ရှင်က မာနကြီးတာလား"

ထိုစကားကြောင့် လှမ်းနေသော ခြေလှမ်းအချို့ တုန့်ခနဲ ရပ်သွားသည်။

စကားမပြောတတ်သော အ,အတစ်ယောက်ကို နာမည်မေးသော သူကရော အသိဉာဏ်မဲ့တာမဟုတ်ဘူးလား။

"သူ့နာမည် ကဝိလို့ ခေါ်တယ် ရုံရုံရ"

ကိုယ့်ကိုယ်စား ဖြေပေးသောသူကို ဂန္ဓာရုံ လှည့်ကြည့်ပြီး ချိုမချဉ်အပြုံးဖြင့်ကြည့်ပြီး

"ရှင်က ဘယ်လိုသိလဲ၊ သူနဲ့အရင်ကတည်းက သိတာလား"

"ငါ့ဘေးမှာထိုင်တာလေ၊ ဆရာကြီးကို စာရေးပြီး သူ့နာမည်ကို ပြတုန်းက မြင်လိုက်တာ၊ နင် သူ့ကို နာမည်သွားမေးတော့ သူ



www.burmeseclassic.com

www.burmeseclassic.com



[illegible] သူမှ စကားပြောတတ်တာ"

[illegible]ဖြစ်ပေမယ့် ရင်မှာ ဆစ်ခနဲ ဖြစ်သွားသည်။

"body language နဲ့ ဖြေပေါ့ ထိုက်သုရဲ့"

"နင် နားလည်လို့လား"

ထိုက်သုအမေးကြောင့် ဂန္ဓာရုံ ပေါ့ပေါ့ပါးပါး ရယ်သည်။ သူ ရယ်လိုက်သောကြောင့် ဖြူဖွေးညီညာသော သွားတန်းလေးတွေကို သတိထားကြည့်လိုက်သည်။

အပြုံးတို့သည် ထိုသွားတန်းဖြူဖြူလေးတွေနှင့် လိုက်ဖက်လွန်းသည်။ တကယ့်ကို ဂန္ထဝင်ဆန်သော အပြုံးမျိုးဖြစ်သည်။

"တို့အစ်မဝမ်းကွဲက သူ့လိုပဲ တေမိလေးလေ၊ ဆွံ့အနားမကြားကျောင်းမှာ တက်ခဲ့ဖူးတယ်၊ ဒါကြောင့် သူ့ရဲ့စကားပြောသင်္ကေတကို တို့ နားလည်တယ်"

ဂန္ဓာရုံ စကားကြောင့် မှုန်ကြုပ်ခြင်းတွေ အနည်းငယ်ပြေလျော့သွားသလို ခံစားလိုက်ရသည်။ သူ့မှာလည်း ကိုယ့်လို အားနည်းချက်ရှိသော သူနှင့်သွေးသားတော်စပ်နေသူပဲ။

ဒီတော့မှ ကဝိ ရင်ထဲ သူ့ကို မိတ်ဆွေဖွဲ့ဖို့ ကိုယ့်ကိုကိုယ် ယုံကြည်မှုရှိသွားသလို ခံစားလိုက်ရသည်။

"ရော့"





ကျောပိုးအိတ်ထဲမှ စာအုပ်လေးတစ်အုပ်ယူတိကာ ကဝိကို လှမ်းပေးသည်။

"ဒါ တို့သူငယ်ချင်းတွေ ဖန်တီးထားတဲ့ ကဗျာစာအုပ်၊ ရှင့်ကို လက်ဆောင်ပေးတာ"

ကျေးဇူးတင်သောအကြည့်ဖြင့် ပြန်ကြည့်ကာ ကဗျာစာအုပ်ကို လှမ်းယူလိုက်သည်။

"ရှင် fb သုံးလား"

ကဝိ ခေါင်းညိတ်လိုက်သည်။

"ငါလည်း သုံးတယ်လေ"

ဘလိုင်းကြီး ဝင်ရောနေသော ထိုက်သု၏ပြိတ်တိမျက်နှာကို ဂန္ဓာရုံ မနှစ်မြို့မိသော်လည်း စတိတ်ကျောင်းကတည်းက အတူတူတက်ခဲ့ကြသူမို့ အလိုက်အထိုက်နေဖို့လောက်တော့ ဂန္ဓာရုံမှာ ဆန္ဒရှိသည်။

"အင်းလေ နောက်ကြုံတော့ account ကိုပေးပေါ့၊ ခုလောလောဆယ်တော့ ကဝိ အကောင့်ကိုပေးပါလား တို့ add လုပ်လိုက်မယ်လေ"

မငြင်းသာသည့်အဆုံး ကျောပိုးအိတ်ထဲမှ note စာအုပ်နှင့် ဘောပင်ထုတ်ကာ facebook account ကို ရေးပေးလိုက်သည်။

ဂန္ဓာရုံ သူ့ဖုန်းထဲသို့ ကဝိ ရေးပေးသော account ကို ရေး



www.burmeseclassic.com

www.burmeseclassic.com



ဆက်လိုက်သည်။

"အဲဒါကော ဒါဆိုရင် အွန်လိုင်းပေါ်မှာ တွေ့မယ် တာ့တာ"

သူလိုချင်တာ ရသွား၍ ကျေနပ်သွားသည့်အပြုံးမျိုးဖြင့် တာ့တာပြကာ ကဝိနှင့်ထိုက်သုရှေ့မှ ပေါ့ပေါ့ပါးပါးဟန်ဖြင့် လှည့်ထွက်သွားသည်။

ထိုက်သုမှာ ဂန္ဓာရုံ၏နောက်ကျောကို ကြည့်ကာ

"ဟွန်း သူ့ခင်မင်ခွင့်ရဖို့ ငါတောင် အ,လိုက်ချင်သေး"

မကြားတကြားပြောပြီး လှည့်ထွက်သွားသော ထိုက်သုကိုကြည့်ပြီး ကဝိ ပြုံးလိုက်သည်။

ဘာပဲဖြစ်ဖြစ် ဒီနေ့ သူငယ်ချင်းအသစ်တွေ မထင်မှတ်ဘဲ ရခဲ့၍ စိတ်ထဲမှာပျော်သလိုလိုတော့ ရှိသွားသည်။

■ ■ ■



အခန်း (၄)

စာကြည့်ခန်းတံခါးကို ခပ်ဟဟဖွင့်ကြည့်တော့ စာကြည့်ခန်းထဲတွင် ဒယ်ဒီ ရှိနေသည်။

"ဟော့ မင်းဘာချောင်းနေတာလဲ"

ပခုံးကို ဆတ်ခနဲလာပုတ်၍ မေးသော အမေးကြောင့် ကဝိ လှည့်ကြည့်လိုက်သည်။ မချိမချဉ်မျက်နှာဖြင့် မေးလာသော အမေးကြောင့် မနှစ်မြို့သောအကြည့်ဖြင့်ကြည့်ပြီး ခွန်းသစ်ရှေ့မှ ထွက်လာခဲ့သည်။

"ဟော့ကောင် အ,အ မင်းက ဘာကောင်မို့ ငါမေးတာကို အရေးမလုပ်ရတာလဲ"

လှေကားရင်းအထိ လိုက်လာပြီး ရင့်သီးစွာ ငိုစနေသည်မို့



www.burmeseclassic.com

www.burmeseclassic.com



[illegible] ဆုပ်လိုက်သည်။

[illegible] ကိုယ်ဟာ ထိပ်ပုတ်ခေါင်းပုတ် စနောက်စရာ [illegible] ဖြစ်နေလို့ ခုလို တစ်မျိုးပြီးတစ်မျိုး မရိုးနိုင်လောက် [illegible] နေတာများလား။

အမှန်ဆို ပိထွေးပါ သားနှင့် ကဝိ ပြဿနာမဖြစ်ချင်ပါ။ သူတို့သားအမိသည် ကဝိအပေါ်မှာ စိတ်ထားမမှန်ဘူးဆိုတာ ကဝိ ကောင်းကောင်းသဘောပေါက်သည်။

ထို့ကြောင့်လည်း တစ်အိမ်တည်း အတူနေပေမယ့် ကဝိရော ရောထွေးထွေးမနေ။ တစ်သီးတစ်သန့်နေတာများသည်။ အင်မတန်လည် လွန်းသော ဒေါ်ယုသဏ္ဍာကိုလည်း ကဝိ မနှစ်မြို့။

ဓနီးငယ်ငယ်လေးယူပြီး ကိုယ့်သားအရင်းအပေါ်တောင် ယုံကြည်မှုမရှိတော့သော ဒယ်ဒီ့စိတ်ကြီးကိုလည်း ကဝိ ကြောက်လာသည်။

ထိုသို့ ဂူကယ်ရာမဲ့ခဲ့သည့်အချိန်တိုင်း မျက်ရည်ကျ ပူဆွေးတမ်းတမိသည်က မာမီ့ကိုပင် ဖြစ်သည်။

"မင်းရဲ့ Laptop ငါ့ကို ခဏပေးသုံး"

ခွန်းသစ်ထံမှ တောင်းဆိုမှုကြောင့် ကဝိ ခန္ဓာကိုယ် ဆတ်ခနဲ မတ်သွားပြီး ခပ်စိမ်းစိမ်း ကြည့်လိုက်သည်။

ဒါတော့ လွန်လွန်းသွားပြီမို့ ခေါင်းခါပြလိုက်သည်။





"အောင်မာ သောက်ကြီးသောက်ကျယ် ဒယ်ဒီက မင်းညီဆီက ခဏယူသုံးလို့ ပြောလိုက်လို့ ဒယ်ဒီ့အမိန့်နဲ့ လာတောင်းတာနော်။ ဓါ တစ်ပတ်လောက်ပဲ ယူသုံးမှာ၊ ငါ့ Laptop ပျက်နေလို့"

ကဝိ ဒုတိယအကြိမ် ထပ်ပြီး ခါးခါးသီးသီး ခေါင်းခါပြလိုက်သည်။

ခွန်းသစ်၏လက်တစ်ဖက်က ကဝိ၏အကျီရင်ဘတ်စကို ဆုပ်ကိုင်လိုက်သည်။

"မင်း ငါ့ကို စိန်ခေါ်နေတာလား ကဝိ၊ ငါ ဒေါသမဖြစ်ချင်ဘူးနော်၊ ငါ စိတ်ကောင်းဝင်တုန်း ပါးစပ်က ယဉ်ယဉ်ကျေးကျေးတောင်းနေတာ"

လက်သီးတရွယ်ရွယ်နှင့် ကြိမ်းဝါးနေသော ခွန်းသစ်၏အနိုင်ကျင့်မှုတွေကို ကဝိ ဆက်ပြီး သည်းမခံနိုင်တော့။

"ခွပ်"

"အ"

"ဟင် မင်း မင်းက ငါ့ကိုထိုးတယ် ဟုတ်လား"

ကဝိ၏လက်သီးချက်ကြောင့် ခွန်းသစ် နောက်ကို ယိုင်သွားပြီး တအံ့တသြ ဖြစ်သွားသည်။

"ဟဲ့ ဟဲ့ အမလေး ဒါ ဘယ်လိုဖြစ်ကြတာလဲ ဟမ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ယုသဉ္ဇာအခန်းထဲမှ ရင်ဘတ်စည်တီး ပြေးထွက်လာသည်။

“မာမီ ဒီငအ သားကိုထိုးတယ်၊ သား မကျေနပ်ဘူး ဒီကောင့်ကို သတ်မယ်”

“အို သား မလုပ်နဲ့၊ ကိုယ့်ညီလေးပဲ သားရယ်၊ သည်းခံလိုက်ပါ”

ခွန်းသစ်အား ဖျောင်းဖျနေသောအသံကို ဒေါ်ယုသဉ္ဇာ တမင်မြှင့်၍ ပြောလိုက်သည်။ ဒါမှ ဦးအောင်မြင်ကြားပြီး သူ့အလိုလို အခန်းထဲက ထွက်လာလိမ့်မည်။

“သား သူ့ဆီက Laptop လေး ငှားတာကို သူထိုးစရာ ဘာအကြောင်းမှ မရှိဘူး၊ ဒီကောင် သည်းခံမှန်းသိလို့ တဖြည်းဖြည်းနဲ့ လူပါးဝလာပြီ မာမီ”

“သားရယ် သည်းခံလိုက်ပါ မာမီတို့က သူ့အိမ်မှာ လိုက်နေရတာဆိုတော့ သူ့ကိုအလျှော့ပေးဆက်ဆံရမှာက သားရဲ့အပိုင်းပဲ ကွယ်”

ရင်ထဲမှာတော့ ကဝိကို အမုန်းကြိတ်ပစ်ချင်နေတာပါ။

ဦးအောင်မြင် စာကြည့်ခန်းထဲက ထွက်လာသည်။

“ယု ဘာဖြစ်နေကြတာလဲ”

ဦးအောင်မြင် အခန်းထဲမှ ထွက်လာတော့ ဒေါ်ယုသဉ္ဇာ





ထင်းနေသော မျက်နှာကြောမှာ ချက်ချင်းပြေလျော့ကာ

“ကိုရေ ဟောဒီမှာ ညီအစ်ကိုနှစ်ယောက် ရန်ဖြစ်နေကြတယ် တွယ်”

“သူ သားကိုထိုးတယ် ဒယ်ဒီ”

ခွန်းသစ် အရင်ဦးအောင် တိုင်လိုက်သည်။

“ဟုတ်လား သား”

ကဝိ ခေါင်းလည်းမညိတ် ခေါင်းလည်းမခါ နေရာမှာတင် တွေတွေကြီး ရပ်နေသည်။

“သား သူ့ဆီက Laptop ငှားတာကို သူ ထိုးတာ”

“သား မင်းတော်တော်ဆိုးနေပါလား ကဝိ၊ ဒါ မင်းထက် အသက်နှစ်နှစ်ကြီးတယ်ကွ၊ မင်း တော်တော်ရိုင်းစိုင်းနေပါလား ဟော့ကောင် ဟမ်၊ ငါ မင်းကို ဒီအရွယ်အထိ ဆုံးမသွန်သင်ခဲ့တာ မင်းခုလို စိတ်ထင်တိုင်း ရမ်းကားဖို့မဟုတ်ဘူးကွ”

ကဝိ အံကိုခပ်တင်းတင်းကြိတ်ကာ ခေါင်းကို ငုံ့ချလိုက်သည်။

ဒယ်ဒီကပါ သူတို့သားအမိဘက်က ရပ်တည်နေမှတော့ ကဝိ ဒယ်ဒီ့ကို ဘာမှရှင်းပြမနေတော့။

လှည့်ထွက်ဖို့ ခြေလှမ်းပြင်လိုက်သည်။

“ဟော့ကောင် မင်းကိုငါ ဆုံးမနေတယ်၊ ငါ့ရှေ့က ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



ဖို့ ခြေလှမ်းမပြင်နဲ့''

ဟန့်တားလိုက်သော ဒယ်ဒီ့အသံတွေ ဒေါသကြောင့် ခါတိုင်းထက် ပို၍ ကျယ်လောင်နေသည်။

''ကို ဆူမနေပါနဲ့တော့ကွယ် သားကလည်း ကိုယ့်ညီလေးမို့ သည်းခံလိုက်ပါနော်၊ ဘာမဟုတ်တဲ့ကိစ္စလေး ပြဿနာကြီးအောင်လုပ် မနေပါနဲ့တော့''

''မရဘူး ယု၊ ဒီကောင်ကို မဆုံးမရင် ဒီကောင် ပိုပြီးဆိုးလာတော့မှာ၊ သူ့အမေရှိစဉ်တုန်းက အလိုလိုက်ခဲ့လို့ ခုချိန်ထိကို ဆိုးနေတုန်း''

မာမီ့အကြောင်းပါလာ၍ ကဝိ ဒယ်ဒီ့ကို ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။ စိတ်နာလိုက်တာ ကိုယ့်သားဘက်က ရပ်တည်ဖို့ဝေးအွ သေသွားခဲ့တဲ့ မာမီ့ကိုပါ အပြစ်ဖို့နေသော ဒယ်ဒီ တဆိတ်တော့ လွန်လွန်းလာပြီ။

''ဝူး ဝါး ဝရှုး ဝရှူး''

''ဒုန်း ဒုန်း ဒုန်း''

ဒေါသထွက်လွန်း၍ ကဝိ အသံကုန်ဟစ်၍ အော်လိုက်သည်။ နံရံကို တဘုန်းဘုန်းထုရိုက်လိုက်သည်။

''ဟေ့ကောင် ဒါ ဘာလုပ်တာလဲ ငါ့ကို အာခံတာလား ဟမ်''

''ခွပ်''





''မလုပ်ပါနဲ့ ကို၊ သားငယ်ကို မလုပ်ပါနဲ့''

ဒေါ်ယုသဇ္ဇာ ဝင်မဆွဲလျှင်မကောင်း၍သာ ဝင်ဆွဲရသည်။ စိတ်ထဲမှာတော့ ဒီလို အရိုင်းအစိုင်းကောင်ကို သေအောင်ထိုးဟု စိတ်ထဲက ပြောနေမိသည်။ ခွန်းသစ်လည်း စိတ်ထဲမှာ တော်တော်လေး အားရနေသည်။

''မဆွဲနဲ့ ယု၊ ကိုယ့်သားမှာ ဒီလို ကြမ်းတမ်းတဲ့အမူအကျင့်ရှိနေတာကို လက်မခံနိုင်ဘူး၊ အဲဒီ ဖွဲ့မျိုးကို ကိုယ်ရအောင် ချုတ်မှကိုဖြစ်မှာ''

''ကဝိ မင်း မိဘကို အာခံတာမဟုတ်လား၊ မင်းမှာအားကိုးနေပြီလား၊ ငါ့အရိပ်အောက်ကထွက်ပြီး မင်းတစ်ယောက်ထဲ ရပ်တည်လို့ရနေပြီမို့ ခုလို အချိုးတွေ လုပ်နေတာလား ဟမ်''

''တော်ပါ တော်ပါတော့ ကိုရယ် ယု တောင်းပန်ပါတယ်၊ သားငယ် သွား သွား အခန်းထဲကိုသွားတော့''

ဒေါသဖြစ်နေသော ဦးအောင်မြင်ကိုဆွဲပြီး ကဝိကို ရှောင်နေဖို့ အန်ဆောင်ပြောလိုက်သော ဒေါ်ယုသဇ္ဇာ၏မိတ္တေးစိတ်ကင်းမဲ့နေသော စိတ်ဓာတ်ကို ဦးအောင်မြင် အသိအမှတ်မပြုဘဲ မနေနိုင်။

''ယုတို့ ဒီကောင့်ကို အလိုမလိုက်နဲ့''

''အင်းပါ ကိုရယ် သားငယ်က လိမ္မာပါတယ်''

ကဝိ မဲ့လိုက်သည်။ မိတ္တေးပီပီ ဒယ်ဒီကွယ်လျှင်သာစ်မျိုး ဒယ်ဒီ



www.burmeseclassic.com

www.burmeseclassic.com



ရွှေမှာတစ်မျိုး တတ်လည်းတတ်နိုင်သော ဒီသားအမိကို ကဝိ မုန်းလို...
တာမှ ပြောဖွယ်ရာမရှိတော့။

ထို့ကြောင့် စည်းလုံးလွန်းနေသော ဒယ်ဒီနှင့်ဒေါ်ယုသဥ္စာ...
ကျောခိုင်းထွက်ခဲ့လိုက်သည်။

ခွန်းသစ်ဘေးမှ ဖြတ်လာခိုက် ခွန်းသစ်ထံမှ ခနဲ့သော ရယ်...
ကို ကြားလိုက်သည်မို့ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်...

ဒီအားနည်းချက်တွေက ကဝိကို ဘယ်အချိန်ကာလအထိ ...
ငယ်ဝမ်းနည်းမှုတွေကို ဖြစ်ပေါ်စေဦးမှာလဲ။

ကဝိ ဝမ်းနည်းလိုက်တာ။

■ ■ ■



## အခန်း (၃)

"ဟော့ ရှင့်မျက်နှာက ဘာဖြစ်တာလဲ"

ညှိနေသော မေးရိုးနေရာကို ကြည့်ရင်း မေးလာသော ဂန္ဓာရဲ့ အမေးကြောင့် ကဝိ ရှက်ရွံ့သောမျက်နှာဖြင့် ခေါင်းငုံ့လိုက်သည်။

"ရှင် ရန်ဖြစ်ထားလို့လား"

ခေါင်းခါပြလိုက်သည်။

"ဘာလဲ ချော်လဲတာလား"

ထပ်ပြီး ခေါင်းခါပြလိုက်သည်။

ဂန္ဓာရဲ့ ခပ်တွေတွေစဉ်းစားရင်း

"ဩော် မဟုတ်မှလွဲရော ရှင့်ကို ရှင့်မိဘရိုက်ထားတာလား"



www.burmeseclassic.com

www.burmeseclassic.com



ကဝိ ခေါင်းညိတ်လိုက်သည်။ ဂန္ဓာရုံ မျက်နှာလေး မသိမသာ ညှိုးသွားခဲ့သည်။

"ဟင် ရှင့်မိဘကလည်း ကိုယ့်သားသမီးကို အဲလောက်တောင် ချစ်ကြရလား၊ ရုံရုံတို့မိဘတွေကလေ ရုံရုံကို လုံးဝမရိုက်ဘူး။ ရုံရုံ့မေမေဆို ရုံရုံကိုအရမ်းချစ်တယ်၊ ရုံရုံ့ဖေဖေကဆိုရင်လေ ရုံရုံဘာပဲလုပ်ချင်လုပ်ချင် အရာအားလုံးကို ဖြည့်ဆည်းပေးတယ်"

မိဘချင်းယှဉ်ပြီး ပြောနေသော ဂန္ဓာရုံမှာ ကဝိ နာကျင်ရသည့်အတွက် မနစ်မြို့သည့်ပုံ ပေါက်နေ၏။

စာသင်ခန်းထဲမှာ ဘယ်သူမှ မရောက်သေးသည့်အတွက် ဂန္ဓာရုံနှင့်ကဝိ ရင်းနှီးဖို့အချိန် လုံလောက်နေသည်။ ကဝိ ရင်ထဲမှာ ဂန္ဓာရုံကို ခင်မင်ရင်းနှီးလိုစိတ်တွေ ဖြစ်ပေါ်လာသည်။

ရင်ထဲမှာတင်းကြပ်နေတာတွေကို ရင်ဖွင့်ချင်သည်။ အနည်းငယ်သော စိတ်လက်ပေါ့ပါးသွားခဲ့မယ်ဆိုရင်ပေါ့။

ထိုက်သု ဝင်လာသည်။

"ဟိုင်း မင်္ဂလာပါ အစောကြီးရောက်ပြီး ဘာတွေပြောနေကြတာလဲ"

ထိုက်သု ပြောပြီးမှ တစ်စုံတစ်ခုကို သတိရသွားကာ

"ဩော် ဆောရီး ကဝိ သူငယ်ချင်းကို massage ပို့ဖို့ မေ့နေတာ"

ဂန္ဓာရုံ ထိုက်သုကို မသိမသာ မျက်စောင်းထိုးလိုက်ပြီး နဖူးပေါ်ဝဲကျနေသော ဆံစအချို့ကို ပင့်တင်ပြီး ကျောပိုးအိတ်ထဲမှ ဖုန်းကို ထုတ်လိုက်သည်။

ထိုက်သုနှင့်တော့ စကားဝိုင်းတစ်ခုကို မဖန်တီးလိုတော့။ ထို့ကြောင့် fb သုံးနေလိုက်သည်။

သုံးနေရင်းမှ

"ကဝိ ရှင့် account ရှာတွေ့လို့ ညက add ထားတယ်နော်"

ကဝိ ခေါင်းညိတ်လိုက်သည်။ ထိုက်သု ဂန္ဓာရုံကို ဝင်ရောချင်နေသူရဲ့ စကားပြောစရာအကြောင်းရှိသွားကာ

"ရုံရုံ သူ့ဆီကပဲ account တောင်းနေတယ်၊ ကိုယ့် account ကိုလည်း မှတ်ထားဦး၊ ဒါမှမဟုတ် ရုံရုံရဲ့ account ကို ပေးပါလား၊ ကိုယ် add လိုက်မယ်လေ"

"ဟင့်အင်း ရုံရုံက လူတိုင်းနဲ့ သူငယ်ချင်း မဖြစ်ချင်ဘူး ဆောရီးပဲ"

ကဝိအပေါ်မှာ လိုက်လျောမှုတွေရှိသလောက် ထိုက်သုအပေါ်မှာ မတူသလို မတန်သလို လုပ်နေသော ဂန္ဓာရုံကိုကြည့်ပြီး ထိုက်သု စိတ်ထဲတင်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ပြိုင်နက်တည်းမှာပင် ကဝိအပေါ်မှာ မနှာလိုစိတ်တွေ ဖြစ်သွားသည်။

ဒီ အ,အက ထိုက်သုထက် ဘာများသာတာရှိနေလို့လဲ။

တစ်ဖက်လှည့်ကာ အံကိုခပ်တင်းတင်း ကြိတ်လိုက်သည်။

မာန်တက်နေသည့် ဂန္ဓာရုံ တစ်နေ့ မင်းငါ့အကြောင်း သိစေရမယ်။

■ ■ ■

"သမီးရေ ရုံလေး ဖုန်းလာနေတယ်လေ၊ ဒီကလေး ဖုန်းတခြားလူတခြားနဲ့ ခြံထဲဆင်းပြီး ဘာလုပ်နေလဲ"

ဆရာကြီးရွှေဥဒေါင်း၏ရတနာပုံစာအုပ်ကို ဖတ်နေသော ရုံလေး မိခင်၏ခေါ်သံကြောင့် အသံလှမ်းပြုလိုက်သည်။

"ခြံထဲမှာ စာဖတ်နေတယ် မေမေ"

မိခင် အနားရောက်လာသည်။

"ရော့"

မြည်နေသော ဖုန်းကိုလှမ်းပေးပြီး ဂန္ဓာရုံအမေ အနားမှထွက်သွားသည်။ ဂန္ဓာရုံ ဖုန်းလှမ်းယူကာ ဘယ်သူလဲဆိုတာ ကြည့်လိုက်သည်။ နံပါတ်က အစိမ်းဖြစ်နေသည်။

"ဟဲလို ဘယ်သူလဲ"





"ထိုက်သုလေ"

"ဟင် ရှင် ဒီဖုန်းနံပါတ် ဘယ်လိုရလဲ"

"ကဝိဆီကပေါ့"

"ဘာ ကဝိဆီက ဟုတ်လား"

ကိုယ်နှင့်မဆိုင်ဘဲ ဘာကြောင့်ပေးလိုက်ရတာလဲဟူသော မကျေမနပ်စိတ်တွေက ကဝိပေါ် ပုံကျသွားသည်။

"ကဲ ပြော ဘာကိစ္စလဲ"

"ကိစ္စတော့ မရှိပါဘူး၊ အသံလေး ကြားချင်လို့"

"ငါ့မှာ နင်နဲ့ဖုန်းပြောဖို့ အချိန်မရှိဘူး ထိုက်သု၊ ဆရာကြီး ပြောတဲ့ ရတနာပုံဝတ္ထုဖတ်နေတယ်၊ မနက်ဖြန်သင်တန်းမှာ pitching ပြောရမှာ"

"သိပါတယ် ငါ့ကိုတော့ လူမော်စာအုပ်ဖတ်ခိုင်းထားတယ်ဟာ၊ အဲဒါ ငါဘယ်လိုပြောရမလဲ စဉ်းစားရင်းနဲ့ ကဝိလည်း ဘယ်လိုပြောမလဲ ဆိုတာ သိချင်လို့ ရုံ့ရုံ့ဆီဖုန်းဆက်လိုက်တာ ဟဲ ဟဲ ဟဲ"

"နင် ဦးနှောက်မရှိဘူးလား၊ သူတစ်ပါးအားနည်းချက်ကို အကြောင်းမရှိအကြောင်းရှာပြီး ပြောနေမယ့်အစား ကိုယ့်ဖြတ်ထိုးဉာဏ်ကိုသုံးပြီး pitching ပြောနိုင်အောင်ပဲ ကြိုးစားစမ်းပါ"

စကားတွေထပ်ရှည်နေရဦးမည်စိုး၍ ဖုန်းချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကဝိ တော်တော်ရှည်တယ် တွေ့မယ့် မနက်ဖြန်ကျရင် ကောင်းကောင်းကို ပြောပစ်မယ်'ဟု ဂန္ဓာရုံ တေးမှတ်ထားလိုက်သည်။

■ ■ ■



## အခန်း (၆)

"ဟာ ခွန်းသစ်"

"ထိုက်သု သူငယ်ချင်း မတွေ့တာကြာပြီပဲ"

ကျောင်းနေဖက်သူငယ်ချင်းများမို့ ဘီယာဘားမှာတွေ့တွေ့ချင်း ဘာအုံ့တညြ နှုတ်ဆက်လိုက်ကြသည်။

"အေးကွာ မင်းကိုငါအမြဲ သတိရနေတာ၊ မင်းက တကယ်ကို နေနိုင်တဲ့ကောင်၊ ငါ့ဆီကို အဆက်အသွယ်ကို မလုပ်ဘူး"

"ငါ့မားသားကြီးက နောက်ဖယားချိတ်လိုက်တော့ ငါလည်း ညစ်လုံးလုံးပြီး ဘယ်သူငယ်ချင်းနဲ့မှ အဆက်အသွယ်မလုပ်ဖြစ်တော့တာကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ ခုတော့ မင်းနဲ့ငါ ရေစက်မကုန်သေးဘူးဆိုတာ ခုလက်တွေ့မဟုတ်လား။ ဒီတစ်ခါတော့ ငါ့ကိုအဆက်အသွယ် မဖြတ်နဲ့တော့နော်"

အပေါင်းအသင်းမင်သော ထိုက်သုမှာ ခွန်းသစ်ကို ပြန်တွေ့လိုက်ရ၍ တော်တော်လေး ဝမ်းသာနေပုံရသည်။

"အေးပါကွာ ကဲ ဒီနေ့တော့ ငါတစ်ယောက်ထဲ အဖော်မဲ့တော့ဘူး။ မင်းနဲ့အတူတူ မမူးမချင်းကို သောက်ပစ်မယ်ကွာ ဘယ့်နှယ်လဲ"

"အိုကေ သူငယ်ချင်း ဒီနေ့ လွှတ်ပြီး ကဲကြတာပေါ့"

သူငယ်ချင်းနှစ်ယောက် တစ်ယောက်ပခုံးတစ်ယောက်ဖက်ကာ ဘားရှေ့မှ ထိုင်ခုံတွေမှာ ဝင်ထိုင်လိုက်ကြသည်။

ဘားတာဝန်ခံကို ဘီယာလှမ်းမှာလိုက်သည်။

"ဒီနေ့ ငါတို့သူငယ်ချင်းနှစ်ယောက် ပြန်ဆုံတဲ့အထိမ်းအမှတ်နဲ့ မမူးမချင်း မပြန်ဘူးနော်။ ခွန်းသစ် ဘယ်လိုလဲ မင်းအိမ်ကို မင်းပိုင်လား"

ထိုက်သုအမေးကြောင့် ခွန်းသစ် ဟက်ခနဲ ရယ်ကာ မှေးကျဉ်းသော မျက်လုံးဖြင့် ထိုက်သုကို ကြည့်ကာ

"အိမ်မပိုင်ရင် ဂေါ်လီမလုပ်ဘူး ဟေ့ကောင်၊ ငါ့ရဲ့ဒယ်ဒီလက်သစ်ကြီးက ငါ့ကို သူ့သားတစ်ယောက်လို ဥထားတာကွ၊ ငါ့မာမီရဲ့အလှတရားတွေမှာ မူးယစ်ရီဝေနေတော့ ငါ့ကိုပါ လက်ညှိုးညွှန်ရာရေဖြစ်စေရ





မယ်ဆိုတဲ့ ပထွေးအစားထဲက"

"ဝါး မိုက်တာပေါ့ ဒါဆိုရင် ဒီည အရမ်းမူးပြီးအိမ်မပြန်နိုင်ရင် ငါမင်းအိမ်မှာ လိုက်ကျိုးမယ်ကွာ ဘယ်လိုလဲ"

ဗိတ်တာ လာငှဲ့ပေးသော ဘီယာခွက်တွေကို ပြိုင်တူလှမ်းယူကာ ဖန်ခွက်ချင်းတော့ပြီး ကမ်းပေ့လုပ်လိုက်ကြပြီး

"မင်းသာ တစ်ကယ်အိပ်မယ်ဆိုရင်လေ မူးပြီးအိမ်မပြန်နိုင်တဲ့နေ့မှမဟုတ်ဘူး နေ့တိုင်းလာအိပ်လို့ရတယ် ရှင်းလား ထိုက်သု ခွန်းသစ်ပါကွ ဟား ဟား ခေသူမှမဟုတ်ဘဲ"

"ဟား ဟား ဟား ဒါမျိုးတော့ ကြိုက်သွားပြီ၊ ငါက အဲလိုအသိုက်မျိုးကို ရှာနေတာကွ၊ တစ်ခါတလေ ငါအိမ်မပြန်ချင်ဘူးကွ၊ ငါ့အမေက ရေလည်တော်ကိစ္စွားတာကွာ၊ ငါကလည်း နားအေးပါးအေးနဲ့စည်းစိမ်ယစ်ချင်နေတဲ့ကောင်ဆိုတော့ အပူအအေးမမျှဘူးပေါ့ကွာ၊ ဒါကြောင့် ခွေစရာနေရာ ရှာနေတာ၊ အခု မင်းနဲ့ပြန်တွေ့ရတော့ ငါ့ရဲ့ပျောက်ဆုံးနေတဲ့မင်းသားလေးကို ပြန်တွေ့လိုက်ရသလိုပဲ၊ ငါ အရမ်းဝမ်းသာသွားတယ်ကွာ"

"အေးပါကွာ ငါလည်း မင်းကိုလေ ငါ့ရဲ့ပျောက်ဆုံးနေတဲ့ကျေးကျွန်လေးတစ်ပါးကို ပြန်တွေ့လိုက်ရသလိုပဲ တအားကို ဝမ်းသာတယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ် နုထိ အဲဒီလို တင်စီးပြီးပြောတတ်တဲ့အကျင့် မပျောက်သေးပါလားကွ"

ထိုက်သူ စကားကြောင့် ခွန်းသစ် တဟားဟား အော်ရယ်ပြီး ချိုစ်တစ်ဖတ်ကို ခက်ရင်းလေးဖြင့် ထိုးယူကာ တမြုံ့မြုံ့ဝါးလိုက်သည်။

ညအလင်းရောင်အောက်မှ ကချေသည်တို့သည်လည်း သူ့တေး သွားနှင့်သူ အံ့ဝင်ခွင်ကျ ကခုန်နေကြသလို အကြာကြီးခွဲခွာကြပြီးမှ ပြန်ဆုံကြသော သူငယ်ချင်းနှစ်ယောက်မှာလည်း ရှေးဟောင်းနှောင်းဖြစ် တွေပြောကြဆိုကြရင်း တရုတ်မဘောင်းဘီထဲ အီးပေါက်သလိုပင် စကား လုံးတွေသည် ထွက်ပေါက်တွေပိတ်ကာ အရစ်တွေပြုန်းနေကြ၏။

ညသည် တဖြည်းဖြည်း ညဉ့်နက်၍လာပေသည်။

■ ■ ■

"ရှင် ဘယ်လိုလုပ်လိုက်တာလဲ ကဝိ"

အမြဲတမ်း ချိုသာပျော့ပျောင်းနေသော ဂန္ဓာရုံ၏အသံမှာ ဒီ တစ်ခါ ခပ်ဆတ်ဆတ်ဖြစ်နေသည်မို့ တအံ့တသြမော့ကြည့်ပြီး မေးဆတ် ပြလိုက်သည်။ ဖုန်းဆက်ပြီးခေါ်လိုက်တာ ဒါကြောင့်လား။

"ရှင် ရုံ့ဖုန်းနံပါတ်ကို ထိုက်သူကို ပေးလိုက်တာလေ"

ကဝိ မျက်ခုံးနှစ်ဖက်မြင့်တက်သွားသည်။ ကိုယ်က ဘာကြောင့် ဂန္ဓာရုံဖုန်းနံပါတ်ကို ပေးရမှာလဲ။ ဘယ်တုန်းကမှ မပေးခဲ့ဘူးတာ ကိုယ်





သာအသိဆုံး။

ခေါင်းကို ခပ်ဖြည်းဖြည်း ခါပြလိုက်သည်။ ဘာကြောင့် မနောက လာပြီးစွပ်စွဲနေရတာလဲ။

ထပ်ပြီးတော့ ဘာတွေစွပ်စွဲဦးမည်လဲ မသိ။ ကိုယ့်ကုသိုလ်ကံ ကိုက အစွပ်စွဲခံရမည့်ကံ ပါလာပြီးသားမို့ ဘယ်သူ့ကိုမှလည်း အပြစ် မပြောလိုတော့။

ဝိတ်တာလေး ကော်ဖီခွက်နှစ်ခွက်လာချပေးသည်။ နှုတ်ခမ်း စူနေသော ဂန္ဓာရုံနှင့် ခေါင်းငိုက်စိုက်ချနေသော ကဝိကို အကဲခတ်ပြီး အနားမှထွက်သွားသည်။

အငွေ့တစ်ထောင်းထောင်းထနေသော ကော်ဖီခွက်ကို ဂန္ဓာရုံ အရင်ဆုံး စသောက်သည်။

"အား ပူတယ် ပူတယ်"

ကော်ဖီပူပူကို သတိလက်လွှတ် သောက်မိသဖြင့် လျှာပူသွား သည်။ ကဝိ ထိုင်နေရာမှ ဝုန်းခနဲ ထပြီး ဂန္ဓာရုံနားရောက်သွားသည်။

ဘာဖြစ်တာလဲ တော်တော်ပူသွားသလားဟု စိုးရိမ်တကြီး မေး လိုက်ချင်ပေမယ့် စကားလုံးပီသစွာ ထွက်မလာဘဲ ဂူဂူဝါးဝါး အသံတွေ သာ ထွက်လာသည်မို့ လက်ဟန်ဖြင့်ပင် စိုးရိမ်တကြီး မေးလိုက်သည်။

လျှာပူလွန်း၍ မျက်ရည်ပင်ဝေ့တက်လာသော ဂန္ဓာရုံ ကဝိ၏



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်နေသော အမူအရာကိုကြည့်ပြီး

"ဘာမှမစိုးရိမ်နဲ့၊ နည်းနည်းပူသွားတာပါ"

အပြုံးဖြင့် ခေါင်းဆတ်ပြပြီး ဂန္ဓာရုံရှေ့မှ ကော်ဖီခွက်ကို လှမ်းယူကာ အမြန်အေးအောင် မှုတ်ပေးလိုက်သည်။

ဂန္ဓာရုံမျက်နှာအရိပ်ပေါ်မှာ ကဝိကို စိတ်ဆိုးရိပ်မပေါ်တော့သဖြင့် ကဝိ စိတ်သက်သာသွားသည်။

"နောက်တစ်ခါ ထိုက်သုကို ရှင် မပတ်သက်နဲ့"

အရင်ကတည်းက ထိုက်သုနှင့် သိခဲ့တာလားဟု လက်ဟန်ဖြင့် သင်္ကေတ ပြလိုက်သည်။

"အင်း ဟုတ်တယ် ထိုက်သုနဲ့က ကျောင်းမှာကတည်းက သိခဲ့တာ၊ သူက လူရမ်းကား၊ ဂန္ဓာရုံကို အမြဲတမ်း စိတ်အနှောင့်အယှက်ပေးတဲ့သူ၊ ဒါကြောင့် သူ့ကို အပေါင်းအသင်းမလုပ်ဘူး၊ သူက မိန်းကလေးတွေကို အရုပ်တစ်ရုပ်လို သဘောထားပြီး ထည်လည်းတွဲနေတဲ့သူ"

ကဝိ မှုတ်ပေး၍ အေးသွားသောကော်ဖီကို တစ်ငုံယူသောက်ပြီး

"ခုလည်း ဒီသင်တန်းကို သူ ဝါသနာပါလို့တက်တာ မဟုတ်ဘူး၊ ရုံတက်လို့ သူပါလိုက်တက်တာ၊ ဖုန်းနံပါတ်ကိုလည်း သူနှောင့်ယှက်လွန်းလို့ နောက်တစ်လုံး ချိန်းပြီးကိုင်တာ ခု ရှင်က ထပ်ပေးလိုက်တော့





နောက်တစ်လုံးထပ်ချိန်းပြီး ကိုင်ရတော့မယ်"

ခုချိန်ထိ ဖုန်းနံပါတ်ကို ကဝိပေးသည်ဟုပဲ တွင်တွင်ပြောနေသော ရုံကို ကဝိ ဘယ်လိုရှင်းပြရမလဲ။

ထိုက်သု ဘာရည်ရွယ်ချက်နှင့် ကဝိအပေါ် ပုံချရတာလဲဆိုတာ ကဝိ နားမလည်။ ဂန္ဓာရုံကိုလည်း ရှင်းပြမနေတော့။

ဒီနံနက်ခင်းလေးသည် ဂန္ဓာရုံ၏သံသယအကြည့်ဖြင့် အကြည့်ခံလိုက်ရပြီမို့ သိပ်ပြီးတော့ မသာယာပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ဂန္ဓာရုံနှင့်တွေ့ပြီး အိမ်ပြန်ရောက်တော့ နံနက်ကိုးနာရီပင် မထိုးသေး။

ဒယ်ဒီကတော့ ရုံသွားလောက်ပြီဟု တွေးပြီး ဒယ်ဒီ့စာကြည့်ခန်းထဲတွင် စာအုပ်လေးတစ်အုပ် ဝင်ယူပြီး အခန်းထဲမှာ စာဖတ်မည်ဟု တွေးကာ စာကြည့်ခန်းဘက်ကို လျှောက်လာလိုက်သည်။

စာကြည့်ခန်းထဲတွင် ထုံးစံအတိုင်း ဒေါ်ယုသဇ္ဇာ ရှိနေပြန်သည်။ သူ့ပုံစံမှာ တစ်ခုခုကို ရှာနေပုံပေါက်သည်။ ကဝိ ဝင်လာတာကိုမတွေ့။ သူ့ဖောနှင့်သူ့ အံဆွဲတွေကို တစ်ခုပြီးတစ်ခု ဖွင့်ကြည့်နေသည်။

"ခွန်းသစ် သားရေ မာမီ့ကို လာပိုင်းရှာပေးပါဦးကွယ်"

ဝင်လာသော ကဝိခြေသံကို ခွန်းသစ်ဝင်လာသော ခြေသံဟု





...တာ လှည့်မကြည့်တဲ့ ပြောနေသောစကားကြောင့် ကဝိ ဒေါ်ယုသဇ္ဇာ ...ဆီ လျှောက်သွားလိုက်သည်။

ဒီမိန်းမကြီး ဘာရှာနေတာလဲ။ ဒယ်ဒီကရော သူ့စာကြည့်ခန်း ...မှာ ဒီမိန်းမကြီး စိတ်ဝင်စားလောက်သည့် ဘယ်လိုပစ္စည်းမျိုးကို ...ဆည်းထားသလဲ။ မရိုးသားတာတော့ သေချာနေပြီ။

"ဘ ဘား ဘား အီး ဂူး ဂူး"

ဘာတွေရှာနေတာလဲဟု မေးလိုက်ခြင်းဖြစ်သည်။

"အမလေး လန့်လိုက်တာ"

ကဝိကိုမြင်တော့ ဒေါ်ယုသဇ္ဇာ လန့်သွားသည်။ မျက်နှာအမူ...ရာ မလုံမလဲဟန်ဖြင့် စကားလုံးတွေ ထစ်ငေါ့သွားသည်။

"မင်း မင်း မနက်အစောကြီးကတည်းက အိမ်ကထွက်သွား...ယ်မဟုတ်လား။ ဘယ်လိုဖြစ်ပြီး ချက်ချင်း ပြန်ရောက်လာရတာလဲ"

"အ့ အား ဘာ ဘာ ဘာ"

ဒေါသထွက်လွန်း၍ ပလုံးပထွေးအသံဖြင့် မေးလိုက်သည်။ ...ယုသဇ္ဇာ ဖွင့်လက်စစားပွဲအံဆွဲတွေကို မပိတ်ဘဲ ကဝိနှင့်မျက်နှာချင်း ...ိုင်ရပ်လိုက်ပြီး

"မင်းက ငါ့ကို သံသယမျက်လုံးနဲ့ ကြည့်နေတာလား ကဝိ၊ ... ဒီအခန်းထဲကို ဝင်ပိုင်ခွင့်မရှိတော့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ ဘာတွေကို ဒီလောက် အသည်းအသန် ရှာနေရသ

ဘာ်ဟန်ဖြင့် မေးလိုက်သည်။ ဒေါ်ယုသဏ္ဌာ မျက်နှာကိုပင့်မော့

"ငါ့ဟာငါ ရှာချင်တာ ရှာမယ်၊ မင်းအပူလုံးဝမပါဘူး က

နောက်တစ်ခါ မင်း ငါ့ကို ဒီလို နိုးကြောင်နိုးဇွက် မချောင်းနဲ့၊ မ

ဒုက္ခရောက်သွားလိမ့်မယ် နားလည်လား"

သူ့ မရိုးသားမှုတွေကို လုံအောင်ဖုံးဖို့ ရင့်သီးသော စကား

ဖြင့် ရန်ထောင်ကာ ထွက်သွားသော ဒေါ်ယုသဏ္ဌာ၏နောက်ကျော

ခပ်စိမ်းစိမ်းစိုက်ကြည့်ရင်း တက်တစ်ချက်ကို ခပ်ပြင်းပြင်း ခေါက်လို

သည်။

ဒီမိန်းမကြီးသားအမိ အိမ်ပေါ်စရောက်လာကတည်း အ

ဖော်လို့မရသော သံသယအချို့သည် ကြည်လင်ပြတ်သားစပြုလာ

သူ ဘာကိုကြိုးစည်နေပြီး ဒယ်ဒီ့အပေါ် ဘယ်လိုသဘောထားနေသည်

တာကို သိအောင် ကဝိ ကြိုးစားဖော်ထုတ်မည်။ ဖော်ထုတ်ပြီးလျှ

ဒယ်ဒီနှင့်လမ်းခွဲအောင် ဒယ်ဒီ့ကိုဖွင့်ပြောမည်။

စာဖတ်ချင်စိတ်လည်း မရှိတော့၍ ဘာစာအုပ်မှ မယူဘဲ ကို

အခန်းဘက်သို့ ပြန်လျှောက်လာလိုက်သည်။

ကိုယ့်အခန်းတံခါးသည်လည်း ပွင့်နေပြန်သည်။

■ ■ ■





"ဟား ဟား ခွန်းသစ်ရဲ့အဝတ်အစားတွေနဲ့ မတော်ပေမယ့်

အဝတ်အစားတွေကတော့ ငါနဲ့ လုံးဝကို ကွက်တိပါလား ဟား ဟား

း"

ကဝိ၏ဗီရိုကို မွှေနှောက်နေသော ထိုက်သုမှာ အကောင်းစား

ဆိပ်တွေဖြစ်သော အင်္ကျီနှင့်ဘောင်းဘီတွေထဲမှ သဘောအကျဆုံး

တ်စုံကို ထုတ်ယူလိုက်ပြီး ရေချိုးပြီးစ ကိုယ်ပေါ်မှာ ပတ်ထားသည့်

မျှသာဘက်ကို ဆွဲချွတ်ကာ ရှော့ပင်တစ်ထည်ကို ဝတ်လိုက်သည်။

ဆိုဒ်ကအစ တူနေတော့ ဝတ်ရတာ လုံးဝကို အဆင်ပြေနေ၏။

ဒါတင်မကသေး ကဝိ မြတ်နိုးသော ခါးပတ်တွေကိုပါ စိတ်

ကြိုက်မွှေနှောက်ဝတ်နေသည်မို့ ကဝိ ရပ်ကြည့်မနေနိုင်တော့။ ကဝိကို

နောက်ကျောပေးထားသော ထိုက်သုဆီသို့ လျှောက်လာကာ ပခုံးကို

ဆွဲလှည့်လိုက်ပြီး ဟန်ချက်ပျက်ကာ လှည့်လာသော ထိုက်သု၏တအံ့

တသြမျက်နှာပေါ်သို့ လက်သီးချက်တစ်ချက် ထိုးသွင်းလိုက်သည်။

"ခွပ်"

"အ"

ထိုးပြီးတော့မှ ဗီရိုမှာကျောကပ်သွားသော ထိုက်သု မျက်နှာကို

မြင်ပြီး ကဝိ အံ့သြသွားသည်။

"ဟင် မင်း မင်း ကဝိ"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အခန်းထဲရောက်နေသော ထိုက်သုကိုတွေ့ပြီး ကဝိ ဘာ
ဘဲ နားမလည်နိုင်တော့။

မင်း ဒီအခန်းထဲ ဘယ်လိုရောက်နေတာလဲဟု လက်ဟ
က အလောတကြီး မေးလိုက်သည်။

"ငါ ညက ခွန်းသစ်နဲ့လိုက်လာတာကွ၊ အခု ရေချိုးပြီး 
သစ်အဝတ်အစားနဲ့ မတော်တာနဲ့ ဒီအခန်းထဲမှာ မင်းနဲ့တော်တဲ့ အဝ
အစားဗီရိုရှိတယ်ဆိုလို့ ငါ ဝင်ပြီး ယူဝတ်နေတာ မင်းရဲ့အခန်းမှန်း
လုံးဝမသိဘူး၊ ဒါ မင်းရဲ့အိမ်လား ဟာ အံ့ဩစရာပဲ"

ထိုက်သုနှင့်ခွန်းသစ် သူငယ်ချင်းဆိုမှတော့ ခွန်းသစ်လို
ထိုက်သုလည်း စိတ်ထားကောင်းမည်မဟုတ်။

ခွန်းသစ် အခန်းထဲဝင်လာသည်။

"ထိုက်သု အိုကေလား"

ကဝိကိုမြင်တော့ ခွန်းသစ် ခြေလှမ်းတုံ့သွားသည်။

"ဟင် မင်း ထိုက်သုကို ဘာလုပ်လိုက်တာလဲ ကဝိ"

ရှန်းရင်းဆန်ခတ် ဖြစ်ထားဟန်ကြောင့် ခွန်းသစ် ဒေါသသံဖြ
မေးလိုက်သည်။

"ဟုတ်တယ် ငါ အထိုးခံလိုက်ရတယ်၊ မင်းကွာ ကဝိအခ
ဆိုတာ ငါ့ကိုကြိုမပြောဘူး၊ ငါက သူများအခန်းထဲ ဘလိုင်းကြီး ဝင်





သလို ဖြစ်သွားတာပေါ့ကွ၊ ဆောရီးပဲ ကဝိ ငါ့ကို ဒီအဝတ်အစားတော့
ခဏငှားဝတ်ကွာ အဲ ငှားတာမကြိုက်ဘူးဆိုရင်လည်း ပြန်မယူနဲ့တော့
ပေါ့"

ခွန်းသစ် ဒီအတိုင်း ငြိမ်မခံနိုင်။

"မင်း လက်သီးချက်က တော်တော်ကို အစွမ်းပြနေပါလားကွ
တမ် ကဝိ ဒါ ငါ့ညီသည်ဆိုတာ သိသိကြီးနဲ့ မင်း တမင်လုပ်လိုက်တာ
လားကွ"

ကဝိ ရင်ဘတ်ကို ဆွဲကိုင်ပြီး ရန်လိုစွာ မေးလိုက်သည်၊ ထိုက်သု
ဘေးမှဝင်ဆွဲ၏။

"ခွန်းသစ် နေပါကွာ ပြီးနေတဲ့ပြဿနာကို ထပ်မစစ်ပါနဲ့၊
တော်ပြီ လာ လာ ငါတို့သွားမယ်၊ ကဝိ ဆောရီးပဲကွာ ငါတို့သင်တန်းမှာ
တွေ့မယ်"

ခွန်းသစ်ကို အတင်းဆွဲခေါ်သွားရင်း ကဝိကိုနှုတ်ဆက်သွား
သည်။

ကဝိ ခုထင်ပေါ် ခေါင်းငိုက်စိုက်ထိုင်ချလိုက်သည်။

စိတ်တွေ ဘာကြောင့် ရှုပ်ထွေးနေရတာလဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"ဘယ်လို ဂန္ဓာရုံဆိုတဲ့ ကောင်မလေးက သူ့ကိုလိုတာထက် ပိုပြီး လိုက်လျောတယ် ဟုတ်လား။ သူက တော်တော်လှလား"

"ပိုးစိုးပက်စက်လှတယ်ကွာ မင်းမြင်ရင် လုံးဝကို နိုက်သွားမှာသေချာတယ်"

ထိုက်သုစကားကြောင့် ဂန္ဓာရုံကို တွေ့ချင်သွားသည်။ ဒီလောက်ချောတဲ့ကောင်မလေးက ဘာကြောင့် အေတစ်ကောင်ကို လိုတာထက် ပိုပြီး ရင်းနှီးခင်မင်ချင်ရတာလဲ။

စိတ်ထဲမှာ ကဝိအပေါ် မလိုသောစိတ်တွေ တဖွားဖွားဖြစ်ပေါ်လာသည်။





ကဝိမှာ စကားမပြောတတ်သည် အားနည်းချက်လေးတစ်ခု ရှိသည်ကလွဲပြီး ပညာအရည်အချင်း၊ ရုပ်ရည်၊ ပိုင်ဆိုင်မှုတွေအားလုံးသည် ခွန်းသစ်ထက် ကဝိက အဆပေါင်းများစွာသာသည်။

အချုပ်ပြောရရင် ခွန်းသစ်က စီးပွားရေးလုပ်ငန်းရှင်ကြီး ဦးအောင်မြင့်၏မယားပါသားတစ်ယောက် ဖြစ်နေရတာကို ဘဝင်မကျမိ။

အများအမြင်မှာ ဒါနောက်မိန်းမကပါလာတဲ့သားလေးဆိုသည့် အထင်သေးသည့်အကြည့်တွေကိုခံရပြီး ကဝိကိုတော့ ဒါလေးက ဦးအောင်မြင့်ရဲ့သားအရင်းလေ၊ ကောင်လေးက ရုပ်ရည်လေးကသန့်ပြီး ချောနေတာပဲဟာယ်၊ ပညာလေးကလည်းတတ် စကားလေးသာ ပြောတတ်ရင် သူ့အဖေခြေရာနင်းမယ့်ကလေး စသဖြင့် နားထဲစိမ့်ဝင်လာသည့် ချီးမွမ်းသံတွေကို ခွန်းသစ် မကြားချင်။

ဒါ့အပြင် ဦးအောင်မြင့်၏ပိုင်ဆိုင်မှုအားလုံးသည် ကဝိသာလျှင် ပိုင်ဆိုင်ရမည်ဆိုသည့် ရှေ့နေ၏စကားတစ်ခွန်းကိုလည်း ခွန်းသစ် နားထဲမှ ထုတ်မရ။

အဘက်ဘက်က ကိုယ့်ထက်သာလွန်သော ကဝိကို မြင်တိုင်း မနာလိုစိတ်နှင့် အမုန်းတရားတွေသည် ရင်ထဲမှာ တဖွားဖွားပေါ်လာကာ ကဝိကို လောကကြီးထဲက ပျောက်ကွယ်သွားစေချင်လောက်သည်အထိ အမုန်းတရားတွေသည် တုနှိုင့်ထည်နှင့် နိုင်မာနေတာပါ။

www.burmeseclassic.com



"မင်း မနက်ဖြန် ကျောင်းကိုလာခဲ့ပါလား"

"ငါက ဘာလာလုပ်ရမှာလဲ"

"ကဝိဆီလာသလိုနဲ့ ဂန္ဓာရုံကို မြင်ဖူးအောင်လို့ပါ အဟဲ ငါတောင် အပွင့်လင်းဆုံးပြောရရင် ဓာတ်ညွှန်းရေးတာတွေ ဒါရိုက်တာလုပ်ရမှာတွေကို ဝါသနာပါလို့ ဒီပညာတွေကို သင်ချင်လွန်းလို့ ဒီသင်တန်းကို အချိန်ကုန်ခံပြီးတက်တာ မဟုတ်ဘူးကွ၊ ဂန္ဓာရုံ ဝါသနာပါတဲ့ အလုပ်ကို ငါပါလိုက်လုပ်ပြီး ဝါသနာပါကြည့်တာ၊ တော်တော်တော့ ဦးနှောက်စားတယ်ကွ ဒါပေမဲ့ သူနဲ့အနီးကပ်နေခွင့်ရလို့ ကြိတ်မှိတ်ပြီး သင်မယ်လို့ စိတ်ကူးခဲ့တာ၊ ခုတော့ ငါ ရေလည်ဝွမ်းတယ်ကွာ"

"ဘာဖြစ်လို့လဲ"

"ကဝိကို သူကာစပြီး မိတ်ဆက်တယ်ကွာ၊ သူ့ကို တန်ဖိုးထားတဲ့ ငါ့ကိုတော့ ဖုတ်လေတဲ့ငပိ ရှိတယ်လို့တောင် မထင်ဘူး"

"ဒါဆိုလည်း ကားတင်ပြေးပေါ့ကွာ ရှင်းရှင်းလေးပဲ ငါသာဆို မင်းလို ဒေါးကနေ မစားရအညော်ခံ အနိုင်ထိုင်မခံဘူး။ တစ်ခါတည်း အပိုင်သိမ်းလိုက်တယ်"

ခွန်းသစ် စကားကြောင့် ထိုက်သု အားတက်သွားသည်။

ရိုးရိုးသားသား တောင်းခံကြည့်မယ် မကြည်ဖြူလျှင်တော့ အဓမ္မ သိမ်းပိုက်ရတော့မှာပင်။





ရင်ထဲက တကယ်ချစ်မိပြီဆိုမှတော့ ဗိလိန်ဖြစ်ရလည်း တန်ပါသည်။

■ ■ ■

"ကို ယုတို့သားတွေအတွက် တစ်ခုခုစီစဉ်ပေးမှ ဖြစ်တော့မယ် ထင်တယ်ကွယ်"

နွားနို့ ဖန်ခွက်ကို ကမ်းပေးရင်း စကားဦးသမ်းလာသော ဒေါ် ယုသဇာစကားကြောင့် ဦးအောင်မြင် မျက်မှန်ကို ပင့်တင်ပြီး ကြည့်လိုက်သည်။

"ဘာစီစဉ်ပေးမှာလဲ ယု"

"သြော် သားတွေက မငယ်တော့ဘူးလေ၊ ကိုယ်စီကိုယ်စီလည်း ဘွဲ့ရကုန်ကြပြီဆိုတော့ သူတို့ ဝါသနာလေးတွေကို မိဘတွေက မြေတောင်မြှောက်ပေးရမှာ မဟုတ်လား"

"ဟုတ်ပါပြီ ယုက ဘယ်လိုစီစဉ်ပေးချင်တာလဲ"

"သားငယ်က ဒါရိုက်တာသင်တန်းတက်နေတာဆိုတော့လေ သူ့ကိုအနုပညာရပ်ဝန်းဘက်မှာ အောင်မြင်အောင် မြေတော့င်မြှောက်ပေးရမယ်မဟုတ်လား။ ဒါမှ ယုတို့က တာဝန်ကျေတဲ့မိဘတွေ ဖြစ်မှာပေါ့"

"သားကြီးကရော ဘာကိုဝါသနာပါလဲ ယုက မေးကြည့်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ယုကတော့ မေးမကြည့်ဖြစ်ပါဘူး။ ဒါပေမဲ့ ဟိုနေ့က သူ့သူငယ်ချင်းတွေနဲ့ ကုမ္ပဏီလေးထောင်မယ်ဆိုလားပဲ"

ဦးအောင်မြင် သဘောကျစွာဖြင့် ခေါင်းတညိတ်ညိတ် လုပ်ပြုံးရင်း

"ဒါဆိုရင်တော့ ကိုယ်တို့ မြေတောင်မြှောက်ပေးရမှာပေါ့၊ ငွေရင်းနှီး ဘယ်လောက်လိုလဲလို့ မေးကြည့်လိုက်လေ ယုရဲ့"

ဒေါ်ယုသဇ္ဈာ အလိုမကျစွာဖြင့် သက်မချလိုက်သည်။

"ယုတော့ အဲလို စိတ်မချပါဘူး"

"ဒါဖြင့် ယုက ဘယ်လိုဖြစ်ချင်တာလဲ"

"ယုကတော့ သားကို စီးပွားရေးလောကထဲ တစ်ယောက်ထဲ လွှတ်ပေးလိုက်တာထက်စာရင် အတွေ့အကြုံတွေရသွားအောင်လို့ ကိုကုမ္ပဏီမှာပဲ နေရာတစ်နေရာလောက်ပေးပြီး လုပ်ငန်းအကြောင်းတွေ လေ့လာသင်ယူခိုင်းရင် ပိုပြီးအဆင်ပြေမလားလို့လေ"

အကြံကြီးနေသော ဒေါ်ယုသဇ္ဈာ၏လောဘကို မရိပ်မိသော ဦးအောင်မြင်မှာ ထိုအစီအစဉ်ကို သဘောကျသဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ပြီး

"မဆိုးဘူး ယု ပြောသလို ကုမ္ပဏီထဲမှာ ခေါ်သွင်းထားလိုက်ရင် နောက်ပိုင်းကိုယ်တောင် မျက်နှာလွှဲရမယ့်အခြေအနေမျိုး ဖြစ်လာ



ရင် ပိုကောင်းတာပေါ့"

"အင်းလေ ကိုရဲ့ ဒါကြောင့် ကို သက်သာအောင် ယုကလေ သူ့သူငယ်ချင်းတွေနဲ့ လွှတ်မပေးဘဲ စီးပွားရေးလောကမှာ ဘုရင်တစ်ဆူ ဖြစ်နေတဲ့ ကိုလက်အောက်မှာ ထားတာက ပိုပြီးတော့ ပညာရတာပေါ့၊ လုပ်ငန်းနှင့်ပတ်ဝန်းကျင်ကောင်းတွေနဲ့ ဆက်ဆံပြီး နောက်ပိုင်း သားရဲ့အရည်အချင်းနဲ့ ကို လုပ်ငန်းတွေကို ဒီထက်တိုးတက်အောင် သူ ကြိုးစားခဲ့ရင် ကိုလည်း တအားဖြစ်တာပေါ့ ဟုတ်ဘူးလား"

"အင်း ဟုတ်တာပေါ့ ကိုရဲ့၊ ဒါကြောင့် သားကို ဖျောင်းဖျရဦးမယ် သားက သူ့ဒယ်ဒီရဲ့လုပ်ငန်းကို ပိုပြီး စိတ်ဝင်စားမှာပါ"

ခွန်းသစ်ကို လုပ်ငန်းထဲခွဲသွင်းဖို့ ကြိုးစားနေတာ ဒေါ်ယုသဇ္ဈာ၏အကြံကို ကဝိ မသိဘဲနေမလား။ အခန်းအပြင်တွင် ရပ်နားထောင်နေသော ကဝိ၏ရင်ထဲမှာ မချင့်မရဲ ဖြစ်နေသည်။

ကိုယ့်အဖေအပေါ် မေတ္တာစစ်နှင့်ချစ်၍ ယူခဲ့တာမှမဟုတ်တာ။ ဒယ်ဒီ့ပိုင်ဆိုင်မှုတွေကို မက်မော၍ ယူခဲ့သည်ဆိုတာ ကဝိ သိသည်။

ဒါတွေအားလုံးကို ဒယ်ဒီသိအောင် ပြောပြချင်ပေမယ့် ဒယ်ဒီယုံမှာမှ မဟုတ်တာ။

ခုချိန်မှာ သူတို့သားအမိပုံချနေသော အပြစ်တွေက ပေါ်အပေါ်မှာ မနည်းတော့သလို ဒယ်ဒီ့အပြစ်တင်မှု အပြစ်ပေးမှုတွေကလည်း

www.burmeseclassic.com

www.burmeseclassic.com



ကဝိ ရင်ထဲမှာ မဆန့်အောင်ပင် ပြည့်ကျပ်ညပ်နေသည်။

လောကမှာ အပြောချိုသောသူကို အပြောဆိုးသောသူထက် ပို၍ သတိထားရမည်ဆိုတာ ယခု ကဝိလက်တွေ့ပင်ဖြစ်သည်။

ချိုယွင်းချက်တွေနှင့် လောကထဲမှာ ရှင်သန်နေရသော ကဝိတောင် ဒေါ်ယုယသဏ္ဍာတို့၏အတွင်းစိတ်ကို သိခဲ့လျှင် ဒယ်ဒီ့လို ပညာတတ် လူယဉ်ကျေးကြီးက ဘာကြောင့်အမှားအမှန်ကို မခွဲခြားနိုင်ရတာလဲ။

ပူလောင်ပြင်းပြသော အချစ်သည် ဒယ်ဒီ့အသိဉာဏ်တွေကို နလန်မထူအောင် ဝါးမြိုသွားကြလေပြီလား။

ဘာပဲဖြစ်ဖြစ် သား ဒယ်ဒီ့ကို ကာကွယ်မှာပါ ဒယ်ဒီ။

■ ■ ■



## အခန်း (၉)

"ဒယ်ဒီ ခွန်းသစ်နဲ့ဒေါ်ယုသဏ္ဍာကို မယုံပါနဲ့၊ သူတို့ ဒယ်ဒီ့အပေါ်မှာ မရိုးသားဘူး"

မင်းနီဖြင့်ရေးသားထားသော စာကြောင်းကိုဖတ်ပြီး ဦးအောင်မြင့်သားဖြစ်သူ ကဝိကိုမော့ကြည့်လိုက်သည်။

"သား ဘာတွေ သံသယများနေတာလဲ သားရယ်၊ သူတို့က တခြားလူတွေမဟုတ်ဘူးလေ၊ ဒယ်ဒီတရားဝင်လက်ထပ်ထားတဲ့ ဇနီးတစ်ယောက်ပါ။ ဒါ့အပြင် သားကိုလည်း ယုက သူ့သားနဲ့တန်းတူ မေတ္တာပေးရှာပါတယ်၊ ဒါ ဒယ်ဒီ့အမြင်ပဲမဟုတ်လား၊ ခွန်းသစ်ကရော သားကို ညီလေးတစ်ယောက်လို ဂရုစိုက်ရှာတာပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



ကဝိ ခေါင်းကို တွင်တွင်ခါလိုက်ပြီး စာအုပ်ပေါ်မှာ စာတွေကို ခပ်သော့သော့ ရေးချပြန်သည်။

"အဲဒါ တကယ့်စိတ်ရင်းနဲ့မဟုတ်ဘူး ဒယ်ဒီ၊ ဒယ်ဒီ့ရှေ့မှာ ဟန်ဆောင်နေတာ၊ သူတို့ သားအပေါ် အမြဲအနိုင်ယူတယ်"

ကလေးဆန်သည့်အပြုအမူမျိုးဆိုတာ ကဝိ သိပေမယ့် ဒယ်ဒီ ကို ဒီလိုမှ ပေါ်တင်မပြောလျှင် ဒယ်ဒီ့စိတ်တွေဟာ အညှို့ခံနေရသလို ဒီမိန်းမကြီး၏ ထောင်ချောက်ထဲက ရုန်းထွက်နိုင်မှာမဟုတ် ဒယ်ဒီ့စိတ် ကို အပိုင်လွှမ်းမိုးချုပ်ကိုင်ရုံတင်မဟုတ်ဘဲ လုပ်ငန်းတွေအားလုံးကို အပိုင်သိမ်းတော့မည့်အနေအထားမျိုး မလွဲမသွေရောက်လာတော့မည်ဆို တာ ကဝိ ကြိုသိနေသည်။

ဦးအောင်မြင့်ထံမှ ရယ်သံခပ်တိုးတိုးထွက်လာသည်။

"သားရယ် အဲဒါ သားစိတ်က ထင်နေလို့ပါကွယ်၊ တကယ်တော့ ယုက သားကို ခွန်းသစ်ထက်တောင် ပိုပြီး ကရုဏာသက်ပြီး ပိုချစ်တာ ပါကွယ်၊ မနေ့ကတောင် သား ဒါရိုက်တာသင်တန်းဆင်းရင် သားကို ရုပ်ရှင်ရိုက်ဖို့ ထောက်ပံ့ပေးကြရအောင်ဆိုပြီး ဒယ်ဒီ့ကို တိုင်ပင်နေသေး တာ၊ ဒါဟာ သားကို သူ့သားလေးလို သဘောထားလို့ပေါ့ကွယ် စည်းလုံး နေတဲ့ မိသားစုလေးဖြစ်အောင် ဖန်တီးနေကြတဲ့အချိန်မှာ သားရင်ထဲက သံသယတွေကို အတတ်နိုင်ဆုံး ချေဖျက်နိုင်အောင် ကြိုးစားပါ သားရယ်"





အမှားကို အမှန်မြင်ပြီး အချစ်ကြောင့် စုံလုံးကန်းနေသော ယ်ဒီ့ကို ဒီထက်ပိုပြီး ဘာမှစောဒကမတက်လိုတော့။

ဆက်ပြီး အသိပေးနေလျှင်လည်း နောက်ဆုံး ကိုယ်သာလျှင် သံသယများသူအဖြစ် အငြိုငြင်ခံရရုံသာ ရှိတော့သည်။

ထို့ကြောင့် ဒယ်ဒီ့ရှေ့မှ ခေါင်းငိုက်စိုက်ချ လှည့်ထွက်ခဲ့သည်။

ဒယ်ဒီမှ မယုံတာ ရှိစေတော့ပေါ့။

ဒယ်ဒီ့ထံမှ သက်ပြင်းချသံ ခပ်မျှင်းမျှင်းကို ကြားလိုက်ရသည်။ က်ပြင်းချသံသည် ကဝိအတွက် စိတ်မောနေရသော သက်ပြင်းချသံ တာ ကဝိ မသိဘဲနေမည်တဲ့လား။

ဒီအချိန်မှာ ကိုယ်ကသာလျှင် အပြစ်မြင်တတ်သူ အရာရာကို သယဖြင့် ကြည့်တတ်သူ ကလေးဆန်လွန်းသူရယ်လို့ပဲ အထင်ခံရရုံပဲ တော့မည်မို့။

လက်တွေ့မပြနိုင်ဘဲနှင့် ဒယ်ဒီအား ဘယ်အကြောင်းအရာကိုမှ တိုက်အခံမပြောတော့ဘူးဟု စိတ်ဆုံးဖြတ်လိုက်သည်။

အမှန်တရားဆိုတာ အမြဲတမ်း ပုန်းခိုမနေပါဘူး ဒယ်ဒီ။ အချိန် န်ရင် ဒယ်ဒီ့ရှေ့ကို ဘွားခနဲ ပေါ်ထွက်လာမှာပါ။

■ ■ ■

"ဟာ မာမီကလည်း သားမှ အလုပ်မလုပ်ချင်သေးတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ဘွဲ့ရတစ်ယောက်လုပ်ပြီး ဘာအလုပ်မှမလုပ်ဘဲ မင်းက လူပျင်းလုပ်ချင်လို့လား"

"ကျွန်တော်မှ ကုမ္ပဏီအလုပ် ဝါသနာမပါတာ မာမီရ"

"ဒါဆို မင်းက ဘာဝါသနာပါတာလဲ"

"နိုင်ငံခြားမှာ ကျောင်းသွားတက်ချင်သေးတယ်"

"ခွန်းသစ် မင်းအကြံ မာမီမသိဘူးများမှတ်နေလား ဟာ ကောင်မလေးတွေနဲ့ မိဘမမြင်ကွယ်ရာမှာ ရှုပ်ချင်တိုင်းရှုပ်လို့ရအောင် နိုင်ငံခြားထွက်ဖို့ အကြောင်းရှာတာ မဟုတ်လား"

ပညာရေးကို ဒီလောက်စိတ်မဝင်စားဘဲနှင့် အကြောင်းပြချက် တစ်ခုဖြင့် နိုင်ငံခြားထွက်ချင်နေသော ကိုယ့်သားအကြောင်းကို ကိုယ် သာအသိဆုံး။

"ဒီမှာ သား အခွင့်အရေးဆိုတာ လူတစ်ယောက်ဆီကို အကြိမ် ကြိမ်ပြန်လာရိုး ထုံးစံမရှိဘူး သားရဲ့၊ ကိုအောင်မြင့်ရဲ့ပိုင်ဆိုင်မှုတွေက ဘယ်လောက်ထိများသလဲဆိုတာ သား သိတယ်နော်၊ သူ အခုလုပ်နေတဲ့ စီးပွားရေးလုပ်ငန်းတွေကို သားလက်ထဲ ရောက်အောင် မာမီ ကြိုးစားနေ တဲ့အချိန်မှာ သားဘက်ကလည်း ပါဝင်ကပြသင့်ရင် ကပြရမှာ၊ တစ်ချိန် ဒီပိုင်ဆိုင်မှုတွေ သားလက်ထဲရောက်ကို ရောက်စေရမယ်ကွယ်၊ ကဝိ ဆိုတဲ့ကောင်က အေတစ်ယောက်ဖြစ်နေတဲ့အတွက် သူ့ကိုထည့်စဉ်းစား





ကို မလိုဘူး၊ သူ့အဖေလုပ်တဲ့သူကလည်း ဘာမှအသုံးမဝင်တဲ့ အေ လုပ်ငန်းတွေ လွှဲခဲ့မှာမဟုတ်ဘူး၊ ဒါကြောင့် သားသာ သူ့လုပ်ငန်းထဲ ပြီး ကြိုးစားပြရင် ဒီလုပ်ငန်းတွေအားလုံး သားလက်ထဲ ရောက်လာ

မာမီ၏မက်လုံးတွေကြောင့် ခွန်းသစ် စိတ်ဝင်စားသွားသည်။

မာမီပြောတာ သဘာဝကျသည်။ ဦးအောင်မြင့်မှာ သားအရင်း သို့ ကဝိ တစ်ယောက်ထဲရှိသည်။ ကဝိကလည်း လူစဉ်မမီတဲ့သူတစ် ာက်ဖြစ်နေသည့်အတွက် လုပ်ငန်းအားလုံး၏ဆက်ခံသူသည် ကိုယ် ည့်ပြီး ဘယ်သူရှိရမှာလဲ။

ကိုယ်သာ အားလုံးကို ပိုင်ဆိုင်ခွင့်ရပြီဆိုလျှင် ကဝိလောက် ာ့ အေးအေးဆေးဆေး ခေါက်သိမ်းလိုက်လို့ရသည်။

အတွေးတို့သည် တဖြည်းဖြည်း တောက်ပလာကာ အနာဂတ် ာင်းကျိုးအတွက် စဉ်းစားစရာတွေ တစ်ပုံတစ်ပင် ဖြစ်၍လာသည်။

ကိုယ့်အကြံအစည်တွေအားလုံး ထမြောက်အောင်မြင်ဖို့အတွက် အောင်မြင် မျက်စိကျလောက်အောင် အတတ်နိုင်ဆုံး လိမ္မာပြရတော့ ည်။ ခွန်းသစ်၏အကြံအစည်တွေကို အကောင်အထည်စဖော်ရတော့ ည်။

"အိုကေ မာမီ သားအရင်က ဒါတွေကို မစဉ်းစားမိဘူး၊ ရပိုင်



www.burmeseclassic.com

www.burmeseclassic.com



ခွင့်တွေက သားရဲ့လက်တစ်ကမ်းမှာပဲရှိတာဆိုတော့ သားတို့အသုံး တတ်ရင် ဒီဘဝတင်မဟုတ်ဘူး နောင်ဆယ်သက်လူ့ပြန်ဖြစ်ရင်တော သုံးလို့ကုန်မှာမဟုတ်ဘူး"

"အမလေး တော်ပါသေးရဲ့ မာမီ့သားလေးက မာမီ့စိတ် တစ်ထပ်တည်းကျအောင် တွေးပေးတာပဲ၊ ဒါဆိုရင်တော့ ရှေ့လျှော ကိုအောင်မြင်ရှေ့မှာ သူ သဘောကျလာအောင် လိမ္မာပြရမယ်နော် သား"

"ဟုတ်ကဲ့ပါ မာမီရ၊ ဒါနဲ့ မာမီရှာနေတဲ့ လုပ်ငန်းပိုင်ဆိုင် စာရွက်စာတမ်းတွေကိုရော ရှာတွေ့ပြီလား"

"မတွေ့ပါဘူး သားရယ်၊ သူ ဘယ်မှာသိမ်းလဲ မသိပါဘူ မာမီကလည်း အရေးတကြီးငွေလိုနေလို့ အဲဒီထဲက တစ်ခုလောက် ကိုကျင်ဝမ်တို့ဆီမှာ ခဏလောက်လှည့်ထားမလို့ဟာကို"

"ဒါဆိုလည်း အရိပ်အမြွက်တော့ မေးကြည့်ပေါ့"

"အို ဘယ်သင့်တော်မှာလဲ၊ အဲလို မေးလိုက်ရင် သူ မာမီ့ တစ်မျိုးထင်သွားမှာပေါ့လို့၊ ခုချိန်မှာ မာမီတို့သားအမိရဲ့အကြံတွေ သူတို့သိလို့ မဖြစ်ဘူး။ နည်းနည်းလေး သံသယဖြစ်သွားတာနဲ့ မာမီ အကြံတွေ အားလုံးပျက်စီးကုန်မှာ"

ဒေါ်ယုသဇ္ဈာ အကြပ်ရိုက်နေတာတော့ အမှန်ပင်ဖြစ်သည်

"ဒါနဲ့ မာမီက ဘာလို့ အလောတကြီး ငွေလိုနေရတာလဲ"

"မင်းရဲ့အဖေအရင်း ထောင်ကလွတ်လာပြီလေ၊ အဲဒါ သူ နတိုင်းစားသောက်ဖို့ မာမီမှမစီစဉ်ပေးရင်လေ မာမီနဲ့သားကို ဒီလို ချေအနေမျိုးနဲ့ ကောင်းစားနေတာကို သူ ဒီအတိုင်း လက်ပိုက်ကြည့် နေမှာမဟုတ်ဘူး"

ခွန်းသစ် အံ့ဩတုန်လှုပ်သွားသည်။

မကောင်းတာမှန်သမျှ အကုန်လုပ်ဖို့ ဝန်မလေးသော ဦးနေမင်း သည် ခွန်းသစ်၏အဖေအရင်းဖြစ်ပေမယ့် ယခုလက်ရှိ တော်စပ်နေရ သော ပထွေး ဦးအောင်မြင်လောက်တောင် ခွန်းသစ်အပေါ် မျက်နှာသာ ပေး၊ စေတနာမထား။

"ဒါဆို ဘယ်လိုလုပ်ကြမလဲ မာမီ"

ခွန်းသစ် ခုမှ ထိတ်လန့်ရမှန်း သိလာသည်။

"မာမီလည်း ကြံနေတာပါပဲကွယ်၊ သူက မာမီ့ကို သူ့ဒွေးမယား ဆက်လုပ်ချင်ရင် သူ့ကို ကားတစ်စီးတိုက်တစ်လုံး စီစဉ်ပေးတဲ့၊ ဒါကြောင့် မာမီ ကိုအောင်မြင်မသိအောင် ငွေလှည့်ဖို့လုပ်နေတာ"

လက်ရှိ ငြိမ်းချမ်းနေသော ဘဝလေး မပျက်စီးဖို့အတွက် ဒေါ် ယုသဇ္ဈာ ကြံတ်ကြံနေပေမယ့် ခုထိ အထမမြောက်သေး။

ခွန်းသစ်ပါ မိခင်၏အပူသောကကိုကြည့်ပြီး သူပါ ရင်မောရ



www.burmeseclassic.com

www.burmeseclassic.com



လာသည်။

အဖေက လူမိုက်။ သူမလုပ်ရဲတာ ဘာမှမရှိ။

■ ■ ■





## အခန်း (၁၀)

ခြံရှေ့မှ လူခေါ်ဘဲလ်သံကြောင့် ဒေါ်ယုသဓ္ဓာ ခြံတံခါးဆီသို့ ခပ်သွက်သွက် လျှောက်လာလိုက်သည်။

ဒီအချိန် အိမ်ကို ဘယ်သူမှ မလာတတ်၍ ခွန်းသစ်များ အပြင်က ပြန်လာတာလားဟူသောအတွေးဖြင့် ခြံတံခါးကို သော့ဖွင့်လိုက်သည်။

“ဟင် ရှင် ကိုနေမင်း”

“ဘာလဲ ကိုယ့်လင်ကိုတောင် ကိုယ်မမှတ်မိတော့ဘူးလား မိယု”

ယောကျ်ားဟောင်း ကိုနေမင်းကို မထင်မှတ်ဘဲတွေ့လိုက်ရ၍ ဒေါ်ယုသဓ္ဓာ မျက်နှာပေါ်မှ သွေးပျက်ကြောက်ရွံ့သွားသည်။ စိတ်မလုံလဲ စွာဖြင့် ဘောင်းဘီကို ငေ့ဝဲကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ရှင် တော်တော် အတင့်ရဲပါလား ကိုနေမင်း၊ ဒီနေရာ ရှင်လာသင့်တဲ့နေရာမဟုတ်ဘူး"

"ဒါပေမဲ့ မင်းမှ ငါ့ဆီမလာတာ ငါမင်းကို မျှော်နေတာကြာ ငါ့သားကို ငါတွေ့ချင်တယ်၊ မင်းတို့သားအမိ တော်တော်နေစိမ့်ကြတ ငါ့ထက် ဟောဒီစည်းစိမ်တွေကို ပိုပြီးမက်မောနေကြပြီပေါ့ ဟုတ်လား"

ခြံရှေ့မှာ အော်ကျယ်အော်ကျယ် လုပ်နေ၍ ဒေါ်ယုသဉ္ဇာ ထ လန့်သွားပြီး ဦးနေမင်းပါးစပ်ကို ကပျာကယာ ပိတ်လိုက်ပြီး

"ရှင် ဘာကြောင့် အော်ကြီးဟစ်ကျယ်ပြောနေတာလဲ အမေ ထောင်ထွက်ပီသလိုက်တာနော် ကဲ လာ အိမ်ထဲဝင် အိမ်ထဲကျမှ ကျွ တို့ ပြောစရာရှိတာပြောကြမယ်"

"ဟမ် ငါ ဒီအိမ်ကြီးထဲ ဝင်ရမယ် ဟုတ်လား"

ခမ်းနားထည်ဝါသော အိမ်ကြီးကိုကြည့်ပြီး ဦးနေမင်း သဘေ ကျသွားသည်။

"ကဲလာ လာ"

အိမ်ကြီးထဲကို ဝင်ခဲ့ကြသည်။

"ဘယ်သူမှ မရှိကြဘူးလား အဲ မင်းရဲ့နောက်ယောကျ်ားအသ စက်စက်ကြီးကို ပြောတာနော်"

ခပ်ရွဲ့ရွဲ့မေးပြီး ဆိုဖာခုံကြီးမှာ ဝင်ထိုင်လိုက်သည်။





"မရှိဘူး မရှိလို့ ရှင့်ကို ဒီအိမ်ထဲဝင်ထိုင်ခိုင်းလို့ရတာပေါ့"

"မင်းမှာ လင်ပါသားတစ်ယောက်ရှိသေးတယ်ဆို"

တစ်ယောက်ချင်းလိုက်စပ်စုပြီး မေးနေသော ဦးနေမင်းကို ဒေါ်ယုသဉ္ဇာ ခပ်ချဉ်ချဉ်ကြည့်လိုက်ပြီး

"ရှင် တော်တော်စပ်စုပါလား ကိုနေမင်း"

"အေးပါ မစပ်စုတော့ပါဘူး ငါ လိုရင်းကိုပဲ ပြောတော့မယ်၊ ငါ့မှာ အခုနေစရာမရှိဘူး၊ အလုပ်လည်း မရှိသေးဘူး ဒီတော့ မင်း ခုချိန်ထိ နေစရာနဲ့အလုပ် မစီစဉ်ပေးသေးဘူးလား၊ ငါ ကားမောင်းမှာမို့ တက္ကစီတစ်စီးလောက်ဆိုရင် ဖြစ်တယ်၊ အိမ်ကလည်း ကန်ထရိုက်တိုက် အလွှာထဲက တစ်လွှာလောက်ဆိုရင် အဆင်ပြေပါတယ်၊ ငါ ဒီလောက် လောဘမကြီးပါဘူး"

လောဘမကြီးဘူးဟု သူ့ကိုယ်သူ အမွှန်းတင်နေသော ဦးနေမင်း ကို မနှစ်မြို့စွာကြည့်လိုက်ပြီး

"ရှင်လိုချင်တဲ့ဟာတွေက သိန်းလေးငါးဆယ်လောက်ပဲ ကုန် မယ်ဆိုရင်တော့လေ၊ ကျွန်မဝယ်ပေးပြီးတာကြာပြီ ခုဟာက သိန်းငါးရာ လောက်ရှိမှ ရှင်လိုချင်တာကို ဝယ်ပေးလို့ရမှာ"

"အေးလေ မင်းက အခု သူဌေးမယားဖြစ်နေပြီပဲ ဒီလောက် ငွေလေးသိန်းငါးရာလောက်ကို ခက်ခဲနေသလား"



www.burmeseclassic.com

www.burmeseclassic.com



"ခက်ခဲတာပေါ့"

"ဒါဆိုရင် ငါက မိန်းမရဲ့သားကိုလည်း ဆုံးရှုံးရသေးတယ်၊ ကိုယ့်မိန်းမကလည်း တခြားယောက်ျားနဲ့လက်ထပ်ပြီး ဘာမှလုပ်ပိုင်ခွင့် မရှိဘူးဆိုရင် ငါ အနစ်နာခံလိုက်ရတာတွေက အလကားပဲပေါ့"

"အဲ အဲလိုလည်း မဟုတ်ဘူးလေ၊ ဒီလောက်များတဲ့ငွေကို ကျွန်မက ကိုအောင်မြင်ဆီကနေ ဘယ်လိုအကြောင်းပြချက်နဲ့ တောင်းမလဲ၊ သူက အကြောင်းပြချက်ခိုင်လုံမှ ကျွန်မကို ထုတ်ပေးမှာပေါ့"

ဦးနေမင်း ခပ်မဲ့မဲ့ပြုံးလိုက်သည်။

"ကောင်းပြီလေ မင်းအတွက် အရမ်းအခက်အခဲဖြစ်နေတယ် ဆိုရင်တော့ ငါ လက်လျှော့လိုက်ပါမယ်၊ ဒါပေမဲ့ ငါ ဒီအိမ်မှာ လာနေမယ်"

"ဘာ"

ဒေါ်ယုသဏ္ဍာ ထိုင်နေရာမှ ဝုန်းခနဲ ထရပ်ပြီး ဘာလိုက်ခြင်း ဖြစ်၍ ဦးနေမင်းပါ ခန္ဓာကိုယ် ဆတ်ခနဲ တုန်သွားသည်။

"ရှင် ကျွန်မဘဝကို ဘယ်နှကြိမ်မြောက်ထပ်ပြီး ဖျက်ဆီးဦး မှာလဲ ကိုနေမင်း ဟမ် ရှင့်ကြောင့် ကျွန်မတို့သားအမိဘဝ လမ်းဘေးမှာ ခွက်ဆွဲပြီး တောင်းမစားရုံတမယ်ပဲ ရှိတော့တဲ့အခြေအနေမျိုးမှာ ကို အောင်မြင်က ကျွန်မတို့သားအမိကို ကယ်တင်ခဲ့တာ၊ ခု ကျွန်မတို့သား အမိဘဝလေး ငြိမ်းချမ်းနေတဲ့အချိန်မှာ ရှင် ထပ်ပြီးပေါ်လာတယ်၊ ဒီ





အိမ်ပေါ်မှာနေဖို့ကို ရှင်မို့ မတန်မရာ ပြောရက်တယ်"

ဦးနေမင်း ခပ်လျောင်လျောင် ရယ်မောလိုက်ပြီး သူ့ရှေ့ဆက်တီ စားပွဲပေါ်သို့ ခြေထောက်တင်လိုက်သည်။

"အဲဒီစားပွဲက ရှင့်ထက် အများကြီးတန်ဖိုးရှိတယ်၊ ရှင့်ခြေ ထောက်ကို ခုချလိုက်ပါ"

"ဟား ဟား ဟား မင်းတောင် အိမ်ဂုဏ်မောက်တတ်လာပြီ ကိုး ကွ ဟား ဟား ဟား ဟား ဒါပေမဲ့ မင်းသိထားရမှာက လောကကြီး က ကောင်းတာတွေကို ဘယ်တော့မှ ရပြီးမပေးဘူးကွ ရှင်းလား၊ ဒီတော့ မင်း ငြိမ်းငြိမ်းချမ်းချမ်းဆက်ပြီးနေချင်တယ်ဆိုရင် ငါ့ကိုပါ ဒီအိမ်မှာ နေခွင့်ပြု၊ ငါ မင်းယောက်ျားအနေနဲ့နေမှာမဟုတ်ပါဘူးကွ၊ မင်းရဲ့အစ်ကို တစ်ယောက်အဖြစ်နဲ့ နေမှာပါ၊ စိတ်ချ မင်းယောက်ျား လုံးဝမရိပ်မိအောင် နေပေးမယ်၊ ဒါကိုမှ လက်မခံဘူးဆိုရင်တော့ ငါ့ကို တိုက်ခန်းတစ်ခန်းနဲ့ ကားတစ်စီးဝယ်ပေး ဒါပဲ ဒီထက်ပိုပြီးတော့ ငါ ဘာမှမလိုက်လျောနိုင် ဘူး"

ဒေါ်ယုသဏ္ဍာ တွက်ပေါက်ပိတ်သွားသည်။

ယောက်ျားနှစ်ယောက်ကြားမှာ ဗျာများရဦးတော့မည်။

■ ■ ■

"ယုမှာ အစ်ကိုရှိတယ်လို့ ကိုယ့်ကို တစ်ခါမှမပြောခဲ့ဖူးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ယု ရုက်လို့မပြောခဲ့တာပါ။ အစ်ကိုက လူဆိုး လူမိုက်မို့ ထောင်ကျနေတာလေ"

ဒေါ်ယုသဏ္ဍာအဖို့ ဒီတစ်နည်းပဲ ရှိတော့တာမို့ ဦးနေမင်း အိမ် ပေါ်မှာနေခွင့်ရဖို့ကို လိမ်ညာပြီးပြောလိုက်သည်။

"ဩော် ဟုတ်လား ဘာအမှုနဲ့မို့ ဒီလောက်နှစ်အကြာကြီး ကျရတာလဲ ယု"

"ဟို ဟိုလေ နံပါတ် 4 ပါ၊ ခုတော့ လူကောင်းအဖြစ်နဲ့ ပြန် ထွက်လာတာပါ၊ သူ့မှာနေစရာမရှိတော့ ယုကို ဆက်သွယ်လာတယ်လေ၊ အစ်ကိုဆိုတော့လည်း ယု ဘယ်လိုဥပေက္ခာပြုလို့ရမလဲ ကိုရယ်"

မျက်ရည်ခံထိုးကာ အသနားခံလိုက်သည်နှင့် ဦးအောင်မြင်က ပျော့ချင်လာသည်။

"ဘာလို့ ဝမ်းနည်းနေတာလဲ ယုရယ်၊ ယုအစ်ကိုဆိုမှတော့ ကိုယ်နဲ့ဆွေမျိုးတော်နေပြီပဲ၊ ဒီတော့ ဒီမှာပဲ လာနေဖို့ခေါ်ထားလိုက်ပါ လား"

ဒေါ်ယုသဏ္ဍာ ဝွင်ထဲသို့ တန်းတန်းမတ်မတ် ဝင်လာသော ဦး အောင်မြင်၏လိုက်လျောမှုတွေကြောင့် မျက်ရည်တွေကြားမှ ဝမ်းသာစွာ ပြုံးလိုက်ပြီး

"ကျေးဇူးတင်ပါတယ် ကိုရယ်၊ ဒါဆို ယု ကိုနေမင်းကို ဒီမှာ





လာနေဖို့ ခေါ်လိုက်တော့မယ်နော်"

"အင်း ခေါ်လိုက်ပါ၊ ကိုယ် ခွေးခွေးထွေးထွေးနဲ့ကို ကြိုဆို ပါတယ်ကွာ"

စိတ်သဘောထားပြည့်ဝသော ဦးအောင်မြင်သည် ဒေါ်ယုသဏ္ဍာ အတွက်တော့ ဆွဲကိုင်လှုပ်ရမ်း၍ရသော အရုပ်ကလေးတစ်ရုပ်နှယ်။

မိန်းမဖျက်လျှင် ပြည်တောင်ပျက်သေးသည် မဟုတ်လား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ဒီနေ့ သင်တန်းမှာ ကိုယ်ဖတ်လာရသည့် ရှေးဟောင်းဝတ္ထုတွေကို ဆရာကြီးနှင့်တခြားသင်တန်းသားများအား pitching ပြောရမည်မို့ အတန်းရှေ့ထွက်ပြီး တစ်ယောက်ချင်းပြောပြရသည်။

"မောင်ထိုက်သု မနေ့က ဆရာကြီးပေးဖတ်တဲ့ မောင်ရင်မောင် မမယ်မဇာတ်ကို ဖတ်ခဲ့ရဲ့လား"

ဆရာကြီးအမေးကို ထိုက်သု ရယ်ကျဲကျဲဖြင့် ခေါင်းခါပြရင်း

"ကျွန်တော် မအားလို့ မဖတ်ဖြစ်ခဲ့ပါဘူး ဆရာကြီး"

"ဟေ ဘာကြောင့် မအားရတာတုံးကွ"

သဘောကောင်းလွန်းသော ဆရာကြီးသည် သူခိုင်းသောအိမ်စာတွေကို မလုပ်လာလျှင် ဆူခြင်းပြောခြင်းမရှိသဖြင့် ထိုက်သုသည်





ဆယ်တော့မှ pitching ထွက်မပြောဖြစ်ခဲ့ပါ။

"ဆရာကြီး ကျွန်တော် အဲဒီဇာတ်လမ်းကို ပြောပြနိုင်ပါတယ်"

နောက်ဆုံးတန်းမှာ ထိုင်နေသော ပိုင်သူခန့်မှာ စာပေဝါသနာ ထုံးပိပိ သူဖတ်ပြီးသားဇာတ်မို့ ပြောဖို့ခွင့်တောင်းလာသည်။ ဆရာကြီး ဦးကြည်စိုးထွန်း အာရုံတွေ ပိုင်သူခန့်ဆီ ရောက်သွား၏။

"အေး ဒါဆိုရင် ပြောလေ၊ လာ ဒီအတန်းရှေ့ထွက်ပြော"

ပိုင်သူခန့် အတန်းရှေ့ထွက်လာပြီး ထိုက်သုမပြောနိုင်သော မောင်ရင်မောင် မမယ်မဇာတ်ကို စီကာပတ်ကုံး ပြောပြသည်။

ကျန်သည့်သင်တန်းသားအချို့လည်း ကိုယ်ဖတ်ခဲ့သည့်ဝတ္ထုများကို အားလုံးထွက်ပြောကြသည်။

ဂန္ဓာရုံလည်း သူဖတ်ခဲ့သော ပန်းသာမစာဥဝတ္ထုကို ဇာတ်လမ်းဇာတ်ကွက်စေ့အောင် ထွက်ပြောသည်။ ဂန္ဓာရုံ ပြောနေချိန်တစ်လျှောက်လုံး ကဝိ အကြည့်တွေသည် ဂန္ဓာရုံထံမှ တစ်ချက်လေးမှ မခွာ။

အားလုံးကလည်း ပုံပြင်ပြောကောင်းသော ဂန္ဓာရုံ၏ဇာတ်လမ်းထဲတွင် နစ်မျောလျက်ရှိကြသည်။ ဂန္ဓာရုံပြောအပြီးတွင် လက်ခုပ်သံတဖြောင်းဖြောင်း ခပ်ညံညံ ထွက်ပေါ်လာသည်။

"ကဲ အားလုံး ပြောပြီးပြီဆိုတော့ သား ကဝိကရော မပြောနိုင်ပေမယ့် ဇာတ်လမ်းအကျဉ်းချုပ်ကလေး ရေးလာတာ ရှိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးအဝေးကို တရိုတသေ ခေါင်းဆတ်ပြလိုက်ပြီး ဖိုင်ထဲ rSA$_4$ ဖြင့် ရေးချလာသော ဇာတ်လမ်းအကျဉ်းချုပ်ကို ဆရာကြီးဆီ သွားပေးလိုက်သည်။

"ကဲ ဂန္ဓာရုံ သမီးက အသံနေအသံထားမှန်မှန်နဲ့ စိတ်ဝင်စားအောင် ပြောနိုင်တဲ့အတွက် သမီးကပဲ ဖတ်ပြပေးပါကွယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ကဝိ ရေးလာသော ဇာတ်လမ်းအကျဉ်းချုပ်ကို ဂန္ဓာရုံ အကောင်းဆုံးနှင့် အပြေပြစ်ဆုံး လေယူလေသိမ်းဖြင့် တစ်ခန်းလုံးကြား အောင် ဖတ်ပြလေသည်။

"ကဲ ဒီနေ့ pitching ပြောကြတာတွေအားလုံး ကောင်းပါတယ်။ ဆရာကြီး မင်းတို့ကို ဘာကြောင့် ဒီလို နာမည်ကြီးဝတ္ထုတွေ ဖတ်နိုင်းပြီး ခုလို ထွက်ပြောနိုင်းရတာလဲဆိုတော့ မင်းတို့ဟာ အနုပညာကို ဖန်တီးကြမယ့်သူတွေဖြစ်တဲ့အတွက် အထူးသဖြင့် ဒါရိုက်တာ တစ်ယောက် ဇာတ်ညွှန်းရေးဆရာကောင်းတစ်ယောက် ဖြစ်အောင် ကြိုးစားနေကြတဲ့သူတွေမို့ ကိုယ့်အနုပညာကို ကိုယ်တိုင်ယုံကြည်ဖို့လိုတယ်"

ဆရာကြီးသင်ပြသော လက်ချာတွေကို သင်တန်းသားအားလုံး ဂရုတစိုက် နားထောင်နေကြချိန်တွင် ထိုက်သုမှာ ဖုန်းတစ်လုံးဖြင့် မက်ဆေ့ချ် ပို့နေ၏။





"ဆရာကြီးတို့အနုပညာလောကထဲကို စမ်းသပ်ချင်ရုံသက်သက်နဲ့ တကယ့်ဝါသနာအရင်းခံပြီး ဝင်လာတာမဟုတ်တဲ့နဲ့တော့ အောင်မြင်မှုဆိုတာ မရနိုင်ဘူး"

ဂန္ဓာရုံ ထိုက်သု၏စိတ်ဝင်စားဟန်မရှိသော ပုံစံကိုကြည့်ပြီး သိမသာ မျက်စောင်းထိုးလိုက်သည်။ သင်တန်းလာပြီး ဆရာစာသင်သည်ကို မသိကျိုးကျွံပြုနေတာဟာ ဆရာကြီးကို စော်ကားနေတာပဲဟု ဂန္ဓာရုံ ထင်သည်။ ထို့ကြောင့် ထိုက်သုသည် ဂန္ဓာရုံအတွက်တော့ အထင်သေးစရာကောင်းသောသူ ဘယ်တော့မှ ဖြစ်လာမည် မဟုတ်ချေ။

■ ■ ■

"ဒါဘာလုပ်တာလဲ ထိုက်သု"

ရှေ့ကနေ ပိတ်ရပ်နေသော ထိုက်သု၏မချိုမချဉ်မျက်နှာကြောင့် ဂန္ဓာရုံ ခပ်တင်းတင်းလေသံဖြင့် မေးလိုက်သည်။

"အဟဲ နင့်ကို ကားတင်ပြေးဖို့မဟုတ်ပါဘူး။ ငါ့သူငယ်ချင်းတစ်ယောက်နဲ့ မိတ်ဆက်ပေးချင်လို့ပါ"

ကားထဲမှ ခွန်းသစ် ထွက်လာသည်။ ဂန္ဓာရုံကို ရယ်ပြ၏။ ဂန္ဓာရုံ မျက်နှာထားတင်းတင်းနှင့် ခွန်းသစ်ကို စိတ်မဝင်စားသလို ပြန်ကြည့်သည်။

"ငါ ဘယ်သူနဲ့မှ မိတ်မဆက်ချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ချောသလောက် အားနာခြင်းအလျှဉ်းမရှိတာ ဂန္ဓာရုံ...ဖြစ်သည်။

"သူက ကဝိရဲ့ အစ်ကိုလေ"

"ဟင်"

ကဝိအစ်ကိုဆို၍ ဂန္ဓာရုံမျက်နှာကြော အနည်းငယ် ပြေ...သွားပြီး ခွန်းသစ်ကို ပြန်ပြီး အကဲခတ်ကြည့်လိုက်သည်။ ကဝိအ...သာဆိုသည့် ကဝိနှင့် ရုပ်ချင်းမဆင်သလို ဝတ်စားဆင်ယင်ပုံကလ...ကဝိလို တည်တည်ငြိမ်ငြိမ်မဟုတ်။ လမ်းသရဲဆန်သည်။

"ကဝိသူငယ်ချင်းဆိုတော့ ကိုယ်နဲ့လည်း သူငယ်ချင်းဖြစ်...ရှိတယ်မဟုတ်လား။ ဂန္ဓာရုံဆိုတဲ့နာမည်ကို ကြားဖူးကတည်းက စိတ်...ထဲမှာ ပုံဖော်ကြည့်ခဲ့ဖူးတယ်၊ တော်တော်လေးကို လှတယ်၊ ခုအပြ...မြင်လိုက်ရတော့ ကိုယ်ပုံဖော်ထားတဲ့ ဂန္ဓာရုံထက်တောင် ပိုလှနေ...တယ်"

စတွေ့သည်နှင့် ရိသဲ့သဲ့လုပ်ချင်နေသော ကဝိအစ်ကိုဆို...ဂန္ဓာရုံ နည်းနည်းမှ ခင်မင်လိုစိတ်မဖြစ်မိ။

"ကိုယ့်နာမည် ခွန်းသစ်နေပါ"

"ဟုတ်ကဲ့ မှတ်ထားပါ့မယ်"

ကဝိမျက်နှာရှိနေ၍သာ အလိုက်အထိုက် ပြန်ပြောလိုက်...





...သည်။

"ဘယ်ပြန်မှာလဲ ကိုယ်လိုက်ပို့ပေးမယ်လေ"

"ဟင့်အင်း ရတယ် မပို့ပါနဲ့"

စတိုးဆိုင်တစ်ခုမှ ကဝိ ထွက်လာသည်။ ခွန်းသစ်နှင့်ထိုက်သု...မြင်တော့ ခြေလှမ်းတွေ တုံ့သွားသည်။ လက်ထဲမှ ဂန္ဓာရုံအတွက်...လာသည့် ရေခဲမုန့်ကို ငုံ့ကြည့်လိုက်သည်။ ဘယ်လိုလုပ်ရပါ့။

ခွန်းသစ်နှင့်မျက်နှာချင်းမဆိုင်ချင်၍ လှည့်ပြန်လျှင်လည်း ဂန္ဓာ...ကို ရေခဲမုန့်ကျွေးမည့်အစီအစဉ်ကို ဖျက်ရမည်။

အတွေးတို့မဆုံးခင်မှာ ဂန္ဓာရုံ ကဝိကိုလှမ်းမြင်သွားသည်။

"ကဝိ မြန်မြန်လာလေ၊ ရေခဲမုန့်သွားဝယ်တာ ကြာလိုက်တာ"

ဘယ်လိုမှ ရှောင်လွှဲမရတော့သည်မို့ ဂန္ဓာရုံနားသို့ လျှောက်လာ...လိုက်သည်။ ခွန်းသစ် ဟန်ဆောင်အပြုံးဖြင့် ကဝိကို လှမ်းကြည့်ကာ

"ညီ လာလေ ကိုကိုက မင်းကိုလာကြိုတာကွ"

ဟန်ဆောင်ပြောနေမှန်းသိပေမယ့် ဂန္ဓာရုံရှေ့မှာ ခွန်းသစ်နှင့်...သနာမတက်ချင်။ ထို့ကြောင့် သွားစရာရှိကြောင်း လက်ဟန်ပြပြီး...ပြောလိုက်သည်။

"ဟုတ်ပါပြီ မင်းတို့ဘယ်သွားမှာလဲ လာပါ ကိုယ်ဝင်ပို့ပေးပါ့...ယ်၊ ဒယ်ဒီက ဒီညနေ မင်းကိုကြိုပြီး အိမ်ကိုစောစောပြန်ခဲ့ပါလို့ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ကို မှာထားလို့ လာကြိုတာ၊ လာ ကားပေါ်မြန်မြန်တက်"

ခွန်းသစ်လက်ကို အတင်းဆွဲပြီး ကားပေါ်တက်ခိုင်းနေသ

ကဝိ ဘယ်လိုမှငြင်း၍မရ။

"လာလေ ရုံရုံ ငါတို့နဲ့လိုက်ခဲ့ပါ ကဝိ ပါနေတာပဲ"

ကဝိ ဂန္ဓာရုံကို မလိုက်စေချင်သည့် အကြည့်ဖြင့်လှမ်းကြ

သည်။ ဂန္ဓာရုံကလည်း ပါးနပ်သည်။ ကဝိ၏မျက်နှာပေါ်မှ အရိပ်

ကောင်းစွာ ဖတ်တတ်သူပီပီ

"ဟင့်အင်း ရုံရုံ မလိုက်တော့ဘူးနော် ကဝိ၊ သူငယ်ချင်း

ယောက်နဲ့ ချိန်းထားလို့ သွားတော့မယ်"

ကဝိ လက်ထဲမှ ရေခဲမုန့်ကို ဂန္ဓာရုံကို လှမ်းပေးလိုက်သည

သွားတော့ဆိုသည့် သဘော။ ဂန္ဓာရုံ ကမ်းပေးသော ရေခဲမုန့်ကို လှ

ကာ ကဝိတို့နားမှ ချာခနဲ လှည့်ထွက်ခဲ့ပြီး တက္ကစီတစ်စီးကို လှမ်း

လိုက်သည်။ ကားရပ်သည်နှင့် ဘယ်သွားမည်ဆိုတာကိုပင် မပြော

တော့ဘဲ ကားတံခါးဖွင့်ကာ ကားပေါ်တက်သည်။

ဂန္ဓာရုံ ရင်ထဲ မရှင်းသည်က ကဝိ မျက်နှာပေါ်မှ အဓိပ္ပာ

မဖော်တတ်သော အကြည့်တွေကိုပဲ ဖြစ်သည်။

■ ■ ■



## အခန်း (၁၂)

"ကဲ ငါတို့သွားစရာရှိလို့ မင်းအစီအစဉ်နဲ့ မင်းပြန်တော့ ကဝိ"

ဂန္ဓာရုံ၏အရိပ် မျက်စိရှေ့မှကွယ်ပြီးသည်နှင့် ခွန်းသစ်၏ နဂို

သရုပ် ပြန်ပေါ်လာသည်။

ငါထင်တဲ့အတိုင်း မင်းငါ့ကို အကြံအဖန်လာလုပ်တာမဟုတ်

လားဟူသောအကြည့်ဖြင့် ကဝိ ကြည့်လိုက်သည်။ ထိုက်သူ စပ်ဖြဲဖြဲ

ယ်ရင်း ခွန်းသစ်နှင့်ကဝိ၏အခြေအနေကို ဒီထက်ပိုမတင်းမာစေလို၍

"ကဝိ ငါတို့ ဒီည ကလပ်သွားမှာ မင်းလိုက်မလား"

ထိုက်သူ၏အမေးကို ကဝိ ခေါင်းခါပြသည်။

"ဟေ့ ခွန်းသစ်နဲ့ထိုက်သူ မင်းတို့ဘယ်ရွှေ့ကြမလို့လဲ"

ကားတစ်စီး အနားမှာ ကျွီခနဲလာရပ်ပြီး ကဝိတို့အရွယ် ခပ်



www.burmeseclassic.com

www.burmeseclassic.com



ဟော့ဟော့လေးယောက် ကားပေါ်မှဆင်းလာပြီး ကားနားလာရပ်သည်။

အားလုံး အရက်သောက်ထားကြပုံပေါ်၏။ မျက်လုံးတွေ ရဲနေ ကာ အနံ့တထောင်းထောင်း ထနေသည်။

“ဒီည ချိန်းပွဲရှိတယ်၊ ငါတို့လစ်မလို့၊ အလန်းလေးတွေလည်း ပါမှာနော်၊ စိတ်ဝင်စားရင် ပူးပေါင်းလိုက်လို့ရတယ်”

“အလန်းလေးတွေဆိုရင်တော့ စိတ်ဝင်စားတယ်၊ ပူးပေါင်းမယ် လေ၊ ဒါနဲ့ သူက ဘော်ဒါအသစ်လား”

ကဝိကို မေးဆတ်ပြကာ မေးသည်။ ခွန်းသစ် မဲ့လိုက်သည်။

“အဲဒါ ခွန်းသစ်နဲ့အဖေမတူ အမေကွဲတွေလေ”

“ဟာ ဘာလဲဟ”

“ကဲပါကွာ မင်းတို့ကလေ ယောက်ျားတွေတန်မဲ့ အတော်စပ် ကြတယ်၊ ခုလောလောဆယ် ငါတို့ ဘီယာဆိုင်ကိုသွားမလို့”

ထိုက်သူ စကားစဖြတ်သည်။

“ဘယ်လိုလဲ မိုက်ကယ် မင်းတို့လိုက်မှာလား”

ခွန်းသစ်အမေးကြောင့် မိုက်ကယ် ကျန်သုံးယောက်ကို ဖြဲကြည့် သည်။

“ဘယ်လိုလဲ မင်းတို့ဖယားတွေကို ခဏခေါက်လို့ရရင် ဒီ ဒီကောင်တွေနဲ့ ကဲလို့ရတယ်နော်”



“ရတယ် ဂျော်နီတို့က ရှော့ခ်မရှိဘူး၊ ဟိုကောင် ဌွန်နဲ့ကိုဖြိုး ဒီည ဒီည သူ့ကောင်မလေးတွေနဲ့ ဖယားရွှေ့မှာ”

ဌွန်နှင့်ကိုဖြိုးကလည်း အပေါင်းအသင်းကို ချစ်သူတွေထက် င်သည့်အတွက် ချက်ချင်းပေါင်းမိသွားသည်။

“ကဲ ကဝိ မထူးပါဘူး မင်းပါ လိုက်ခဲ့လိုက်ပါကွာ”

ထိုက်သူ ခွန်းသစ်ကို မျက်စပစ်ပြပြီး ကဝိကိုပါ လိုက်ခဲ့ဖို့ သည်။

ကဝိ ခေါင်းခါပြပြီး ကားပေါ်မှဆင်းရန် ဟန်ပြင်သည်။

ခွန်းသစ် ဖမ်းဆွဲထားပြီး

“မင်းပါလိုက်ခဲ့ရမယ် ကဝိ”

“ဟုတ်တယ် ကဝိ လိုက်ခဲ့ပါကွာ၊ မင်းစဝတိုင်က အဘိုးကြီးအို က်စလေးလိုပဲ ကြည့်ရတာ အိုစာလိုက်တာ”

ထိုက်သူ ကားစက်နှိုးသည်။ ကဝိ လိုက်ချင်စိတ်မရှိ၍ ငူငူ နေသည်။ ထိုက်သူ တဟားဟားရယ်ပြီး ကားစထွက်သည်။

ဂျော်နီတို့အဖွဲ့ ပေါးခနဲ ပိုင်းအော်ကာ သူတို့ကားပေါ် တက် ကြပြီး နောက်မှလိုက်လာကြသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



ဘီယာဆိုင်ရှေ့ ကားရပ်သည်နှင့် ခွန်းသစ် ကဝိကို ဘီယာဆိုင်ထဲ အတင်းဆွဲခေါ်လာသည်။ ကဝိ လုံးဝ ရုန်း၍မရအောင် ထိုက်သူကဘေးကနေ ချုပ်ပေးထား၏။

"ကဝိ တစ်ခါတလေ ပျော်ပျော်ပါးပါး သောက်ကြတာမျိုးကျမင်းကလည်း"

ဂျော်နီတို့အဖွဲ့လည်း ရောက်လာပြီး ဘီယာဆိုင်ထဲလိုက်ဝင်လာကြသည်။ ထိုက်သု ဘီယာနှင့်အမြည်းကို ဝိတ်တာလေးတွေဆီမှာသည်။

ကဝိကို ထိုင်ခုံမှာ အတင်းထိုင်ခိုင်းကြသည်။ ဘီယာလုံးဝမသောက်ချင်ကြောင်း ကဝိ အမူအရာနှင့်ပြသည်။ အားလုံး ကဝိကိုဂရုမစိုက်ကြ။

ခဏကြာတော့ ဝိတ်တာလေး ဘီယာဘူးနှင့်အမြည်းတွေ လာချပေးသည်။

ခွန်းသစ် ဘီယာတစ်ဘူးကို အရင်ဆုံးဖောက်လိုက်ပြီး

"ရော့ သောက်"

ကဝိ ခေါင်းခါသည်။

"မသောက်လို့မရဘူး။ မင်းယောက်ျားမဟုတ်ဘူးလား။ ယောက်ျားမှန်ရင် ဘီယာ အရက် မိန်းမ မကင်းဘူးကွ ရှင်းလား"

ကဝိပါးစပ်မှာ အတင်းတေ့ပြီး မော့ခိုင်းသည်။





"သောက်လိုက်ပါ ကဝိရာ ဂျဲခေါ်ဒါတွေနဲ့ ဆုံတဲ့အထိမ်းအမှတ်နဲ့ပေါ့"

"ဟုတ်ပါတယ် ခော်ဒါရာ ဒါလေးဝင်သွားရင် ခော်ဒါစိတ်တွေလုံးဝ လတ်ဆတ်သွားလိမ့်မယ်၊ ပြီးရင် ကလပ်သွားမယ် ကောင်မလေးတွေနဲ့ ရှိတ်မယ်"

ဂျော်နီတို့အဖွဲ့ကပါ ဝိုင်း၍မြှောက်ပေးသည်။ မသောက်ဘူးဟုဘယ်လောက်ပင် ငြင်းငြင်း ကဝိပါးစပ်ထဲ ဘီယာတွေ ဖိတ်တစ်ဝက်စင်တစ်ဝက်နှင့် ဝင်တော့ဝင်သွားသည်။

လည်ချောင်းထဲပူဆင်းသွားကာ ခါးသက်သောအရသာက ဘာမှ မက်လောက်သောအရသာကို သူ့အတွက် မပေးစွမ်းနိုင်။

"ရော့ ထပ်သောက်ဦး ပြီးရင် ဟောဒီချိစ်ကလေးနဲ့မြည်း၊ ဟားဟား ဟား ပြီးရင် ငါတို့အတူတူ ပျော်ပျော်ပါးပါးပေါ့၊ ဒီညငါအိမ်မပြန်ဘူး။ ကဝိ မင်းတို့အိမ်မှာ လိုက်အိပ်မယ်"

ရေချိန်ကိုက်စပြုနေသော ထိုက်သုတို့အဖွဲ့ကိုကြည့်ပြီး ကဝိစိတ်ပျက်နေသည်။

ကိုယ့်ကိုယ်က ဘီယာနံ့နှင့် ကဝိအိမ်ပြန်လျှင် ဒယ်ဒီ အဆူခံရတော့မည်။

ခွန်းသစ် ဒီတစ်ကြိမ်လည်း ကဝိကို ချောက်တွန်းကာပြန်ညာဝိ



www.burmeseclassic.com

www.burmeseclassic.com



နို့ ခွန်အသစ်ကို စိတ်ထဲမှာ မှန်းတီးနေသည်။

အဲဒီကောင်. လူယုတ်မာ။

■ ■ ■



## အခန်း (၁၃)

"ဒါ ယုရဲ့အစ်ကို ကိုနေမင်းလေ"

လက်ထပ်ပြီးကတည်းက တစ်ခါမှမမြင်ဘူးသော ယောက်ဖမို့ ဦးအောင်မြင် နွေးထွေးစွာ ပြုံးပြနှုတ်ဆက်ပြီး

"တွေ့ရတာ ဝမ်းသာပါတယ် ကိုနေမင်း"

"ကျွန်တော်က ပိုပြီးဝမ်းသာပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ကို ဒီအိမ်မှာ နေခွင့်ပေးလို့ပါ၊ ဒါကြောင့် ဒီကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူး"

ကျေးဇူးတရားသိသော လူ့ယဉ်ကျေးတစ်ယောက်လို ဟန်ဆောင်ကောင်းနေသော ဦးနေမင်းနှင့် ရိုးသားမြင့်မြတ်သော ဦးအောင်မြင်ကိုကြည့်ပြီး ဒေါ်ယုသဉ္ဇာ စိတ်မောလှမော ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားနှစ်ယောက်ကြားမှာ ဗျာများရမည့်ဒုက္ခလောက် ဘယ်ဒုက္ခက ပိုဦးမလဲ။

"ကိုနေမင်းက ယုအစ်ကိုပဲ၊ ကျွန်တော့်မှာ ကူညီစောင့်ရှောက်ရမယ့်ဝတ္တရားရှိပါတယ်ဗျာ၊ ဒီအိမ်ကို ကိုယ့်အိမ်လိုသဘောထားပြီး လွတ်လွတ်လပ်လပ်နေပါ"

"ဒါ ဒါပေမဲ့ ကျွန်တော် တောင်းဆိုစရာလေးတစ်ခုတော့ ရှိပါတယ်"

ဒေါ်ယုသဇ္ဈာ ဦးနေမင်းကို ဖျတ်ခနဲ လှမ်းကြည့်သည်။ ဘာတွေများ အခွင့်အရေးယူဦးမည် မသိ။

"ပြောပါ ကျွန်တော် ဘာစီစဉ်ပေးရမလဲ"

"ဟိုလေ ကျွန်တော်က ထောင်ထွက်တစ်ယောက်ပါ၊ ကိုယ်နဲ့ မတန်မရာအလုပ်မျိုးတောင်းတာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ထောင်ထွက်ကလည်းဖြစ်ပြန် အလုပ်ကလည်း မရှိပြန်ဆိုရင် လူပိုတစ်ယောက်ဖြစ်နေမှာစိုးတယ်၊ ဒါကြောင့် တက္ကစီမောင်းချင်ပါတယ်"

သူကိုယ်တိုင် တောင်းဆိုလိုက်သော အခွင့်အရေးကြောင့် ဒေါ်ယုသဇ္ဈာ ဦးအောင်မြင်ကို စိတ်မလုံစွာ လှမ်းကြည့်သည်။

"အို ကိုနေမင်းကလည်း ဒီမှာနေခွင့်ရနေပြီပဲ၊ ဒီအိမ်က အလုပ်ကို ဝိုင်းလုပ်ပေါ့"





ဦးအောင်မြင် ဒေါ်ယုသဇ္ဈာကို လက်ကာပြသည်။

"အိမ်ကအလုပ်နဲ့ ကိုယ့်ကိုယ်ပိုင်အလုပ်နဲ့တော့ မတူဘူးပေါ့ ယုရယ်"

"ဒါဆို ကိုက ဝယ်ပေးမလို့လား"

"အင်း ကိုယ်စီစဉ်ပေးလိုက်မယ် ဒါမှ ကိုနေမင်းလည်း ကိုယ့်အလုပ်ကိုယ့်အကိုင်နဲ့ဆိုတော့ နေရတာ ပိုပြီး တင့်တယ်တာပေါ့"

"တ တကယ်လား ဟား ဝမ်းသာလိုက်တာ ယောက်ဖရယ်၊ စိတ်ချပါ ကျွန်တော့်ကြောင့်ဘယ်သူ့မှ စိတ်အနှောင့်အယှက်မဖြစ်စေရပါဘူး"

ကတိတွေအထပ်ထပ်ပေးနေသော ဦးနေမင်း၏အကြံအစည်တွေကို ဦးအောင်မြင် မသိပေမယ့် ဒေါ်ယုသဇ္ဈာက သိနေသည်မို့ စိတ်ထဲမှာ ဦးနေမင်းကို မကျေမနပ်ဖြစ်နေသည်။

ဒီလူ နောက်ထပ် နောက်ထပ် ဘာတွေထပ်တောင်းဆိုဦးမလဲ။

■ ■ ■

ကဝိနှင့်မိန်းကလေးတစ်ယောက် ကားပေါ်မှာ ဖက်လျက်နမ်းနေသော မြင်ကွင်းကို Facebook ပေါ်မှာ ရုတ်တရက်မြင်လိုက်ရချင်ဂန္ဓာရုံ စိတ်အနှောင့်အယှက်ဖြစ်သွားသည်။

ကဝိကို ရိုးသားသူဟုထင်ကာ သူ့အားနည်းချက်ကိုပင်မမြင်။



www.burmeseclassic.com

www.burmeseclassic.com



တိတ်တခိုးစိတ်လှုပ်ရှားမိသည်မှာ လုံးဝကို မှားသွားပြီ။

ထို့ကြောင့် ကဝိကို သက်သေပြရန် ထိုပုံကို share ထားလိုက်ပြီး comment ဝင်ရေးပေးလိုက်သည်။

"ကဝိ ရှင် တကျောချွမ်းမှန်း ခုမှပဲ သိတော့တယ်"

"ဟဲ့ သမီး ဘာတွေမရိုးသားနေတာလဲ"

အခန်းထဲဝင်လာသော မေမေ့အမေးကြောင့် အင်တာနက်ကြည့်ရင်း ဒေါသဖြစ်နေသော ရှုံ့မျက်နှာ တင်းမာခြင်းတွေ အနည်းငယ်ပြေလျော့သွားပြီး

"ခြည်ပ် အွန်လိုင်းပေါ်က Friends တွေကို ရိုးသားတယ်လို့ထင်တာ၊ မရိုးသားဘူးလို့ပြောနေတာပါ မေမေ"

"အမလေး အဲဒီလို မရိုးသားတဲ့ယောက်ျားလေးမျိုးကို သွားပြီးမပတ်သက်နဲ့နော် သမီး၊ ဒီခေတ်ယောက်ျားလေးတွေက အွန်လိုင်းပေါ်မှာ လူပျိုလှည့်နေကြတာ၊ မိန်းကလေးတွေက ဒါကိုသာယာပြီး တစ်နေရာမှာချိန်းကြ ဘဝကိုပုံအောပေးကြ၊ နောက်တော့ အိမ်ထောင်တွေရှိနေလို့ ကိုယ်က အလိုလိုမယားငယ်ဘဝကို ရောက်သွားရော"

အိမ်ထဲမှာနေသော မိခင်ပါ ခေတ်ရေစီးကြောင်းကို သဘောပေါက်နေသည်မို့ ရှုံ့ ဘာမှစောဒကမတက်တော့ဘဲ

"ဟုတ်ကဲ့ ရှုံ့က အဲလိုပုံစံမျိုးနဲ့တော့ မပတ်သက်ပါဘူး မေမေ



ရာ၊ ကိုယ်မသိတဲ့ယောက်ျားလေးတွေ ရှုံ့ကိုလာပြီး Hi ရင်တောင် ရှုံ့က ပြန်ပြီး မ Hi ဘူး။ စိတ်ချ ချက်တင်ထိုင်ရတာ ဝါသနာကိုမပါတာ"

မိခင်သည် ဂန္ဓာရုံ၏ဆံနွယ်ခွေခွေတွေကို တယုတယပွတ်သပ်ရင်း သမီးဖြစ်သူ၏ရိုးသားမှုကို အကြွင်းမဲ့ယုံကြည်နေ၏။

"ဒါနဲ့ သမီးပြောပြောနေတဲ့ ဟို စကားမပြောတတ်တဲ့ ကောင်လေးရော သင်တန်းမှန်မှန်တက်ရဲ့လား"

"အင်း တက်တယ် မေမေ၊ သူက စကားသာမပြောနိုင်တာ စိတ်ကူးတအားကောင်းတယ်၊ ဆရာကြီးပေးလိုက်တဲ့အိမ်စာတွေဆိုရင် မှန်မှန်လုပ်တယ်၊ စာလည်းတအားဖတ်တော့ ဆရာကြီးက သူ့ကို သဘောကျတယ်"

"အေးပေါ့ သမီးရယ် လူတစ်ယောက်မှာ အားနည်းချက်ရှိသလို အားသာချက်တွေလည်း ရှိကြစမြဲပါပဲ၊ ဘဝကို အရှုံးမပေးတဲ့လူငယ်လေးမို့ မေမေကတော့ ချီးကျူးတယ်၊ ဒီလိုကလေးမျိုးတွေက ထူးချွန်တတ်တယ်"

ကဝိကို မမြင်ဘူးဘဲ ချီးမွမ်းခန်းတွေဖွင့်နေသော မိခင်စကားကြောင့် ဂန္ဓာရုံ မဲ့လိုက်သည်။

မိန်းမတွေနဲ့ပတ်သက်ပြီး သူ မရိုးသားတာ မေမေမှမသိဘဲ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"ဟင် အဖေ"

ဦးနေမင်းကိုမြင်လိုက်သည်နှင့် ခွန်းသစ် မျက်လုံးအစုံမှာ ပြူး ကျယ်ဝိုင်းစက်သွားသည်။

အဖေက ဘာဖြစ်လို့ အိမ်ပေါ်ရောက်နေရသလဲဆိုတာ ခွန်းသစ် နားမလည်။ အမေ ဘာတွေလုပ်နေတာလဲ။ အဖေ့ကို ဒီအိမ်ကိုလာခိုင်း နေတာဟာ ကိုယ့်သေတွင်းကိုယ် တူးနေတာနှင့်တူမနေဘူးလား။

"သား မင်းအဖေလေ ဘာတွေကြောင်ကြည့်နေတာလဲ"

သားအဖချင်းမတွေ့ရသည့်နှစ်တွေကြာနေပြီမို့ ဟန်ဆောင်တာ တွေ ဘေးဖယ်ထားပြီး ခွန်းသစ်ကို ပြေးဖက်သည်။ ဦးနေမင်း မျက်နှာမှာ ပြုံးပျော်နေသလောက် ခွန်းသစ် မပျော်နိုင်။





"အဖေ ဒီအိမ်ကို ဘာလာလုပ်တာလဲ၊ ဒီနေရာက အဖေ လာရမယ့်နေရာ မဟုတ်ဘူး"

ရင့်သီးစိမ်းပြတ်သော ခွန်းသစ်စကားကြောင့် ဦးနေမင်း မျက်နှာ ပျက်သွားသည်။ သား သူ့အပေါ် တော်တော်လေး စိမ်းသွားသည်မို့ အပြစ်ဟု၍တော့ မြင်မနေတော့။

"အဖေ ဒီအိမ်မှာနေမလို့ သား"

"ဗျာ"

ခွန်းသစ် ပို၍တုန်လှုပ်သွားသည်။

"မ မဖြစ်နိုင်ဘူး အဖေ၊ ဘယ်လိုမှ မသင့်တော်တဲ့ကိစ္စကြီးပဲ ဦးအောင်မြင် သိထားတာက အမေ့ကို မုဆိုးမ ကလေးတစ်ယောက် အမေအဖြစ်နဲ့ သိထားတာ"

အလိမ်အညာတွေနှင့် အမေက ဒီလိုဘဝမျိုးရောက်အောင် ကလဖန်တီးခဲ့ပြီး ထိုအလိမ်အညာတွေကြောင့် နဂိုဘဝကို ပြန်ရောက်ရ မည့်အဖြစ်ကိုတော့ ခွန်းသစ် လက်မခံနိုင်။

"မင်းကွာ ဘယ်လို သားသမီးလဲ၊ နှစ်တွေအကြာကြီးခွဲပြီး ထောင်ကျနေရတဲ့ ဖအေကို ဒီလိုပုံစံနဲ့ ကြိုဆိုရသလားကွ ဟမ် သား"

"ဆောရီးပဲ အဖေ သား ဒီဘဝကနေ ဒီထက်နိမ့်ကျတဲ့ဘဝ ကို ပြန်မဆင်းနိုင်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဦးနေမင်း စိတ်မကောင်းဖြစ်သွားသည်။ ဖအေကို တွေ့တာ ဝမ်းမသာဘဲနှင့် သူ့အတ္တတွေကို ရှေ့တန်းတင်နေသော သားဆီမှာ ဖခင်ဆိုသောအသိရော ရှိသေးရဲ့လား။

"ဒီမှာ သား မင်းစိတ်ထဲမှာ အဖေ့ကို မင်းရဲ့အဖေဆိုတာကို ရော အသိအမှတ်ပြုထားသေးရဲ့လား။ အဖေ့ကြောင့် မင်းလူ့လောကထဲကို ရောက်ပြီး ဒီအရွယ်အထိ အသက်ရှင်သန်နေရတာလေ"

ဦးနေမင်း၏စကားကြောင့် ခွန်းသစ် မဲ့လိုက်ပြီး

"ဒီအချိန် ဒီအိမ်မှာ ဒီစကားတွေလာပြောနေလို့ အကျိုးမဝင် တော့ဘူး ဒယ် အဲ အဖေ ခုချိန်မှာ ကျွန်တော် ဒယ်ဒီ ဦးအောင်မြင့်ရဲ့ အရိပ်အောက်မှာ သားကြီးတစ်ယောက်အဖြစ် နေနေရလို့ ဘဝက အေး ငြိမ်းနေပြီ၊ လက်ညှိုးညွှန်ရာ ရေပဲ"

"ဟုတ်ပါတယ် သားရယ်၊ အဖေကလည်း သားရဲ့လက်ရှိဘဝ ကို ဖျက်ဆီးဖို့ဆန္ဒနဲ့ ဒီအိမ်ကြီးမှာနေမှာ မဟုတ်ပါဘူး"

"ဗျာ ဘယ်လို အဖေ၊ ဘာကိုဆိုလိုတာလဲ သားကိုရှင်းအောင် ပြောပါ"

"အဖေက အခု မင်းရဲ့အဖေမဟုတ်တော့ဘူး၊ ယုရဲ့အစ်ကို မင်းရဲ့ဦးလေးဖြစ်သွားပြီ၊ ဦးအောင်မြင့်ကလည်း ငါ့ကို သူ့မိန်းမရဲ့အစ်ကို သူ့ယောက်ဖတစ်ယောက်အနေနဲ့ ဒီအိမ်မှာနေဖို့ လက်ခံလိုက်ပြီ၊ ဒါတင်





သေးဘူး ငါ့အတွက် တက္ကစီတစ်စီးပါ ဝယ်ပေးဦးမှာ ဟား ဟား း ဒီတော့ ဒီနေ့ကစပြီး မင်းက ငါ့ရဲ့တူဖြစ်သွားလို့ ငါ့ကို လေးလေး ခဲ ခေါ်တော့ ဟုတ်ပြီလား"

အလိုပြည့်သွားသော ဖခင်ကိုကြည့်ပြီး ခွန်းသစ် စိတ်ထဲမပျော် း စိတ်မောသွားသည်။

အကြံကြီးသော အမေနှင့်အနေအထိုင် မပိရိတတ်သော အဖေ အတိတ်က အကြောင်းတွေ ဒယ်ဒီ ဦးအောင်မြင့် တစ်ချိန်ချိန်မှာ ည်ဆိုလျှင်။

လက်ရှိဘဝကို ခွန်းသစ် စွန့်လွှတ်ရမှာ တွေးကြောက်နေမိသည်။

■ ■ ■

သင်တန်းမစသေး၍ ဂန္ဓာရုံ အခန်းထဲမဝင်သေးဘဲ ခြံဝင်းထဲရှိ န်းမှာ ထိုင်ကာ စာဖတ်နေလိုက်သည်။

အနားသို့ လျှောက်လာသော ခြေသံကြောင့် စာဖတ်နေရင်းမှ ကြည့်လိုက်သည်။

အပြုံးဖြင့် ငုံ့ကြည့်နေသော ကဝိကိုမြင်လိုက်ရသောအခါ ဂန္ဓာရုံ ာလေး တည်သွားပြီး စာကို ဆက်ဖတ်နေလိုက်သည်။

ကဝိ ဂန္ဓာရုံဘေးမှ ဝင်ထိုင်သည်။ ဂန္ဓာရုံမျက်နှာသည် မကျေ တ်ကြောင့် တင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟေး ရောက်နေကြပြီလား"

ထိုက်သု၏ကား ခြံထဲဝင်လာသည်။ ဂန္ဓာရုံစိတ်ထဲမှာ ကပ်[...] အရွဲ့တိုက်ချင်စိတ်ပေါ်လာ၍ ထိုက်သုကို လက်လှမ်းပြလိုက်ပြီး

"မကြာသေးပါဘူး နင် ဒီနေ့ တ[...]စောပါလား ထိုက်သု[...]"

ထိုက်သု ကားပေါ်မှ ဆင်းလာပြီး ကဝိနှင့်ဂန္ဓာရုံနားသို့ လျှော[...] လာပြီး

"ဒီနေ့ ဘယ်မှသွားစရာမရှိလို့ ကျောင်းကိုပဲ စောစော[...] လိုက်တာ၊ ကဲ ဘယ်လိုလဲ ကဝိ မနေ့က ကဲလိုက်ရလို့ မောသွားပြီလ[...]"

ထိုက်သု စကားကြောင့် ဂန္ဓာရုံ မဲ့လိုက်ပြီး

"ဟွန်း တွေ့သားပဲ Facebook ပေါ်မှာလေ၊ ကောင်မလေး[...] နဲ့ ကဲနေတာ၊ လူရိုးဆိုတာ သချိုင်းကုန်းမှာပဲ ရှာတွေ့နိုင်တယ်ဆို[...] စကားက တကယ်ကိုမှန်နေတာ"

သူ အကွက်ဆင်ချောက်တွန်းလိုက်သည့် ဂွင်ထဲသို့ ဂန္[...] အလိုက်သင့်လေး ဝင်လာသည့်အတွက် ထိုက်သု ကြိတ်ပြီးဝမ်းသာ[...] သည်။

ကဝိ အနေခက်စွာ ပြုံးနေသည်မှအပ ဂန္ဓာရုံ၏စကား[...] ဖြေရှင်းခြင်းမရှိ။ ကိုယ်အမှားလုပ်ခဲ့သည့်ကိစ္စတစ်ခုအတွက် ကိုယ်[...] ကန်ကြောင်း ပြန်လည်ဖြေရှင်းပြရမှာကို ကဝိ ဝါသနာမပါချေ။



အဓိကက ကိုယ်မမှားဘူးဆိုတာ ကိုယ်ကိုယ်တိုင်သိနေဖို့ပဲ [...]တ်လား။

"ဘယ်လိုလဲ fb ထဲမှာ ကောင်မလေးတွေနဲ့ ကဝိ လန်းတယ် [...]တ်လား"

မကျေမနပ်ဖြစ်နေသော ဂန္ဓာရုံ၏စိတ်ကို ထိုက်သု ဆွပေးနေ [...]ည်။

"ဟွန်း အခု ဒီရှေ့မှာထိုင်နေတဲ့ မထုံတက်တေး ကဝိလို့တောင် [...]င်ရဘူး၊ စားနေကျကြောင်ဖားကြီးနဲ့တူတယ်"

ကဝိ ထိုက်သုကိုပဲ လှမ်းကြည့်လိုက်သည်။

အမှန်ဆို ညက အဲဒီကောင်မလေး ကားထဲတယ်လိုရောက်လာ [...]ည်မသိ။ ဘီယာသောက်စမရှိဘဲ သူများထက်ပိုမူးနေ၍ ကလပ်ခန်းမ [...]သို့ပင် ကဝိ မလိုက်ဘဲ ကားထဲမှာ ဒီအတိုင်း ကျန်နေခဲ့သည်။

ထိုစဉ် ဆတ်ကော့လတ်ကော့ ကောင်မလေး ကဝိကိုအဖော် [...]ပေးမည်ဆိုပြီး ကဝိနားဝင်ထိုင်ပြီး ကဝိကို အတင်းဖက်နမ်းတော့၏။

ထိုမိန်းကလေးပုံစံက ကဝိထက်ပင် ပိုပြီးမူးနေပုံရသည်မို့ ကဝိ [...]ထဲမှ ဖွတ်အတင်း ထွက်ပြီး အိမ်ကို တက္ကစီငှားပြီး ပြန်ခဲ့ရသည်။

ထိုကောင်မလေးနှင့် ကဝိ ကားထဲမှ လုံးထွေးနေသည့်ပုံ[...] [...]ယ်လိုလုပ်ပြီး fb ပေါ် ရောက်သွားသည်ဆိုတာကို ကဝိ တကယ်မသိ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့။ ထိုပုံကို ဘယ်သူတင်ခဲ့မှန်းလည်း ကဝိ မသိပါချေ။

"ကဲပါလေ ဘာမှအရေးမပါတဲ့ အကြောင်းတွေကို ထိုင်ပြော
လို့ ဘာအကျိုးမှ မရှိဘူး။ စာသင်ခန်းထဲသွားတော့မယ်"

ဂန္ဓာရုံ ကဝိဘေးမှထကာ ကျောင်းထဲဝင်ခဲ့လိုက်သည်။ ထို
အောင်နိုင်သူအပြုံးဖြင့် ကဝိကိုကြည့်ပြီး ဂန္ဓာရုံနောက်သို့ လိုက်သွား

ကဝိ ထိုင်ခုံမှာပင် ငူငူကြီး ထိုင်ကျန်ရစ်ခဲ့သည်။

နေရာတိုင်းမှာ ချောက်တွန်းခံရပြီး သူများအထင်လွဲခံရ
ပါလာသည်မို့ ဒီအတိုင်းပဲ ဝဋ်ကြွေးတွေကို ကျေအောင်ဆပ်လိုက်
ကောင်းပါသည်။

ကိုယ့်အဖေအရင်းတောင်မှ အထင်လွဲခံနေရလျှင် ကျန်
လူ အထင်လွဲမှာကို စာဖွဲ့မနေတော့။ အဓိကက ကိုယ်မှန်နေဖို့ပဲ မ
လား။

တကယ်ပါ ခုချိန်ထိ ကဝိ လောကကြီးထဲမှာ သိမ်
ရပ်နေရုံမှအပ ဘာအမှားမှ မကျူးလွန်သေးပါဘူး။

ဒယ်ဒီ ကြားပါရဲ့လား။

■ ■ ■



## အခန်း (၁၅)

"မင်းက ဦးအောင်မြင့်ရဲ့သားလား"

ဝရန်တာတွင်ထိုင်ပြီး စာဖတ်နေသော ကဝိနားသို့ ဒေါ်ယုသဇာ
အစ်ကို ရောက်လာပြီး မေးသဖြင့် ကဝိ ခေါင်းညိတ်ပြလိုက်သည်။

"အေးကွာ ဦးလေး ဒီအိမ်စရောက်ကတည်းက ဦးအောင်မြင့်
မှာ သားတစ်ယောက်ရှိတယ်လို့ သိထားရုံကလွဲပြီး မင်းနဲ့မဆုံဖြစ်ဘူး"

ထိုလူကြီး ဘာလိုချင်၍ စကားတွေလာပြောပြီး ရောနေလဲ
မသိ။ သတိထားဖို့တော့ ကိုယ့်ကိုကိုယ် ဆင်ခြင်လိုက်သည်။

ဒေါ်ယုသဇာတို့သားအမိ စိတ်ဓာတ်မကောင်းသလို သူတို့နှင့်
ဆွေမျိုးတော်နေသော ဦးနေမင်းဆိုသောလူကြီးကရော စိတ်ဓာတ်ကောင်း
ပါ့မလား။



www.burmeseclassic.com

www.burmeseclassic.com



“မင်းက စကားမပြောတတ်ပေမယ့် ရုပ်ကတော့ ဖြောင့်သားပဲကွ။ ဦးကို ကိုယ့်ဦးလေးတစ်ယောက်လို သဘောထားပါ။ လိုအပ်တာရှိရင်ခိုင်း ဦးလေး အကုန်လုပ်ပေးမယ် သိလား။ ဦးလေးကို မင်းအဖေက ဒီအရိပ်မှာ ခိုခွင့်ပြုတာကိုပဲ ဦးလေးက ကျေးဇူးတင်လို့မဆုံးပါဘူးကွာ”

ရင်ထဲက စကားလား ဟန်ဆောင်ပြောနေတာလားဆိုတာကိုတော့ ကာယကံရှင်ကလွဲပြီး ဘယ်သူမှ မသိနိုင်။ သို့သော် တစ်ဖက်သားက ဖော်ဖော်ရွေရွေနှင့်စကားတွေလာပြောနေမှတော့ ကဝိကလည်း ရှိန်းခိုင်းသော လူငယ်တစ်ယောက်မှ မဟုတ်တာ။ အထိုက်အလျောက်တော့ ပြန်ဆက်ဆံရမှာပင်။

“ဒါနဲ့ သားက ဒါရိုက်တာ သင်တန်းတက်နေတယ်ဆို”

ခေါင်းညိတ်ပြလိုက်သည်။

“ကောင်းပါတယ်လေ ကိုယ့်မှာ အားနည်းချက်ရှိပေမယ့် ကိုယ်ဝါသနာပါတဲ့ လမ်းကြောင်းပေါ် ရဲရဲတင်းတင်း လျှောက်ရဲတဲ့သတ္တိရှိလာမှတော့ မအောင်မြင်စရာမရှိပါဘူး”

“အဖေ အဲ ဦး ဦးလေး ဘာလုပ်နေတာလဲ မာမီက ထမင်းစားမယ်တဲ့”

ခွန်းသစ် အနားရောက်လာပြီး ကဝိနှင့်စကားပြောနေတာကို မနှစ်မြို့သော အမူအရာနှင့် လှမ်းခေါ်သည်။





ကဝိ သတိထားမိလိုက်သည်က ဦးလေးတစ်ယောက်ကို အဖေဟု မှားခေါ်လိုက်သော အမှားမျိုး ဘယ်သူမှ မှားမှာမဟုတ်ဆိုတာကိုပဲ ဖြစ်သည်။

တစ်ခါတစ်ရံ လူတစ်ယောက်၏အတွင်းစိတ်သည် မထင်မှတ်သောအချိန်အခါမျိုးတွင် ဖြုန်းခနဲ ပေါ်လာတတ်သည်။

ယခု ခွန်းသစ်မှားခေါ်သော အခေါ်အဝေါ်သည် သာမန်မှားသည့်အမှားမျိုး မဟုတ်နိုင်ပါ။

ဒယ်ဒီနှင့်ဦးနေမင်းကို မှားခေါ်ရအောင် ခွန်းသစ်သည် ကဝိအဖေ ဦးအောင်မြင်ကို တစ်ခါမှ အဖေဟုမခေါ်ဖူးခဲ့။ ဒီအိမ်ပေါ်စရောက်ကတည်းက ဒယ်ဒီဟုခေါ်ပြီး ကဝိနေရာကို ဝင်ယူခဲ့သူဖြစ်၏။

ခွန်းသစ်နှင့်ဦးနေမင်းတို့နောက်ကွယ်တွင် လျှို့ဝှက်ချက်တစ်ခုခုများ ရှိနေလေမလား။

ဦးနေမင်း အနားမှ ထသွားပြီးသည့်တိုင်အောင် ကဝိအတွေးတွေက မပြီးဆုံးသေး။

■ ■ ■

“သား မင်းညီကို ထမင်းစားသွားခေါ်ပြီးပြီလား”

ထမင်းစားဝိုင်းတွင် လူစုံနေပြီး သားငယ်ကဝိကို မမြင်ရသေး၍ ဦးအောင်မြင် ခွန်းသစ်ကို မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"စောစောက ဦးလေးနဲ့စကားပြောနေလို့ သား သွားခေါ်ပါသေ

တယ်၊ သူ မဆာသေးလို့ထင်တယ် ဒယ်ဒီ ထမလာဘူး"

ခွန်းသစ် စကားကြောင့် ဦးနေမင်း ခွန်းသစ်ကိုလှမ်းကြည့်

လိုက်သည်။ ခွန်းသစ် ဘာကြောင့် ညာပြောနေရသလဲဆိုတာ ဦးနေမ

နားမလည်။

စောစောက ထမင်းစားလာခေါ်တာ ကဝိကိုမဟုတ်။ ကိုယ့်

လာခေါ်တာ ကျိန်းသေသည်။ ကဝိ၏အေးစက်သော စရိုက်နှင့် ခွန်းသ

၏မှုမမှုသောအကျင့်စရိုက်တို့၏နောက်ကွယ်တွင် အကြောင်းတစ်ခုတေ

ရှိရမည်။

ဦးအောင်မြင် ထမင်းဝိုင်းမှထကာ ကဝိရှိရာသို့ ထလာလိုက်

သည်။ ခုတစ်လော သား သူ့ရှေ့ကိုပေါ်မလာတာကြာပြီ။ ဟိုရက်တွေ

ဆူထားသည့်ကိစ္စတွေကြောင့် ရှောင်နေတာများလား။

ကဝိ ဝရန်တာ အပြင်ဘက်မှ အိမ်ထဲဝင်လာသည်နှင့် သွား

သည်။

"သား ထမင်းမစားသေးဘူးလား"

ဒယ်ဒီ့ကိုမြင်တော့ ကဝိ ဝမ်းနည်းသည်။ သားအရင်းဖြစ်

လျက်နှင့် ဖခင်အနားကို ကပ်ခွင့်မရှိသည့် သားတစ်ယောက်၏ကြေ

ဝမ်းနည်းခြင်းတွေကို ဒယ်ဒီ မသိလေရော့သလား။





ခေါင်းခါလိုက်လျှင် ဒယ်ဒီ့ကို စိတ်ဆိုးနေသည်ဟု ထင်မည်

စိုး၍ ခေါင်းညိတ်လိုက်သည်။ ဒယ်ဒီ ပြုံးသွားသည်။

"ငါ့သားက လက်စသတ်တော့ ဒယ်ဒီ့အခေါ်ကို စောင့်နေတာ

ပဲကွ ဟား ဟား ဟား လာ သား ဒယ်ဒီ ဗိုက်ဆာနေပြီကွ"

ကဝိပခုံးကိုဖက်ကာ ဦးအောင်မြင် ထမင်းစားခန်းထဲ ဝင်လာ

သည့်မြင်ကွင်းကိုကြည့်ပြီး ဒေါ်ယုသဥ္စာ မျက်နှာ မသိမသာ မဲ့လိုက်သည်။

"ကဲ ဒီနေ့တော့ မိသားစုတွေ ထမင်းဝိုင်းမှာ စုံစုံညီညီနဲ့

ပျော်ပျော်ပါးပါး စားကြတာပေါ့"

ဦးအောင်မြင်ထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်နှင့် ဒေါ်ယုသဥ္စာ

ဦးအောင်မြင်ရှေ့မှာ အဆင်သင့်ခူးခပ်ထားသော ထမင်းပန်းကန်ထဲသို့

ပုစွန်ထုပ်ခပ်ကြီးကြီးတစ်ထုပ်ကို ထည့်ပေးလိုက်သည်။

"ရော့ ကို့အကြိုက် ပုစွန်ထုပ်၊ ဟောဒီမှာ မရမ်းသီးသုပ်ကို

လည်း မချဉ်အောင်သုပ်ပေးထားတယ်၊ ပဲကြီးနဲ့ဆူးပုပ်ရွက်လေးကို ခပ်

ပျစ်ပျစ်ချက်ပေးထားတယ် ကိုရဲ့၊ ဟောဒီမှာက ငါးရံ့အူဟင်း"

"အဟမ်း အဟမ်း"

မျက်စိရှေ့မှာမြင်နေရသော ဟင်းအမျိုးအမည်တွေကို အကဲ

ပိုစွာ ရှင်းပြနေသော ဒေါ်ယုသဥ္စာကိုကြည့်ပြီး ဦးနေမင်း ချောင်းတစ်ချက်

ဟန့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ယုသဏ္ဌာနှင့်ခွန်းသစ် ပြိုင်တူ အကြည့်ရောက်လာပြီး

"အစ်ကိုနေမင်း ထမင်းဝိုင်းမှာ ချောင်းမဟန့်နဲ့လေ"

ဒေါ်ယုသဏ္ဌာ အလိုမကျသဖြင့် ဟောက်လိုက်သည်။

"ယု ကိုယ့်အစ်ကိုကို အဲလိုမပြောရဘူးလေ၊ ချောင်းဟန့်တာလောက်နဲ့ ဘာဖြစ်သွားမှာမို့လဲကွာ"

ဦးအောင်မြင့် ပြောတော့မှ ဒေါ်ယုသဏ္ဌာ မျက်နှာငယ်ဖြင့်

"ကို ထမင်းစားရင်း စိတ်အဲနှောင့်အယှက် ဖြစ်မှာစိုးလို့ပါ ကိုရယ်"

ဦးနေမင်း မဲ့ခနဲ တစ်ချက်ရယ်သည်။

"ကျွန်တော် ညီမက ကိုအောင်မြင့်ကို ခုလို သဲသဲလှုပ်ချစ်တာတွေ့ရတော့ ကျွန်တော် ဝမ်းသာပါတယ်ဗျား ဘာပဲဖြစ်ဖြစ် ခင်ဗျား မိန်းမရက်ကောင်းတယ်လို့ပဲ ပြောရမှာဗျ ဟား ဟား ဟား အားကျတယ်ဗျာ"

ဦးနေမင်းပြောသမျှသည် ဒေါ်ယုသဏ္ဌာနားထဲသို့ သံချေးပူတွေလောင်းချနေသလို ပူလောင်၍နေသည်။

"အားကျရင် ခင်ဗျားလည်း အရွယ်ရှိသေးတာပဲဗျာ၊ ကိုယ့်အတွက်ဆေးပေးမီးယူ အားကိုးလို့ရမယ့် မိန်းကလေးတွေ့ရင် ဘဝသစ်ပြန်စလိုက်ပါလား၊ အဲ ဒါနဲ့ စကားမစပ် ကိုနေမင်းရဲ့အိမ်ထောင်ကရော





ဘယ်လိုဖြစ်လို့ ပြိုကွဲသွားတာလဲ"

ဒေါ်ယုသဏ္ဌာနှင့်ခွန်းသစ် အမူအရာတွေပျက်နေသည်။ ခွန်းသစ်ဆိုလျှင် ဟင်းရည်ပင်သီးသည်အထိ အမူအရာပျက်နေသည်။

ဒါကို သတိထားမိသူက ကဝိပင်ဖြစ်သည်။

သူတို့ဘာကြောင့် အမူအရာတွေ ပျက်နေရသလဲ။

အကြောင်းတော့ ရှိမည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

“အိမ်မှာပွင့်တဲ့ သစ်ခွတွေပါ ရုံရုံကိုပေးချင်လို့ ခူးလာတာပါ”

ဟူသော စာတန်းပါသည့်ကဒ်ပြားနှင့်အတူ ဆင်စွယ်ရောင် သစ်ခွတွေကို ဂန္ဓာရုံထံ လှမ်းပေးသည်။

ဂန္ဓာရုံ ဥပေက္ခာပြု ခြေလှမ်းတွေဖြင့် ဆက်လျှောက်သည်။ ကဝိ ဘေးမှကပ်လိုက်ပြီး ရအောင်လိုက်ပေးသည်။

“ဘယ်လိုဖြစ်နေတာလဲ ကဝိ၊ ရုံ ပန်းမကြိုက်ဘူး၊ ရှင်ပေးတဲ့ ပန်းကိုယူရအောင်လည်း ရှင်နဲ့ရုံ ဘာမှမပတ်သက်ဘူးလေ”

ရင့်သီးသောစကားကြောင့် ကဝိ မျက်နှာညှိုးသွားသည်။

“ဘာလဲ ရှင်နဲ့အိစီကလီလုပ်ထားတဲ့မိန်းမတွေက ပန်းမကြိုက်





ို ရှင့်ရဲ့ပန်းက ရုံဆီကို လည်လာတာလား”

ရိုသဲ့ထိုးနက်သောစကားမို့ ကဝိ ခေါင်းခါပြလိုက်ပြီး ဘုရားလှူ ဖို့ ရုံလေးပန်ဖို့ ခူးလာတာပါဟု အမူအရာကို လုပ်ပြလိုက်သည်။

ဂန္ဓာရုံ မဲ့လိုက်သည်။

“ဟွန်း ရှင်က စကားမပြောတတ်လို့ဘဲ သိလား၊ ပြောသာ ပြောတတ်ရင်တော့ မိန်းကလေးတွေကို ဘယ်လောက်လှည့်စားလိမ့်မလဲ”

အထင်လွဲမှုတွေ ပြေပျောက်စေရန် ဒီပန်းပေးခြင်းဖြစ်ပါသည် ဟူသော စာတန်းကဒ်ကလေးတစ်ခုကို ထုတ်ပြလိုက်သည်။

ရုံရုံ ဖတ်ပြီး မျက်နှာမှာ မသိမသာလေး ပြုံးယောင်သမ်းသွား သည်။

“ဒါဆို ဖေ့စ်ဘုတ်ပေါ်ကဟာက တကယ်မဟုတ်ဘူးပေါ့”

ကဝိ ခေါင်းခါပြလိုက်သည်။ ဂန္ဓာရုံ အကြာကြီးစိတ်မကောက် တတ်သူပီပီ စိတ်ဆိုးပြေပြန်မှုဖြင့် မျက်စောင်းခပ်လဲ့လဲ့ထိုးကာ ကဝိလက် ထဲမှ သစ်ခွပန်းကို ယူလိုက်သည်။

ဒီတော့မှ ကဝိ ရဲရဲတင်းတင်း ပြုံးနိုင်တော့သည်။

ထိုက်သု ခပ်လှမ်းလှမ်းမှ ကြည့်နေသည်ကို ကဝိရော ဂန္ဓာရုံ ပါ သတိမထားမိကြ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



"ကိုနေမင်း ရှင် ကျွန်မအခန်းထဲ ဘာလို့ဝင်လာတာလဲ ထွက် ခုထွက်"

ထဘီရင်လျားနှင့် မှန်တင်ခုံရှေ့တွင် အလှထိုင်ပြင်နေသော ဒေါ်ယုသဏ္ဍာသည် အခန်းထဲ ခိုးကြောင်ခိုးဝှက်ဝင်လာသော ဦးနေမင်း ကို မြင်သည်နှင့် ထိတ်လန့်သွားသည်။

"ကိုယ့်မိန်းမအခန်းထဲကိုယ်ဝင်တာပဲကွာ"

"ဘာ ရှင် ရှင် ရဲတင်းလှချည်လား၊ ဒီအိမ်မှာ ဘယ်လိုပုံစံ လာပြီး မှီခိုနေရတယ်ဆိုတာကိုလည်း နည်းနည်းတော့ သတိထားပါဦး"

"သိပါတယ် ခု ဒီအိမ်မှာ မင်းရယ် ငါရယ် နှစ်ယောက်ထဲ တာလေ၊ ကိုအောင်မြင်ရှိနေရင်တော့ ငါလည်း သတိထားပြီးနေပါတယ် ခု သူလည်း ခရီးသွားတယ်၊ မင်းရဲ့သားလည်းမရှိဘူး၊ ဟိုကောင် လည်းမရှိဘူး၊ ဒါ ငါ့အတွက် အခွင့်အရေးပဲ"

"ဘာအခွင့်အရေးလဲ ရှင်နော်"

ဒေါ်ယုသဏ္ဍာ ဦးနေမင်း၏ပြုံးတီတီအမူအရာကို မနှစ်မြို့စွာ မျက်စောင်းထိုးလိုက်ပြီး မှန်တင်ခုံပေါ်မှ ထလိုက်သည်။ ဦးနေမင်းနှင့် မျက်နှာချင်းဆိုင်ရပ်မိသွားသည်။

"မင်း အရမ်းလှလာတယ် မိန်းမ"

"ရှင် ဘာတွေဖြစ်နေတာလဲ ကိုနေမင်း"





"ငါ မင်းနဲ့အတူနေချင်တယ်ကွာ"

"အို အဓိပ္ပာယ်မရှိတာတွေ လာမပြောနဲ့"

"အဓိပ္ပာယ်ရှိတာပေါ့ မင်း အောင်မြင်ကို ငါ့ရှေ့မှာ ကြင်နာ နေတာ၊ ငါ ဘယ်လောက်ခံစားရသလဲ မင်းသိလား"

"ဒါကတော့ သူက ကျွန်မနဲ့တရားဝင်ပေါင်းနေတဲ့ယောကျ်ား ပဲ"

"ငါနဲ့လည်း တရားဝင်ကွာရှင်းထားတာမှ မဟုတ်တာ၊ ငါ အမှုနဲ့ထောင်ကျသွားလို့ လင်ခန်းမယားခန်း ပြတ်နေတာပဲ ရှိတယ်"

ဒေါ်ယုသဏ္ဍာ သက်ပြင်းကို ဟင်းခနဲ ချလိုက်ပြီး

"ခက်တယ် ကိုနေမင်းရယ် ခုချိန်မှာ ကျွန်မ ရှင့်ဆန္ဒတွေကို လိုက်လျောနိုင်တော့ဘူး"

"ငါ့ကိုမချစ်တော့လို့လား မင်းအရင်ကတော့ ဒီကမ္ဘာပေါ်က ယောကျ်ားတွေထဲမှာ ရှင်ကအခန့်ညားဆုံးဆို ဒီမှာကြည့်ပါဦး ငါ အရမ်း ဆိုးသေးပါဘူးကွ"

သူ့ရင်အုပ်ကျယ်ကြီးတွေမြင်အောင် ဦးနေမင်း အင်္ကျီရင်ဘတ် တွ ဟပြသည်။

"ဒါပေမဲ့ ခုချိန်မှာ ကျွန်မတို့သားအမိရော ရှင်ရော ငြိမ်းငြိမ်း ချမ်းချမ်းနဲ့ မပူမပင်နေနေရတယ်လေ၊ ဒီဘဝထဲကနေပြီး ရှင့်ကိုမထွက်



www.burmeseclassic.com

www.burmeseclassic.com



ချင်ပါနဲ့"

အကြမ်းနည်းဖြင့် တုန့်ပြန်လျှင် ပိုဆိုးမည်မို့ လေပြည်လေး ချော့လိုက်သည်။

"ငါသဘောပေါက်ပါတယ်၊ ဒါပေမဲ့ ငါ့ရဲ့အသွေးအသား အခု သူ့အလိုလို မင်းကိုတောင့်တနေတာလေ၊ ငါ ဘယ်လိုလုပ်ရမလဲ ကိုယ့်မိန်းမက ကိုယ့်ရှေ့မှာ တခြားယောကျ်ားနဲ့အတူတူ တစ်အိမ်ထဲနေပြီး ပေါင်းသင်းနေတာကို ငါ ရင်အနာခံပြီး ထိုင်ကြည့်နေရတဲ့ ငါ့ဒုက္ခ မင်း ကိုယ်ချင်းစာကြည့်ပါ မိန်းမရယ်၊ ငါ ဘယ်လောက်ခံစားနေရသလဲ တစ်ခါတလေ ငါလေ မင်းတို့သားအမိနဲ့အတူ ဒီအိမ်က ယူသင့်ယူထိုက် တာတွေ ယူပြီး ထွက်သွားဖို့တောင် စဉ်းစားမိတယ်"

ဒေါ်ယုသဉ္ဇာ မျက်လုံးပြူးမျက်ဆန်ပြူးဖြစ်သွားသည်။

"အို ဘုရား ဘုရား ရှင် စိတ်အလိုမလိုက်ပါနဲ့ ကိုနေမင်းရယ် ခုချိန်မှာ ကျွန်မတို့ရဲ့အတွက်ကို ရှေ့တန်းတင်ပြီးနေချင်သလိုနေရမယ့် အချိန် မဟုတ်တော့ဘူး၊ အခု ကျွန်မတို့ငဲ့ရမှာ ပြည့်ပြည့်စုံစုံ ချမ်းချမ်းသာသာ နေနေရတဲ့ သားလေးရဲ့ရှေ့ရေးကိုပဲ၊ အခု ကျွန်မ ဘာတွေကြံစည်နေသလဲ ရှင် သိလား"

"မင်းမှမပြောပြသေးတာ ငါ ဘယ်လိုသိမလဲကွ"

"အေး ကျွန်မ ပြောပြမယ်၊ အခုလေ သိပ်မကြာခင်မှာ ကျွန်မရဲ့





း ကိုအောင်မြင့်ရဲ့လုပ်ငန်းတွေကို ပိုင်ဆိုင်ရအောင် ကျွန်မ ကြိုးစားတယ်၊ ကိုအောင်မြင့် လုပ်ငန်းတွေလွှဲအပ်ဆက်ခံရမယ့်သူဟာ ကျွန်မ သားလေး ခွန်းသစ်ပဲ ဖြစ်ရမယ်"

"ဟား အကြံက ကောင်းလှချည်လား၊ ဒါပေမဲ့ သူ့မှာ သားရှိသေးတယ်လေ"

"ရှိလေ ရှိတော့ ဘာဖြစ်လဲ၊ သူ့သားက အနေတာပဲ၊ ဘာ သုံးကျမှာလဲ၊ နောက်ပြီး တုံးလိုက်အလိုက်တာလည်း ပြောမနေနဲ့၊ မတို့သားအမိဘယ်လိုပဲ ခြယ်လှယ်ခြယ်လှယ် သူ ဘာမှ ပြန်ပြီး ငြိုပြန်နိုင်ဘူး"

ဒေါ်ယုသဉ္ဇာ အပြတ်စဉ်းရုံးရေးတွေ ဆင်နေသည်။

"ဒါပေမဲ့ ငါ အခုမင်းနဲ့အတူနေရုံနဲ့ ဒီအကြံအစည်တွေ ပျက် မှာမှ မဟုတ်တာ"

"ခက်တာပဲရှင်"

"မခက်ပါနဲ့ မိန်းမရယ်၊ မင်းရဲ့အကြံအစည်တွေအကောင် ည်ဖော် အောင်မြင်ချင်တယ်ဆိုရင်လေ အခု ငါ့ဆန္ဒကို အဟဲ သိသူမသိလေး လိုက်လျောပေး၊ ငါ ပိပိရိရိနေပေးပါ့မယ်၊ အဲ ဒါမှ ငါ့ကို ဆက်ငြင်းနေဦးမယ်ဆိုရင်တော့ ငါ မင်းတို့သားအမိကို ခေါ်ပြီး ကနေ ထွက်သွားနိုင်အောင် လုပ်ရလိမ့်မယ် ဒီတော့ မင်းစဉ်းစား"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆိုနှင့် ဦးနေမင်း ခုတင်ထက်မှာ လှဲအိပ်ချလိုက်သည်။

"ဟား မွေ့ရာကြီးက ဖိမ်ပဲကွာ၊ အဟက် အောင်မြင်ကထော ငါ့မိန်းမနဲ့ ဒီမွေ့ရာကြီးပေါ် စည်းစိမ်ခံယူနေတာပဲ"

"ရှင် ထပါတော့ ကျွန်မ တောင်းပန်ပါတယ်"

ဒေါ်ယုသဉ္ဇာ တော်တော်လေး စိတ်လှုပ်ရှားနေဟန်ဖြင့် ဦးနေမင်းကို ခုတင်ပေါ်မှ အတင်းဆွဲချသည်။

ဦးနေမင်းကို ခုတင်ပေါ်မှ ဆွဲမချနိုင်ဘဲ ဦးနေမင်းက သူ့ရင်ခွင်ထဲ ဆွဲသွင်းလိုက်သဖြင့် နှစ်ဦးသား ခုတင်ပေါ်မှာ လုံးထွေး၍သွားသည်။

"ကိုနေမင်း ကျွန်မ စိတ်မပါဘူး ရှင် ထွက်သွားပါတော့"

"မင်း ငါ့ကိုမို့ပါကွာ ဟား ဟား ဟား ဟား"

ဒေါ်ယုသဉ္ဇာ ဘယ်လိုမှ ငြင်းဆန်ရုန်းထွက်၍မရသည့်အခါ ဦးနေမင်း၏ဆန္ဒတွေကို ပြုသမျှ နုလိုက်ရတော့၏။

ခင်ပွန်းဟောင်းဆိုသည့် အသိစိတ်က သံယောဇဉ်လက်ကျန်တွေဖြင့် အံတင်းကျိတ်ခံခဲ့ရသည်။

■ ■ ■



## အခန်း (၁၇)

"ရှံ နင်စျေးလာဝယ်တာလား"

ဓာတ်လှေကားထဲ ဝင်ခါနီး အနားသို့ ထိုက်သုနှင့်ခွန်းသစ်ရောက်လာသည်။

"အင်း ဟုတ်တယ် ခုပြန်တော့မှာ"

"ငါတို့ လိုက်ပို့မယ်လေ"

"ရတယ် ငါ တက္ကစီနဲ့ပြန်မှာ"

ဓာတ်လှေကားတံခါးပွင့်လာ၍ ရှံရှံ အထုပ်တွေနှင့် ဓာတ်လှေကားထဲဝင်လိုက်သည်။ ထိုက်သုနှင့် ခွန်းသစ်ပါ ဓာတ်လှေကားထဲ လိုက်ဝင်လိုက်သည်။

"တက္ကစီနဲ့ပြန်တော့ နင် ပိုက်ဆံကုန်တာပေါ့ ရှံရှံရယ် ငါတို့ပဲ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပို့ပါ့မယ်"

ထိုက်သု ဖွတ်အတင်း လိုက်ပို့ဖို့ ပြောနေသဖြင့် ခွန်းသစ်က ကြားဝင်ကာ

"ဟုတ်ပါတယ် ဂန္ဓာရုံရယ်၊ ဒီကောင်က ဂန္ဓာရုံ ဈေးဝယ်ထွ မယ်မှန်းသိလို့ ဒီတော်ဝင်ပလာဇာကို လိုက်လာတာ၊ သူ့ဆန္ဒနဲ့သူ့စေတ ကို အသိအမှတ်ပြုပေးလိုက်ပါ"

"ကျွန်မ သူ့ကားကိုမစီးချင်လို့ မစီးတာ ခွန်းသစ်ရဲ့"

"ကျွတ် ရုံရှာ နင် တကယ်ကိုစိမ်းလွန်းတယ်ဟာ"

ထိုစဉ် ဓာတ်လှေကားတံခါး ပွင့်သွားသည်မို့ ဂန္ဓာရုံ အပြင် ခပ်သုတ်သုတ် ထွက်သည်။

"ရုံ လာပါဟာ ငါ လိုက်ပို့ပေးပါ့မယ်၊ နင် ငါ့စေတနာ ဘာလို့ အသိအမှတ်မပြုရတာလဲ၊ ငါ နင့်ကိုချစ်လို့ ဒီလောက်ထိ နော က တကောက်ကောက်လိုက်နေတာပါ"

"ငါမှ နင့်ကိုမချစ်တာ"

"ရတယ် နင်မချစ်သေးလည်း ရတယ်၊ ဒါပေမဲ့ ငါ့စေတနာ တော့ အသိအမှတ်ပြုပေး"

ကားခြေဖျက်လောက်အောင် နောက်က တကောက်ကောက်လို နေသော ထိုက်သုကို ရုံ ဒေါသထွက်လာသည်။



"ထိုက်သု နင် ဆက်မလိုက်နဲ့တော့၊ နောက်လည်း ငါ့ဆီက ချစ်ကို နင်မမျှော်လင့်နဲ့၊ ငါ့မှာချစ်သူရှိတယ်"

"ဘာ နင့်မှာချစ်သူရှိတယ် ဟုတ်လား၊ ဘယ်သူလဲ ဘယ် ကောင်လဲ ဟိုကောင် ကဗိလား၊ အဲဒီကောင်ဆိုရင်တော့ နင်ရူးနေလို့ အဲလို ကောင်စားမျိုးကို ချစ်သူတော်တာ"

ထိုက်သု မခံမရပ်နိုင်ဖြစ်ပြီး ကဗိအပေါ် တော်တော်လေး ပေါက်ကွဲနေသည်။

"ငါကမရူးဘူး ကဗိမှာ စကားမပြောတတ်တဲ့အားနည်းချက်က ပြီး ကဗိက ယောကျ်ားပီသတယ်၊ ရိုးသားတယ်၊ စိတ်ဓာတ်အဆင့် အတန်းရှိတယ်"

"အဟက် ဒါဆိုရင်တော့ နင် ကဗိကိုရွေးရတဲ့အကြောင်းအရင်း ကို ငါ သိသွားပြီ၊ အဲဒါဟာ ဘာလဲဆိုတော့ သူ့ရဲ့ပိုင်ဆိုင်မှုတွေကို မက်လို့ပဲ"

မထိတထိ ပြောလိုက်သော ထိုက်သုစကားတွေသည် ဂန္ဓာရုံ မျက်နှာကို လူပုံအလယ်မှာ ဖြတ်ရိုက်လိုက်သလို ဖျဉ်းခနဲ ခံစားလိုက် ရသည်။

"နင် နင်စော်ကားလှချည်လား ထိုက်သု၊ အေး ငါ ကဗိကို နင်ပြောသလို ပိုင်ဆိုင်မှုတွေကြောင့် ရွေးချယ်တယ်ပဲထားလိုက်ပါတော့၊



www.burmeseclassic.com

www.burmeseclassic.com



အပျှင်း နှင့်ကိုရော ဘာကြောင့်ငြင်းသလဲဆိုတာကို နှင်မသိချင်ဘူးလား"

"ငါ့မှာ နင် ငြင်းရလောက်တဲ့အားနည်းချက် ဘာမှမရှိဘူး"

ပခုံးနှစ်ဖက်ကို ဆတ်ခနဲ တွန့်ကာ ယုံကြည်မှုအပြည့်ဖြင့် ပြောလိုက်သော ထိုက်သုကိုကြည့်ပြီး ဂန္ဓာရုံ မဲ့လိုက်သည်။ ခွန်းသ ကတော့ ဘာမှဝင်မပြောဘဲ ဘေးမှာပွဲကြည့်ပရိသတ်လို ရပ်ကြည့်နေ သည်။

"ငါ နှင့်ကိုဘာကြောင့် ငြင်းသလဲ သိလား၊ အဟင်း နှင့် အမေက ယောကျ်ားငါးယောက်လောက်ယူတဲ့ အမေဖြစ်နေတာရယ် နှင့်အစ်မတွေကလည်း အိမ်ထောင်ရှိရက်နဲ့ တခြားယောကျ်ားတွေ ဖောက်ပြန်တာတွေကြောင့် ငါ့မျက်စိထဲမှာလေ နှင်တို့မိသားစုကို နှင် အပါအဝင် အထင်ကြီးစရာတစ်ကွက်မှမရှိလို့ နှင့်ကိုမရွေးချယ်တာ ရှင် လား"

"ဘာ"

ထိုစကားသည် ထိုက်သုကိုပါမဟုတ် ခွန်းသစ်ကိုပါ လာရော ထိနိုက်သလို ခံစားရသည်မို့ မျက်နှာပျက်သွားသည်။ ထိုက်သု ပါး အပေါင်းသားဖြင့် ဘာပြောရမှန်းမသိ။

ဂန္ဓာရုံ ချာခနဲ လှည့်ထွက်သွားသည်။

တောက် တစ်နေ့တော့ တွေ့ကြသေးတာပေါ့ မိဂန္ဓာရုံရယ်

■ ■ ■



## အခန်း (၁၈)

"တောက်"

ခွန်းသစ်ထံမှ တက်ခေါက်သံခပ်ကျယ်ကျယ် ထွက်လာသဖြင့် ထိုက်သု ဘာဖြစ်တာလဲဟူသောအကြည့်ဖြင့် လှည့်ကြည့်ပြီး မေးဆတ်ပြီး မေးလိုက်သည်။

"ငါတို့ကို ဖွဲ့သွားတာကွ၊ ဒီမိန်းမ ရုပ်လှသလောက် တော်တော် မာနကြီးတာပဲ၊ ငါ လုံးဝ မကျေနပ်ဘူး"

"မင်းနဲ့ ဘာဆိုင်လဲကွာ"

"ဟ ဆိုင်တယ်၊ ပုံစံကြည့်ရတာ ကဝိ လက်ချက်ကြောင့် ဂန္ဓာရုံ ငါ့အမေအကြောင်းလည်း သိပြီးနေပုံပဲ၊ ဒါကြောင့် မင်းကိုတင် မဟုတ်ဘူး ငါ့ကိုပါကြည့်ပြီး ပြောသွားတာ"



www.burmeseclassic.com

www.burmeseclassic.com



ခွန်းသစ်၏ မကျေနပ်ချက်တွေက ကဝိဆီသို့ ကူးပြောင်းသွားသည်။

"ငါ လုံးဝ မကျေနပ်ဘူးကွာ၊ ငါ့မာနကို ရိုက်ချိုးသွားတဲ့ မိန်းမကို ဒီအတိုင်းတော့ လက်ပိုက်ကြည့်မနေနိုင်ဘူး"

"ဒီတော့ ဘာဖြစ်ချင်လဲ ငါ မင်းကို ပါရမီဖြည့်မယ်"

"သူ့ဘဝကို ချေမှုန်းပစ်မယ်၊ နောက်ဆုံးကွာ လင်ကောင်မပေါ်ဘဲ ကလေးမွေးတဲ့အဆင့်ထိ ဖြစ်အောင်ကို လုပ်ပြမယ်၊ ငါ့အမေ ငါ့အစ်မတွေကို သူ ပိုးဖိုးပက်စက်ခဝေနဲ့သွားသလို ငါကလည်း သူ့ကို အများတကာရဲ့ တံတွေးခွက်မှာ သူ့ဘဝကြီး မြုပ်သေသွားအောင် လုပ်ပစ်မယ်"

"မင်းပြောတော့ ချစ်တယ်ဆို"

ထိုက်သူ အံတစ်ချက်ကို ကျိုခနဲနေအောင် ကြိတ်လိုက်ပြီး

"ငါ့ကိုမှ ပြန်မချစ်တာ ဒီတော့ သူ့ဘဝကို မြိန်မြိန်ယှက်ယှက်ကြီး စားသုံးပစ်မယ်၊ မင်းတို့ပါ ဝါသနာပါရင် ပူးပေါင်းလို့ရတယ်"

အချစ်မှအမုန်းတရားသို့ ရုတ်ချည်းပြောင်းလဲသွားသော ထိုက်သူ၏စိတ်ဓာတ်ကို ခွန်းသစ် သဘောကျသည်။ တချို့မိန်းမတွေက နူးညံ့ပြလျှင် တန်ဖိုးမထား။ သူတို့အချစ်ကို အကြမ်းနည်းနှင့်ယူပြမှ ယောကျ်ားတွေရဲ့မာနတွေ ဂုဏ်သိက္ခာတွေကို ပြန်ပြီး အဖတ်ဆည်နိုင်မှာ။

"အဟက် ငါ့ကိုပါ အချောင်ဖွဲ့သွားတဲ့မိန်းမကို ငါတို့ပါ ဆွမ်း





ကြီးဝင်လောင်းကြတာပေါ့ကွာ"

"ငါတို့ ဟုတ်လား"

"ဟုတ်တယ်လေ ဂျော်နီတို့အဖွဲ့ကိုပါ လက်တို့လိုက် ဟား ဟား ဟား တွေ့ကြသေးတာပေါ့ ဂန္ဓာရုံရော၊ ငါတို့တင်မဟုတ်ဘူး ငါတို့ မိသားစုတွေကိုပါ အထင်သေးရှုတ်ချသွားတဲ့ မင်းကို အရိုးတခြား အသားတခြားဖြစ်အောင် ဝိုင်းဖွဲ့ပေးမယ်"

သူငယ်ချင်းနှစ်ယောက် လက်ဝါးချင်းရိုက်လိုက်ကြသည်။

အပြုံးကြီးတယ်ပဲဆိုဆို ယုတ်မာတဲ့သူတွေပဲဟ ဝေဖန် ဝေဖန် မိန်းမတစ်ယောက်ရဲ့ဘဝကို အတူမျှဝေဖွဲ့ချွေကြမယ့် ခံစားမှုရသကို စိတ်ကူးနှင့်ပုံဖော်ကြည့်မိသော ခွန်းသစ် ရင်တွေ တဒိန်းဒိန်း ခုန်လာသည်။

ကဝိ မင်းဘာတတ်နိုင်မှာလဲ။ မင်းဘယ်လိုကာကွယ်မလဲဆိုတာ ငါ သိချင်တယ်။

မင်းရဲ့ချစ်သူ သိပ်မကြာခင်မှာ ပန်းကောင်းအညွန့်ကျိုးတော့မယ်။

"ကိုနေမင်းရယ် ရှင်ဟာလေ သိပ်ကိုရဲတင်းလွန်းတယ်"

"မိန်းမရယ် ကိုယ့်မိန်းမအခန်းထဲ လူလစ်တုန်းလေး လာ ရတာ"

အပြင်က ပြန်လာစဉ် ဒယ်ဒီ့အခန်းရှေ့မှဖြတ်လာ အခန်း



www.burmeseclassic.com

www.burmeseclassic.com



ထဲမှ ဒေါ်ယုသန္တာနှင့် ဦးနေမင်း၏အသံကြောင့် ကဝိ မျက်ခုံးနှစ်ဖက် မြင့်တက်သွားသည်။

ခြေလှမ်းတွေ တုံ့ခနဲရပ်ကာ အခန်းနံရံအပြင်ကို ကပ်ပြီး နားစွင့်လိုက်သည်။ သူတို့အပေါ်မှာ ဝင်နေသည့် သံသယတွေသည် အင်အားကြီးမားလာကာ ချက်ချင်းပင် အခန်းထဲဝင်ပြီး အမိဖမ်းလိုက်ချင်သည်။

"သားကို ကုမ္ပဏီမှာ ဘယ်တော့အလုပ်ဝင်ခိုင်းမှာလဲ"

"ရှင့်သားက အေးတိအေးစက် လုပ်နေတယ်လေ၊ ပထွေးလုပ်တဲ့သူက သူ့သားငအေထက် မယားပါသားကိုအခွင့်အရေးပေးနေတုန်း အခွင့်အရေးကို အပိုင်ယူမယ်မရှိဘူး။ အပေါင်းအသင်းတွေနဲ့ အချိန်ကုန်နေတာ၊ အိမ်မှာကပ်တယ်ကို မရှိဘူး"

"အေးကွာ မိဘက သူ့ကိုလမ်းကြောင်းဖွင့်ပေးနေတာကို ဒီကောင် ယူချင်စိတ်မရှိဘူး၊ ဒါပေမဲ့ ဒီလိုကိစ္စမျိုးဆိုတာ သိပ်ပြီးလောလို့လည်း မဖြစ်သေးဘူးကွ၊ တို့တစ်မိသားစုလုံး အိမ်ပေါ်တောင်ရောက်နေမှတော့ ဒီအိမ်ရဲ့ပိုင်ဆိုင်မှုတွေက ငါတို့လက်ထဲကို တစ်ဝက်လောက် ရောက်နေပြီပဲ ဟား ဟား ဟား"

ရှုံ့မှက်ထနေကြသော ရယ်သံတို့သည် ကဝိ၏ရင်ထဲမှ ဒေါသတို့ကို အရှိန်တက်လာသလို အသားတွေတဆတ်ဆတ် တုန်လာပြီး လက်သီး





တို့ ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။

လက်စသတ်တော့ ဒီမိန်းမကြီးက သူ့ယောက်ျားဟောင်းကြီးကို အစ်ကိုဆိုပြီး အိမ်ပေါ်ခေါ်ထားတာကိုး။ ဒယ်ဒီမရှိတဲ့ခုလိုအချိန်မျိုးမှာကျတော့ လင်မယားလို တိတ်တဆိတ်ပေါင်းသင်းနေကြသည်။

ကောက်ကျစ်ယုတ်မာလိုက်သည့် ဖြစ်ခြင်း။

ဒယ်ဒီကတော့ သူတို့ယုတ်မာသောအကြံအစည်တွေကို နည်းနည်းလေးမှ မရိပ်မိ။ ဦးနေမင်းကို သူ့ယောက်ဖလို့ တကယ်ထင်ပြီး တောင်းဆိုသမျှတွေကို လိုက်လျောနေသည်။

ကဝိ ဒီအတိုင်းကြည့်မနေ။ ဒယ်ဒီ့ကို အကုန်ဖွင့်ပြောမှဖြစ်တော့မည်။

ဆက်ပြီး နားထောင်နိုင်စွမ်းမရှိတော့ပြီမို့ ဒယ်ဒီ ကုမ္ပဏီကို သွားမည်ဟု ရုတ်တရက် အတွေးရောက်သွားပြီး လှည့်အထွက် အကြည့်တွေက ခပ်ဟဟလေးပွင့်နေသော အခန်းတံခါးဆီသို့ အကြည့်ရောက်သွားသည်။

ထိုတံခါးချပ်နားသို့ လျှောက်သွားလိုက်ပြီး ဟနေသော တံခါးလက်ကိုင်ကို လော့ချလိုက်ပြီး အပြင်မှ ဖိပိတ်ခဲ့လိုက်သည်။ ခွန်းသစ်ကမိုးလင်းမိုးချုပ် အိမ်မှာမရှိတတ်သောကြောင့် ဖွင့်ပေးဖို့သိပ်မလွယ်ပါလှ။

နေရစ်စေဦးတော့ ဒယ်ဒီ မပြန်မလာမချင်း၊ ခင်ဗျားတို့လင်



www.burmeseclassic.com

www.burmeseclassic.com



မယားကို ဒီနေ့ ဒီအခန်းထဲမှာ ပိတ်ထားမယ်။ ဒါမှ လက်စွေပြနိုင်မှာ။ အောက်တန်းစားတွေ။

စိတ်ထဲမှာ ပျစ်ပျစ်နစ်နစ် ကြိမ်းဝါးပြီး ဂိုဒေါင်ထဲမှ ကဝိ၏ ကားကိုထုတ်ပြီး ဒယ်ဒီ့ကုမ္ပဏီကို ထွက်ခဲ့သည်။

ဒေါသစိတ်ကြောင့် လူတစ်ကိုယ်လုံး ပူထူရှိန်းဖြနေသည်။

■ ■ ■



## အခန်း (၁၉)

"တူမ ကားငှားမလို့လား"

အိမ်နှင့်မလှမ်းမကမ်းမှာ ရပ်ထားသော တက္ကစီတစ်စီးကြောင့် ဂန္ဓာရုံ အတော်ပဲ ဖြစ်သွားသည်။ တက္ကစီဆရာကြီးကလည်း အလိုက်သိသူမို့ ကားငှားဖို့စမေး၍ ဂန္ဓာရုံ ခေါင်းတစ်ချက်ညိတ်ပြလိုက်ပြီ၊

"စမ်းချောင်းသွားချင်လို့"

"ဘယ်လမ်းလဲ သမီး"

"ဦးကြွယ်ဟိုးလမ်းသွားမလို့"

"ရတယ်လေ တက်"

ဂန္ဓာရုံ ဈေးမေးမနေတော့ဘဲ ကားပေါ်တက်ထိုင်သည်။

"ဒီအချိန်လမ်းတော့ ပိတ်မယ် တူမရဲ့၊ ဦးလေး မြေနီကုန်း



www.burmeseclassic.com

www.burmeseclassic.com



ဘက်က ပတ်မောင်းလိုက်မယ်လေ"

"ရတယ် ဦးလေး အဆင်ပြေသလိုမောင်း၊ အဓိကက ရောက်ဖို့ပဲ"

တက္ကစီ ဆရာကြီးကို ခပ်အေးအေးပြောပြီး ကျောပိုးအိတ်ထဲမှ ဖုန်းကိုထုတ်ကာ facebook သုံးဖို့ အင်တာနက်ဖွင့်သည်။

ထိုစဉ် တက္ကစီဆရာကြီးထံသို့ ဖုန်းဝင်လာသည်။ ဂန္ဓာရုံကိုယ်နှင့်မဆိုင်၍ အာရုံထားမနေဘဲ လိုင်းပေါ်မှ သူငယ်ချင်းတွေတင်ထားသည့် ပုံတွေကိုကြည့်ပြီး comment ပေးလိုက် like လုပ်လိုက်နှင့် အလုပ်ရှုပ်နေသည်။

တက္ကစီဆရာကြီး ဖုန်းကို ခပ်တိုးတိုးပြောပြီးနောက် ကြည့်မှန်မှတစ်ဆင့် ဂန္ဓာရုံကို အကဲခတ်နေ၏။

ကားသည် တရိပ်ရိပ်ပြေးနေသည်။ ကားပေါ်ရောက်တိုင်း ဖုန်းဘုတ် သုံးတတ်သော ဂန္ဓာရုံ သူ့အတွက် ကံဆိုးမိုးမှောင်ကျတော့မည့် အချိန် မကြာခင်ရောက်တော့မည်ဆိုတာကို နည်းနည်းမှ ရိပ်မိပုံမပေါ်။

"ဪ တူမ ဦးလေးရဲ့အိမ်ကို ခဏလောက်ဝင်ချင်လို့ ဖြစ်မလား၊ ဟိုလေ ဗိုက်က တအားနာလာလို့ ဝိတ်ဝင်လျှော့ရုံလေးပါ"

အင်တာနက်ကြည့်နေရင်းမှ

"ဦးလေးအိမ်က အဝေးကြီးလား"





"မဝေးဘူး ရှေ့လမ်းထဲမှာလေ၊ ခဏလေးပါ တူမကြီးရယ် ဒီမျိုးက အောင့်ထားဖို့ မလွယ်လို့ပါ"

"ရတယ်လေ ဝင်ပါ"

"ကျေးဇူးတင်ပါတယ် တူမရယ်၊ ဦးလေးက လမ်းသွားရင် အဲဒီကိုစွ အမြဲဒုက္ခပေးတယ်ကွယ့်"

တက္ကစီဆရာကြီး လမ်းတစ်ခုထဲ ချိုးကွေ့ဝင်လိုက်သည်။

ထိုစဉ် ဘေးမှရိပ်ခနဲ ဖြတ်သွားသော ကဝိ၏ကားမှာ ဂန္ဓာရုံကိုမြင်လိုက်၍ ဘက်မှန်မှတစ်ဆင့် သေချာပြန်ကြည့်ကာ ကားကိုပြန်ကွေ့ပြီး လိုက်လာသည်။

ကဝိ ကားနောက်က လိုက်လာသည်ဆိုတာကို တက္ကစီဆရာကြီးရော ဂန္ဓာရုံရော သတိမထားမိကြ။

ကားမှာ အိမ်အိုကြီး တစ်အိမ်ရှေ့တွင် ထိုးရပ်လိုက်သည်။

တက္ကစီဆရာမှာ ကားပေါ်မှမဆင်းခင် စီးကရက်တစ်ခုကို လှမ်းပေးသည်။

"ဪ သမီးရော့ ဒီနားကို ငါးကားတွေ မကြာမကြာ ဖြတ်တယ်၊ ဒါလေးနဲ့အုပ်ထား သိလား၊ ငါးနံ့က အရမ်းနံတယ်"

"ဟုတ်ကဲ့ အတော်ပဲ ရှုံ့ရုံလည်း တစ်ရှူးမေ့လာတာနဲ့ အဆော်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



လှမ်းပေးသော စန္ဒီးတာဝါကိုယူပြီးသည်နှင့် နဖူးပြင်မှချွေးစေ[...]
ကို တို့သုတ်လိုက်သည်။

တက္ကစီဆရာ ကားပေါ်မှဆင်းသွားပြီး အိမ်ကြီးထဲကို ဝင်သွ[...]
သောမြင်ကွင်းကို မြင်လိုက်ရပြီး ဂန္ဓာရုံ၏ခန္ဓာကိုယ်သည် အင်အားတွေ[...]
ယုတ်သွားသလို နုံးခွေ၍သွားသည်။

နှာသီးဝမှ ဖြတ်တိုးဝင်လာသော ပန်းရနံ့ကို သတိထားမိသော[...]
လည်း ရှုက ကူရှင်နောက်ကျောကို မှီချလိုက်သည်။

"အား ကျွတ် ကျွတ် ဘယ်လိုဖြစ်သွားတာလဲ မျက်လုံးတွေ[...]
ဝါးလာပြီ၊ မေမေ့ဆီ ဖုန်းဆက်ဦးမှ"

ဖုန်းခလုပ်ကိုပင် နှိပ်ဖို့ အင်အားမရှိတော့လောက်အောင် ဂန္ဓာ[...]
ရုံ ငြိမ်သက်သွားသည်။

အိမ်ကြီးထဲမှ ခွန်းသစ်၊ ထိုက်သုနှင့် ဂွန်တို့အဖွဲ့ ထွက်လာပြီး
တက္ကစီကားထဲမှ ငြိမ်သက်စွာ သတိလစ်နေသော ဂန္ဓာရုံကို ပွေ့ချီပြီး
အိမ်ကြီးထဲသို့ ခပ်သုတ်သုတ် ဝင်သွားကြသည်။

, ခပ်လှမ်းလှမ်း လမ်းချိုးအကွေ့နားမှာ စောင့်ကြည့်နေသော
ကဝိ လက်ထဲမှ ဖုန်းဖြင့် ထိုလှုပ်ရှားမှုတွေကို ဗီဒီယိုဖိုင်ဖြင့်ရိုက်ယူထား[...]
ပြီး ဂန္ဓာရုံအတွက် စိုးရိမ်စွာဖြင့် ထိုအိမ်ကြီးနားသို့ လျှောက်လာခဲ့လိုက်
သည်။



ဒီကောင်တွေ ဂန္ဓာရုံကို ဘာလုပ်ကြမလို့လဲ။

ခြံဝင်းနားရောက်သည်နှင့် အထဲမှ စကားပြောသံတချို့ ထွက်
[...]သည်။ ကဝိ အုတ်တိုင်နှင့်ကွယ်ရပ်နေလိုက်ပြီး နားစွင့်လိုက်သည်။
[...]က်ထဲမှဖုန်းဖြင့် record လုပ်ထားလိုက်၏။

"ဒီကလေးမ နောက်ထပ် သုံးလေးနာရီလောက်တော့ သတိ
[...]နေလိမ့်မယ်၊ ငါ့တာဝန်တော့ ပြီးပြီနော်၊ ပေး ငါ့ကိုဝန်ဆောင်ခ
[...]တို့ပြောထားတာ နှစ်သိန်းနော်"

"အင်းပါ ဦးလေးရဲ့ ကျွန်တော်တို့ ဈေးမဆစ်ပါဘူး။ ဦးလေး
[...] နှုတ်လုံပါစေ၊ ပေါက်ကြားသွားရင်တော့ ဦးလေးပါ ကြိုရာပါနော်"

သူတို့ပြောသမျှကို ဖုန်းဖြင့်အသံသွင်းထားနိုင်ရန် ခလုပ်ဖွင့်
[...]အောင်းဘီအိတ်ထဲ ထည့်ထားလိုက်သည်။

ကားဆရာကြီး ပြန်ထွက်လာပြီး ကားမောင်းထွက်သွားသော်
"ငါ နောက် သုံးနာရီလောက်ကြာရင် ပြန်လာမယ်၊ မင်းတို့
[...]သော ပြီးပါစေ"

"အိုကေ ကျေးဇူးပဲ ဦးလေး ဟဲ ဟဲ ဟဲ"

ထိုက်သု၏နှုတ်ဆက်သံအဆုံးမှာ ခြံတံခါးပိတ်သံ ကြားရသည်။
[...]ကစီကား မောင်းထွက်သွားသည်။

ကဝိ စိတ်တွေလှုပ်ရှားနေသည်။ ဒီနေ့ ဘယ်လိုဖြစ်တာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းအံ့သြစရာတွေကိုပဲ ဆက်တိုက်ကြုံနေရပါလား။ ဒယ်ဒီ့ဆီမှ
ခင် ဂန္ဓာရုံကိုတွေ့လိုက်သည်နှင့် ပထမကိစ္စပင်မရှင်းရသေး ဒုတိယ
ကို အရင်ဦးဆုံး ရင်ဆိုင်ရတော့မည်။

ဒီကောင်တွေ ဂန္ဓာရုံကို သတိလစ်အောင်လုပ်ပြီး နမချင်း
နာ ကြံကြံမလို့လား ဘုရား ဘုရား။

အတွေးဖြင့်ပင် ကဝိစိတ်တွေ မုန်တိုင်းထန်နေရသည်။
တော့ပြီမို့ အုတ်တံတိုင်းက ကျော်တက်ရန် သံတိုင်တွေပေါ် ခွတက်
သည်။

အရှိန်နှင့်ခုန်ချပြီး တစ်ဆက်တည်းဆိုသလို ပန်းအိုးစဉ်
အဖြစ် တွဲထားသော သစ်သားချောင်းကို အားနှင့်ဆွဲယူလိုက်သည်

ဘုရား ဘုရား ဂန္ဓာရုံ ဘာမှမဖြစ်ပါစေနဲ့။

■ ■ ■

အပြစ်မဲ့စွာ လှလွန်းသော ဂန္ဓာရုံကိုကြည့်ပြီး ခွန်းသစ်
မှာ နှမြောနေသည်။

"လှလိုက်တာကွာ ချွေပစ်ရမှာတောင် ငါ နှမြောတယ် ထိုက်
ရာ"

ခုတင်ထက်တွင်လှဲကာ သတိလစ်နေသော ဂန္ဓာရုံကို
ဆာလောင်နေသော ပုရိသတစ်သိုက် ငံ့မိုးကြည့်နေလိုက်ကြသည်





်လုံးတွေ မိုးပွင့်မတတ်။

"မတတ်နိုင်ဘူး ခွန်းသစ်ရာ၊ သူက ငါ့အချစ်တွေကို ခုလို
်ကြောင်းပြောင်းပေးလိုက်မှတော့ သူ့ရဲ့ကံတရားပဲ"

"ကဲပါကွာ စကားပြောနေတာနဲ့ ကြာတယ် ထိုက်သူရာ ဇာတ်
်စရာရှိတာ စတော့၊ အချိန်သိပ်မရှိတော့ဘူး၊ ဟဲ ဟဲ ဟဲ ပြီးရင်
ကိုတော့ အရိုးအရင်းလေးတော့ ပေးကိုက်နော်"

"သူ့ဘဝကို စုတ်ပြတ်သတ်အောင်လုပ်ဖို့ ရည်ရွယ်ပြီးမှတော့
တို့သဘောပေါ့ကွာ ကဲ ခုလောလောဆယ် မင်းတို့အားလုံး ဒီအခန်း
ာ ထွက်"

ထိုက်သူစကားကြောင့် အားလုံးတစ်ယောက်မျက်နှာ တစ်
ာက်ကြည့်လိုက်ကြပြီး

"မင်းကလည်း အချင်းချင်းပဲကွာ၊ ရှက်နေရသေးတယ် ဘာဖြစ်
အဟဲ မထွက်ဘူး"

ထိုက်သူ မူးနေသော ဂျွန်တို့အဖွဲ့ကို ဖွတ်အတာင်းနှင့်ထုတ်
နေတော့။ မထူးတော့ပြီမို့ မထူးဇာတ်ခင်းရုံပင်။

သတိလစ်နေသော ရုံ့အနားသို့ အားလုံးတိုးကပ်ပြီး ထိုက်သူ၏
်ရှားမှုတို့ကို ရမ္မက်ထန်စွာ စောင့်ကြည့်နေကြ၏။

အခန်းထဲတွင် သူတို့၏အသက်ရှူသံ ခပ်ကြမ်းကြမ်းသော



www.burmeseclassic.com

www.burmeseclassic.com



ချောက်ချားစရာကောင်းလောက်အောင် ကြားနေရသည်။

"ဟား တကယ်လှတယ်ကွာ မှည့်နေတာပဲ ဟီး ဟီး"

မိုက်ကယ့်ထံမှ ရမ္မက်တွေဝေနေသော အာလုပ်သံကြီး ထွ

ပေါ်လာသည်။

ထိုက်သုအပေါ်အင်္ကျီကို ဆွဲချွတ်ပြီး ဂန္ဓာရုံ၏ကိုယ်ပေါ် အုပ်

လိုက်သည်။

"ဝုန်း"

ကဝိ တံခါးကို အတင်းကန်ပြီး ဖွင့်လိုက်သည်။ သူ ဒီအတိ

အခန်းအပြင်ကနေ စောင့်ကြည့်နေလျှင် ဂန္ဓာရုံဘဝ ပျက်တော့မည်

"ဟင် ကဝိ မင်း ဘယ်တုန်းက ရောက်နေတာလဲ"

ကဝိကိုမြင်တော့ ခွန်းသစ် လန့်သွားသည်။ ဂန္ဓာရုံပန်းဦး

အရင်ဆုံးသောက်သုံးနေပြီဖြစ်သော ထိုက်သု ခုတင်ထက်မှ ကမန်း

တန်းဆင်းကာ လေသံမာမာနှင့်ပြော၏။

"ဟေ့ကောင် ခွန်းသစ် သူ့ကိုညှော်ထောက်ခံမနေနဲ့၊ တစ်

တည်း အပြတ်ရှင်းမယ်"

"ဒီကောင် ဟီးရိုးလာလုပ်နေတယ် ဟုတ်လား၊ မင်းပါ တစ်

မလား၊ ဒါဆိုရင်တော့ ငါတို့အလှည့်ပြီးရင် မင်းအလှည့်လာမယ် ဒီမို

မဟုတ်ဘဲ ရုပ်ရှင်ထဲကလို မင်းသားစတိုင်ဖမ်းပြီး ဟီးရိုးလာလုပ်လို့





တော့ မင်းပါ ဘဝကူးသွားမယ် ဟေ့ကောင်"

ကဝိ အာခေါင်ခြစ်၍ အော်လိုက်ပြီး သစ်သားတုတ်ကို ကျစ်ကျစ်

ပါအောင် ဆုပ်ကိုင်လျက် ဝိုက်နိုက်ဖို့ အသင့်ပြင်လိုက်သည်။ အားလုံး

သတိအနေအထားဖြင့် ကဝိကိုဖိုက်ဖို့ ဟန်ရေးပြနေကြသည်။

"အောင်မာ သောက်အေက ငါတို့နဲ့ယှဉ်ချင်သေးတယ် ဟုတ်

လား၊ ဟမ် ဟေ့ကောင် ဂျွန် ကိုဖြိုး ချကွာ မင်းတို့ ဘာကြောင်ကြည့်

နေတာလဲ"

ကိုဖြိုးနှင့်မိုက်ကယ် ကဝိနားသို့ ပြေးဝင်လာသည်။ ကဝိ လက်

ထဲမှ တုတ်ဖြင့် အားကုန်ဝှေ့ရမ်းကာ တိုးဝင်လာသော ကိုဖြိုးကို ရိုက်ချ

လိုက်သည်။

"ဖြောင်း"

"အား"

"ဟင် ကိုဖြိုး ခေါင်းကွဲသွားပြီ"

ကဝိ အသိစိတ်ပျောက်ကာ တိုက်နိုက်ဖို့အသင့်အနေအထား

ရှိနေသော ကျားသစ်တစ်ကောင်လို အားမာန်အပြည့်။

ခေါင်းမှသွေးတွေ ဖြာခနဲ ကျလာပြီး ကိုဖြိုး ကြမ်းပြင်ပေါ်

လဲကျသွားသည်။

ထိုက်သုနှင့်ဂျဖဲ ရှေ့သို့ ထပ်တိုးလာသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှတုတ်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး တိုးဝင် လာသောသူကို အသေရိုက်မည့်ဟန်ဖြင့် ကဝိ ရပ်နေလိုက်သည်။

ခွန်းသစ်သည် ကဝိနှင့်ထိုက်သုတို့ ရန်ပွဲထဲသို့ ဝင်မလာဘဲ ခုတင်ထက်မှာ ဖရိုဖရဲဖြစ်နေသော ဂန္ဓာရုံနားသို့ သွားပြီး ရင်ညွန့်ကို ငုံ့မိုးနမ်းရှုံ့လိုက်ပြီး

"ထိုက်သု ဒီကောင့်ကို မင်းကြည့်ရှင်းထား။ ငါ ဒီကောင်မလေး ရှုံ့လိုက်ဦးမယ်၊ ဒီကောင့်ကို အားလုံးဝိုင်းဖိုက်နေရင် အချိန်ကုန်တယ်"

"အေး မင်းသဘောပဲ ခွန်းသစ်"

ထိုက်သုထံမှ တာဝန်လွှဲပြောင်းပေးခြင်း ခံလိုက်ရပြီမို့ ခွန်းသစ် သူ့ကိုယ်ပေါ်မှ အင်္ကျီကိုဆွဲချွတ်ကာ ဂန္ဓာရုံနားသို့ ဝင်၍ လှဲအိပ်လိုက် သည်။

ကဝိ ခွန်းသစ်နားသို့ တစ်ရှိန်ထိုး အော်ဟစ်ပြေးသွားပြီး ကျော ထောက်ကို လှဲ့ရိုက်ပစ်လိုက်သည်။

"ဒုတ်"

"အား"

ခွန်းသစ် ခြေသလုံးအရှိန်နှင့်ရိုက်မိသွားပြီး ခွန်းသစ် ငယ် ငယ်ရင်းပါအောင် ထအော်ကာ ခုတင်ပေါ်မှ ခုန်ဆွခုန်ဆွဖြင့် ဆင်း ၏။





ထိုက်သုသည် ကဝိနောက်မှ ဝင်လုံးလိုက်ကာ ဗျွန်က ကဝိ လက်ထဲမှ တုတ်ကိုဆွဲလုပြီး ကဝိ ဗိုက်ကိုအရှိန်ဖြင့် လှဲ့ရိုက်လိုက်သည်။

"ဘုန်း"

"အု"

ငဖဲနှင့်ကျော်နီ တုတ်တစ်ချောင်းစီကိုင်ပြီး ပြေးလာကာ ကဝိ မျက်နှာနှင့်ခေါင်းကို ဖြတ်ရိုက်လိုက်သည်။

ကဝိခေါင်းမှ သွေးတွေ ရေပန်းကဲ့သို့ ဖွာခနဲ လွင့်ထွက်လာ သည်။

ခွန်းသစ်နာသွားသော သူ့ခြေထောက် ထော့နင်းထော့နင်းဖြင့် ကဝိဆီပြေးလာပြီး သွေးအလိမ်းလိမ်းစီးကျကာ သတိလစ်မတတ် နာ ကျင်နေသော ကဝိမျက်နှာကို အဆက်မပြတ်ထိုး၏။

အားလုံး ဆွမ်းကြီးဝိုင်းလောင်းနေကြ၍ ကဝိ ဘယ်လိုမှပြန်ပြီး မခုခံနိုင်တော့။

"ဟော့ကောင်တွေ ဂန္ဓာရုံကိစ္စကို ငါတို့ဆီ အမှုမပတ်အောင် ဒီကောင့်ကို အပြတ်ရှင်းလိုက်ကြ"

ထိုက်သု စကားကို ကဝိ နောက်ဆုံး ကြားလိုက်ရသည့် အခိုက် အတန့်လေးမှာပင် ကဝိ ရင်ဝသို့ စူးခနဲ နာကျင်မှုတစ်ခုနှင့်အတူ အရာ အားလုံးသည် မှောင်မည်းတိတ်ဆိတ်ကာ ကဝိ ကမ္ဘာသည် ဘာမှမရှိ



www.burmeseclassic.com

www.burmeseclassic.com



တော့သော လေဟာနယ်ထဲသို့ ရောက်သွားသည့်နှယ်။ လောကကြီးနှင့် အဆက်ပြတ်သွားလေသည်။

■ ■ ■



## အခန်း (၂၀)

"သားကြီး မင်းညို အခုထိ ပြန်မလာသေးဘူး ဘယ်သွားမယ်လို့ ပြောလဲ"

ဦးအောင်မြင်အမေးကြောင့် ဝရန်တာတွင် တစ်ယောက်ထဲထိုင်နေသော ခွန်းသစ် ဆတ်ခနဲ တုန်ကာ လန့်သွားပြီး အထိတ်တလန့်မော့ကြည့်သည်။

"ဗျာ ဗျာ ဒယ်ဒီ ဘာပြောတာလဲ"

"မင်းညို ခုထိ ပြန်မလာသေးဘူး၊ ဖုန်းမက်ဆေ့ချ် ပို့တော့လည်း ပြန်မဖြေဘူး"

"မ မသိဘူး ဒယ်ဒီ မနက်ကတည်းက သူ့ကို သားလည်း မတွေ့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ ညဆယ်နာရီကျော်အထိ ပြန်မလာဘဲ အပြင်မှာ မနေဖူးဘူး။ ဒီကောင် ဘယ်များအလည်လွန်နေသလဲ မသိပါဘူးကွာ"

ခွန်းသစ်စိတ်ထွေ ဂနာမငြိမ်ဖြစ်၍နေသည်။ ဒီနေ့အဖြစ်အပျက်ကြီးကို မျက်စိထဲ ပြန်ပြန်မြင်ကာ စိတ်တွေဂနာမငြိမ်ဖြစ်နေ၍ ဒီတစ်ညလုံး အိပ်ပျော်အောင်အိပ်ဖြစ်မည်မဟုတ်တော့။ ကဝိ၏သွေးစွန်းနေသော မျက်နှာနှင့်အသက်မဲ့နေသော ခန္ဓာကိုယ်ကို သူတို့အဖွဲ့ ထိုအိမ်ကြီးထဲမှာပင် လက်စဖျောက်ခဲ့ကြပြီပဲ။

မထင်မှတ်ဘဲနှင့် ကဝိကို သူတို့သတ်ခဲ့ကြသည်။ ဂန္ဓာရုံ၏ဘဝကိုလည်း ဖျက်ဆီးပစ်ခဲ့သည်။

ကဝိ သေသွားသည်ကို ဝမ်းမနည်းပေမယ့် စိတ်ထဲမှာ ကြောက်စိတ်တော့ ဖြစ်မိသည်။

"သား ဒယ်ဒီ ပြောတာ ကြားလား"

"ဗျာ ဒယ် ဒယ်ဒီ ဘာပြောတာလဲ"

"ဒယ်ဒီတို့ သူသွားတတ်တဲ့နေရာတွေကို လိုက်ကြည့်ကြရအောင်လို့၊ ကား သွားထုတ်ထားလိုက်"

"ဗျာ ဟုတ် ဟုတ်ကဲ့ပါ ဒယ်ဒီ၊ ကျွန်တော် ကားသွားထုတ်ထားလိုက်မယ်၊ ဒါ ဒါနဲ့ ဘယ်ကိုအရင်သွားမလဲ ဒယ်ဒီ"

စိတ်လှုပ်ရှားနေသည်မို့ အသံတို့က မသိမသာ တုန်ယင်၍နေ





သည်။

"သူ့သူငယ်ချင်းတွေအိမ်ကို အရင်သွားကြည့်ရမှာပဲ"

"ကျွန် ကျွန်တော် သူ့သူငယ်ချင်းတွေအိမ်ကို မသိဘူး ဒယ်ဒီ"

"ဒယ်ဒီလည်း မသိပါဘူး၊ ဒါပေမဲ့ ဖုန်းဆက်ပြီး မေးသင့်တဲ့အိမ်မေး၊ ဖုန်းအဆက်အသွယ်မရတဲ့အိမ်တွေကိုတော့ လိပ်စာမေးစမ်းပြီး သွားရှာရမှာပဲ ကဲ ကဲ ထ ကားသွားထုတ်၊ ဒယ်ဒီ မင့်မာမီကိုပြောပြီး ဆင်းလာခဲ့မယ်"

"ဟုတ် ဟုတ်ကဲ့ပါ ဒယ်ဒီ"

ရှာမတွေ့နိုင်ဘူးဆိုတာ သိပေမယ့် ပထွေးစိတ်တိုင်းကျ ကားတော့ မောင်းပို့ရမှာပင်။ သူ့သားသေသွားတာ သူမှမသိသေးတာကို ဘယ်တော့မှလည်း မသိစေရ။

မသိအောင်လည်း အစဖျောက်ခဲ့ကြပြီးပြီပဲ။ ကားကိုတောင် ထောက်ကြံ့ဘက်က ဟိုင်းဝေးလမ်းမပေါ်မှာ သွားပြီး ရပ်ထားခဲ့လိုက်သည်။

■ ■ ■

ညဉ့်နက်သန်းခေါင်အထိ ကဝိကို လိုက်ပတ်ရှာပေမယ့် ဘယ်မှာမှ ရှာမတွေ့ခဲ့သဖြင့် ဦးအောင်မြင် သားဖြစ်သူအတွက် ရင်ထဲမှာ စိုးရိမ်စိတ်ဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကလေး ဘယ်များအလည့်လွန်နေပြန်ပြီလဲကွယ်၊ ကိုယ့်မိဘတွေ ဘယ်လောက် စိတ်ပူနေလဲဆိုတာ နည်းနည်းမှ မတွေးမိဘူးလား မသိဘူး"

"သိပ်လည်းစိတ်မပူပါနဲ့ ဒယ်ဒီ၊ သူ့သူငယ်ချင်းတစ်ယောက်ယောက်အိမ်မှာ မူးပြီး အိပ်ပျော်နေလို့ ပြန်မလာတာဖြစ်မှာပါ၊ မနက်ကျရင်တော့ ပြန်လာမှာပါ"

"အေးကွာ ဒယ်ဒီလည်း သူ့သူငယ်ချင်းတွေအိမ် စုံသလောက်ရှိနေပြီ၊ ကားလည်းမရှိဘူးဆိုတော့ ဒီကလေးတွေ လိမ်ပြောတာလည်း မဟုတ်လောက်ပါဘူး"

သားအတွက် ဘဝင်မကျဖြစ်နေသော ဦးအောင်မြင့်၏သောကတွေကို ခွန်းသစ် စိတ်ထဲမှ ကြိတ်ပြီးလှောင်လိုက်သည်။

ခရိုနိုလောက်ဆိုရင် ခင်ဗျားသားက ဝိညာဉ်ဘဝနဲ့ ဘယ်သွားလို့ ဘယ်လာရမှန်းတောင် သိမှာမဟုတ်ဘူး။ အဖြစ်က သနားစရာတောင် ကောင်းသေး။ သူများလို အသုဘလည်း အပို့မခံရ။ ခုနစ်ရက်ပြည့်လို့ ရက်လည်ဆွမ်းလည်း ကပ်မပေးရ။ သေတာတောင် လူမသိ သူမသိ။ ပိုးစိုးပက်စက် သေရသည့် ဒီကောင်ကာဝိအဖြစ်ကို ခင်ဗျားသိရင် နေရာမှာတင် ဘုန်းခနဲ လဲသေသွားမလား။

ကားမောင်းရင်း စိတ်ထဲမှ ခပ်လှောင်လှောင် ပြောလိုက်သည်။





ထိုစဉ် ဦးအောင်မြင့် ဖုန်းမှ မက်ဆေ့ချ် ဝင်လာသည့်အသံကြောင့်

"ဟော သား မက်ဆေ့ပို့ပြီကွ"

ဝမ်းသာအားရပြောကာ မက်ဆေ့ချ်ဘောက်စ်ကို ဖွင့်လိုက်သည်။

"ဟင် ဘာမှလည်း မရေးထားပါလား"

"ကာဝိ ပို့တာလား"

မဖြစ်နိုင်မှန်း သိသိကြီးနှင့် မေးလိုက်ခြင်းဖြစ်သည်။

"ကာဝိပို့တာ ဒါပေမဲ့ ဘာမှရေးမထားဘူး"

"ဗျာ"

ကာဝိပို့တာဆို၍ ခွန်းသစ် ကားမောင်းနေရင်းမှ ဘရိတ်ကိုလန့်ပြီး ဖိနင်းလိုက်သည်။

"ကျွိ"

ဦးအောင်မြင့် ရှေ့ကို ငိုက်ကိုင်းသွားသည်။

"ဘာ ဘာဖြစ်တာလဲ"

ခွန်းသစ် ပျက်ယွင်းသွားသော မျက်နှာအမူအရာကိုထိန်းရင်း

"ဘာမှမဖြစ်ပါဘူး ကာဝိ မက်ဆေ့ဆိုလို့ သူရှိတဲ့နေရာကိုသွားဖို့ ကားပြန်လှည့်မလို့ပါ"

ပါးစပ်ထဲတွေ့ကရာ ဆင်ခြေတစ်ခုကို ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ ဒီကလေး မက်ဆေ့တော့ပို့ပြီး ဘာမှရေးမထား
ဘူး"

ကားမောင်းနေသော ခွန်းသစ်ဏ်က်တွေ မသိမသာတုန်ယင်
နေသည်။

ကဝိက သေပြီပဲ။ ဘာကြောင့် မက်ဆေ့က ဝင်လာရသလဲ
ကြောက်စိတ်နှင့်အတူ ခွန်းသစ် ဖောချွေးတို့ စို့တက်လာသည်
အမူအရာပျက်နေသော ကိုယ့်ကိုကိုယ်လည်း ဒေါသဖြစ်မိသည်
ခုချိန်မှာ ခွန်းသစ်၏ပျက်ယွင်းနေသော အမူအရာကို ဦးအောင်
မြင် သတိထားမိသွား၍ မဖြစ်။

ထို့ကြောင့် စိတ်ကိုအတည်ငြိမ်ဆုံးထိန်းကာ ညအမှောင်ထဲတွင်
ကားကိုသတိထား၍ မောင်းနေရသည်။ ဦးအောင်မြင်က သားအတွယ်
သောကပွေနေသလို ခွန်းသစ်သည်လည်း မှားမိသည့်အမှားအတွယ်
ကြောင့် နောက်ကျောမလုံသလို စိတ်ထဲမှာတထင့်ထင့်။ ကိုယ့်အနားမှာ
ကဝိရှိနေသလို ခံစားနေရပြီး ကျောထဲမှာစိမ့်နေသည်။

တွေးရင်းဖြင့် ကားရှေ့မီးရောင်အောက်တွင် ကဝိ၏ခပ်တော
တောင့်ရပ်နေသော ပုံရိပ်ကြောင့်

"အား"

■ ■ ■



အခန်း (၂၁)

"သားရယ် လူငယ်ဖြစ်ပြီး ညဘက်ကားမောင်းတာတောင်
ခေတ်တိုင်ကိုဝင်တိုက်ရသလား။ ဟွန်း တော်သေးတာပေါ့ ဓာတ်တိုင်ဖြစ်
နေလို့ လူသာဆိုရင် ငါ့သားခုလောက်ဆိုရင် အချုပ်ထဲရောက်နေလောက်
ပြီ"

ဆိုးရိမ်တကြီးပြောနေသော မာမီ၏စကားကြောင့် ခွန်းသစ် ဘာမှ
ပြန်ရှင်းမပြချင်တော့။ ညက ကဝိကို ကားရှေ့မှာ ဘွားခနဲ မြင်လိုက်ရ၍
ကားကိုအရှိန်မထိန်းနိုင်တော့ဘဲ ဓာတ်တိုင်ဝင်တိုက်မိတာပါဟု အမှန်
အတိုင်း ပြောလိုက်လျှင် ကဝိ သေသွားပြီဆိုတာကို မာမီ ရိပ်မိသွားလိမ့်
မည်။

"ဒါနဲ့ ကဝိ သတင်းရော ခုထိ ဘာမှမထူးသေးဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



ကားကို မြို့ပြင်မှာတွေ့တယ်ဆိုတော့ မာမီ့အထင်တော့လေ ကာ
မားပြတွေများ တောထဲဖမ်းခေါ်သွားသလား သားရယ်''

သမားရိုးကျဆန်သောအတွေးဖြင့် ထင်ကြေးပေးနေသော
စကားကို တုန့်ပြန်ဖြေရှင်းချင်စိတ်မရှိ။

''ဘယ်လိုပုံစံနဲ့ပဲဖြစ်ဖြစ် ဒင်း ဒီအိမ်မှာတစ်ရက်မရှိရင်
တော့ တစ်သက်လုံးစိတ်ချမ်းသာတယ်၊ သီလား ဟွန်း တစ်သက်
ပြန်မလာရင် ပိုတောင်ကောင်းသေး''

ထိုစဉ် အခန်းထဲသို့ ဦးနေမင်း ဝင်လာသည်။

''သား ဘယ်လိုနေသေးလဲ သက်သာလား''

ခွန်းသစ်ဘေးတွင် ဦးနေမင်း ဝင်ထိုင်ရင်း မေးလိုက်သည်

''ကိုရော ဘယ်မှာကျန်ခဲ့လဲ''

ဦးအောင်မြင့်ကို မေးလိုက်သော ဒေါ်ယုသဇ္ဈာ၏အမေးကြော
ဦးနေမင်း မျက်နှာမှာ မနှစ်မြို့သောဟန်ဖြစ်သွားပြီး

''မင်းလင်တော်မောင်က ဝပ်ရှော့ကနေ ကုမ္ပဏီကိုတန်းသွ
တယ်၊ ကားက ရှေ့ဘန်ဘာရော အဖုံးရော အသစ်ပြန်လဲရမယ်၊ ဝီး
တစ်ခြမ်းကြေသွားတယ်''

''တော်သေးတာပေါ့ သားရယ်၊ ညက သားရဲ့အမှားကို မ
ဒယ်ဒီ တစ်ခွန်းမှကို အပြစ်မတင်ရှာဘူး''





အဖေအရင်းခေါက်ခေါက်ကြီးရှေ့မှာ ပထွေးကို အဖေအမည်ခံ
နေသည်ကို ဦးနေမင်း ဒေါ်ယုသဇ္ဈာကို မျက်စိစပါးမွေးစူးကာ ကြည့်လိုက်
ပြီး

''ဖော့ မယု မင်းဥစ္စာ မလွန်ဘူးလားကွာ၊ ငါ ဖအေအရင်း
ခေါက်ခေါက်ရှေ့မှာ ပထွေးကို အဖေအရင်းလို အကဲပိုပြနေတာ ငါ
နားကြားပြင်းကပ်တယ်''

''ကဲပါ အဖေရာ ဒီမှာ ညစ်နေရတဲ့ကြားထဲ အရေးထဲ ဘာ
ဟောတ်တာနဲ့ ပြဿနာလာရှာနေတယ်''

ညစ်ညစ်နှင့် ဦးနေမင်းကို ဟောက်ပစ်လိုက်သည်။

''အကဲပိုရမယ် ကိုနေမင်းရေ ကိုအောင်မြင့်က နောက်မှပေါက်
တဲ့ရွှေကြာပင်ဆိုပေမယ့် ကျွန်မတို့သားအမိဘဝကို ရေမြှင့်ပြီး ကြာတင့်
စေတယ်လေ''

''အန်တီ ဧည့်သည်တွေရောက်နေတယ်''

အိမ်ဖော် ဝင်လာသဖြင့် ဒေါ်ယုသဇ္ဈာ စကားကို ဆက်မပြော
တော့ဘဲ

''ဘယ်သူတွေလဲ''

''အစ်ကိုလေး ခွန်းသစ် သူငယ်ချင်းတွေပါ''

''ဟင်''



www.burmeseclassic.com

www.burmeseclassic.com



ထိုက်သုတို့ဆို၍ ခွန်းသစ် လန့်သွားသည်။ အတူတူပေါင်းပြီး ကဝိကို သတ်လိုက်ကြတုန်းက ထိတ်လန့်ရကောင်းမှန်း မသိ။ ယခု သူတို့နှင့်ရင်ဆိုင်ရမှာကိုပင် ခွန်းသစ် သွေးပျက်နေသည်။

"အေး အေး အခန်းထဲကို ဝင်လာခဲ့နိုင်းလိုက်"

ဦးနေမင်း အိမ်ဖော်ကို လှမ်းပြောလိုက်သည်။ ခွန်းသစ် ခုတင်ပေါ်မှာ လှဲနေရင်းမှ သက်ပြင်းရှည်ကြီးတစ်ခုကို ခပ်လေးလေးချလိုက်ရင်း

"သား သူငယ်ချင်းတွေနဲ့ စကားပြောလိုက်ဦးမယ် မာမီ"

"အေးပါ မင်းသူငယ်ချင်းတွေစားဖို့ မာမီ တစ်ခုခုသွားစီစဉ် လိုက်ဦးမယ်၊ ကဲ ကိုနေမင်း ကလေးတွေ သူတို့ဟာသူတို့ လွတ်လွတ်လပ် လပ် ပြောကြပါစေ"

အလိုက်မသိဘဲ ဆက်ထိုင်နေသော ဦးနေမင်းကို ဒေါ်ယုသဥ္စာ သတိပေးလိုက်သည်။ ဦးနေမင်း ဒေါ်ယုသဥ္စာနောက်က ထလိုက်လာ သည်။

ဦးအောင်မြင် အိမ်မှာမရှိသည့်အချိန်တွေသည် ဦးနေမင်းဟာ ဒေါ်ယုသဥ္စာ၏ခင်ပွန်းအဖြစ်နှင့်ပေါ့။

■ ■ ■

"မင်း ဘာမှစိတ်မပူစမ်းပါနဲ့ကွာ၊ ငါတို့ ပိပိရိရိ လုပ်ခဲ့တာပဲ ဘယ်သူမှ သိစရာအကြောင်းမရှိဘူး"





ညက ကဝိကို ကားရှေ့မှာ ဘွားခနဲ တွေ့လိုက်ရသည့်ကိစ္စကို ပြောပြပေမယ့် ထိုက်သုတို့ ခွန်းသစ်လောက် သိပ်ပြီးထိတ်လန့်ပုံမပြ။

"မင်းစိတ်က ထင်ရာမြင်ရာ လျှောက်မြင်နေတာပါကွာ၊ ဟို ကောင်ကဖြင့် ခုလောက်ဆို ဘယ်သွားလို့ ဘယ်လာရမှန်းမသိ၊ တမလွန် မှာ မျက်စိသူငယ် နားသူငယ်ဖြစ်နေလောက်ပြီ"

"အေးလေ အလကား ကိုယ့်စိတ်ကို ကိုယ်ဒုက္ခပေးနေတယ်"

ဝွန်နှင့်ငဖဲတို့ကပါ ပေါ့ပေါ့တန်တန် ပြောသည်။

"ငါတို့ မနက်ဖြန် ကောင်မလေးတွေနဲ့ ကလပ်သွားမယ် မင်းပါ လိုက်ခဲ့"

"ငါ မလိုက်သေးဘူး ငဖဲ၊ ဒယ်ဒီက ကဝိပျောက်လို့ လိုက်ရှာ နေတဲ့အချိန်မှာ ငါ ကလပ်တက်လို့ သိပ်မကောင်းဘူးကွ၊ ကဝိ မရှိတဲ့ အချိန်မှာ ငါ ဒယ်ဒီရှေ့မှာ အလိမ္မာဆုံးနဲ့အကောင်းဆုံးနေပြရဦးမှာ"

"အဟက် ပထွေးဆီက အမွေတွေ လက်ဝါးကြီးအုပ်မလို့ ပေါ့တဲ့လား"

ကိုဖြိုး စကားကြောင့် ခွန်းသစ် ဟက်ခနဲ ရယ်လိုက်ပြီး

"ငါ့ရည်ရွယ်ချက်က အဲဒါပဲ၊ အခု ငါ့ရှေ့မှာ ပိတ်ဆို့နေသည့် အဟန့်အတားကြီးကို ရှင်းထုတ်လိုက်ပြီလေ၊ အမွေဆက်ခံသူဟာ ငါပဲ ရှိတော့တာပေါ့"

www.burmeseclas

www.burmeseclassic.com



"ဝုန်း"

ခွန်းသစ်စကားအဆုံး အခန်းတံခါးမှာ သူ့အလိုလို ပိတ်သွာ
သည့်အသံကြောင့် အားလုံး စကားပြောနေကြရင်းမှ အခန်းဝကို ငြိုင်တူ
လှည့်ကြည့်လိုက်ကြသည်။

"ဘယ်သူလဲ တံခါးကိုပိတ်တာ မာမီ မာမီ"

ခုတင်ပေါ် ထိုင်နေသော ခွန်းသစ် ခုတင်ထက်က ဝေါက်ခန
ထကာ အခန်းဝသို့ ရောက်သွားသည်။

"မာမီ မာမီ"

ပိတ်နေသော တံခါးကို တဝုန်းဝုန်းထုရင်း အခန်းထဲမှ အော်
ခေါ်လိုက်သည်။ တံခါးက အပြင်မှ လော့ခ်ချထားသည်မို့ တံခါး လုံးဝ
ဖွင့်၍မရ။

ညွန့်တို့ ငဖဲတို့ပါ ထိုင်ရာမှထလာကြပြီး

"မင်းမာမီ ပိတ်သွားတာလား"

"မသိဘူး မာမီ မာမီ"

တံခါးထုသံ တဝုန်းဝုန်းနှင့်ထုရင်း မိခင်ဖြစ်သူကို အသံရှိန်
မြှင့်၍ အော်ခေါ်လိုက်သည်။

"ကျွတ် ဘယ်သူလဲကွာ"

တံခါး လုံးဝဖွင့်၍မရသလို အပြင်မှာလည်း လာမဖွင့်ပေးသဖြင့်



သစ် ဖုန်းကိုယူကာ မာမီ့ဆီ ဖုန်းခေါ်လိုက်သည်။

"ဟဲလို"

ဟဲလိုဆိုသော အသံမှာ ယောက်ျားသံဖြစ်နေသည်မို့ ခွန်းသစ်
ထဲမှာ သူ့အဖေ ဦးနေမင်းဟုပဲ စိတ်ကထင်ပြီး

"အဖေ ဘာလုပ်နေတာလဲဗျာ ဒီမှာ သားအခန်းတံခါးကို
ဖေ ပိတ်သွားတာလား။ လာပြန်ဖွင့်ပေးဦး သူငယ်ချင်းတွေ ပြန်မလို့"

"အဖေ ဟုတ်လား ဘယ်အဖေလဲ ဦးအောင်မြင်လား"

တစ်ဖက်မှ ခြောက်ကပ်ကပ် သွေးအေးလွန်းသော အမေး
ကြောင့် ခွန်းသစ် စိတ်လေသွားသည်။

"ကျွတ် အဖေရာ သားက ဦးအောင်မြင်ကို အဖေလို့ခေါ်မ
"

"ဒါဆို ငါ ဘယ်သူလဲ မင်းသိလား"

"ဟ အဖေ ရစ်တယ်ဗျာ၊ အဖေက ဦးနေမင်း မဟုတ်လို့
ယ်သူဖြစ်ရမှာလဲ၊ ရေလည် ကျိုင်ပဲဗျာ"

"ငါက မင်းအဖေအရင်း ဦးနေမင်းမဟုတ်သလို မင်းပထွေး
အောင်မြင်လည်း မဟုတ်ဘူး။ ငါက ကဝိ မင်းတို့အဖွဲ့ ငါ့ကို ရက်ရက်
စက် သတ်သွားခဲ့ကြတဲ့ ကဝိလေ"

တစ်ဖက်ဖုန်းထဲမှ ကဝိဆိုသော နာမည်ကြောင့် ခွန်းသစ်

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးအစုံပြူးကျယ်ဝိုင်းစက်သွားကာ ကြောက်စိတ်ကြောင့် မျက်

တစ်ပြင်လုံး ဖွေးဆုတ်သွားသည်။ ခန္ဓာကိုယ်သည် နတ်ဝင်သည်

ယောက်လို တုန်ယင်လာပြီး နောက်ကို ဆုတ်ကာယိုင်သွား၏။

"ဘာ က က ကဝိ ဟုတ်လား"

"ဟုတ်တယ် ငါ ကဝိပဲ"

"မ မ မဖြစ်နိုင်ဘူး။ ကဝိက သေပြီ"

ခွန်းသစ်ကိုကြည့်ပြီး ထိုက်သုတို့အုပ်စု နားမလည်နိုင်သေ

မျက်နှာဖြင့် ခွန်းသစ်ကို ဝိုင်းကြည့်နေကြသည်။

"ခွန်းသစ် ဘာလဲ ဘယ်သူလဲ၊ မင်းဘာတွေပြောနေတာလ

ထိုက်သု ခွန်းသစ်လက်ထဲမှ ဖုန်းကိုဆတ်ခနဲ လှမ်းယူ

နားထောင်လိုက်သည်။

တီ တီ တီ ဟူသော အသံမှလွဲ၍ ဘာသံမှ မကြားရ။

"ဟာကွာ မင်း တော်တော်နောက်တဲ့ကောင်၊ ဘယ်သူမှထ

မဟုတ်ဘဲနဲ့"

ထိုက်သု ထိုသို့ပြောပြီး ဖုန်းပိတ်လိုက်ပေမယ့် ခွန်းသစ်

နေရာတွင်ပင် တွေတွေကြီးရပ်ကာ အပမီသလို ကြောင်စီစီဖြစ်နေသေ

မမှားနိုင်ဘူး သူ လုံးဝမမှားနိုင်ဘူး။

ခွန်းသစ် ခေါင်းတခါခါနှင့် ငြင်းလိုက်ပြီး





"ငါ ငါ ကဝိဖုန်းနံပါတ်ကို နှိပ်လိုက်မိပြီထင်တယ် ထိုက်သု"

ခွန်းသစ်၏တုန်ယင် ကြောက်ရွံ့နေသော စကားကြောင့် ဇဖဲ ထိုက်သုလက်ထဲမှဖုန်းကို ဖျတ်ခနဲယူကာ နံပါတ်ကို စစ်ကြည့်လိုက်သည်။

"ဒါ ကဝိ ဖုန်းနံပါတ်ပဲ"

အားလုံး မျက်လုံးပြူးသွားကြသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"ဟင် ကဝိ အစောကြီးရောက်နေတာလား"

စာသင်ခန်းထဲဝင်ဝင်ချင်း ခုံမှာထိုင်နေသော ကဝိကို ဂန္ဓာရုံ ဝမ်းသာအားရ နှုတ်ဆက်လိုက်သည်။ ကဝိ အကြည့်တွေသည် ကြေကွဲနေသည်။

"နင် နေကောင်းလား ရုံ"

ကဝိ အမေးကြောင့် ရုံမျက်နှာ ညှိုးသွားသည်။

"ငါ နေမကောင်းတာ နင် ဘယ်လိုသိလဲ၊ ဟုတ်တယ် ငါ နေမကောင်းဘူး။ ခုတစ်လော ငါ့စိတ်တွေ အရမ်းလေးလံနေတယ်၊ နောက် နောက်ပြီး မိန်းကလေးရောဂါဖြစ်နေတယ်ဟယ်၊ ဘာကြောင့် ဒီလိုဖြစ်နေတယ်ဆိုတာ ငါ့ကိုယ်ငါ နားမလည်နိုင်ဘူး"





မျက်နှာတွေကျကာ တော်တော်လေး ပိန်သွားသော ဂန္ဓာရုံကို ကဝိ ကြည့်လိုက်သည်။ အကြည့်ချင်းဆုံမိကြသည့်အခိုက် ဂန္ဓာရုံ မျက်ဝန်းလေး လက်ခနဲ တောက်သွားကာ

"က ကဝိ နင် နင်စကားပြောတတ်ပြီလား"

ကဝိ စကားပြောတတ်သွားပြီမို့ ဂန္ဓာရုံ အတိုင်းမသိ ဝမ်းသာသွားသည်။

"ဟုတ်တယ် ငါ ငါ စကားပြောနိုင်သွားပြီ၊ နင့်ကိုငါ အရေးကြီးတဲ့စကားတွေ ပြောချင်တယ်၊ နင့်စိတ်တော့ နိုင်ရမယ်နော် ရုံ"

"ဘာပြောမှာလဲ"

"နင် နင်လေ နင့်ကို"

ကဝိ စကားမစလိုက်ခင်မှာပင် ထိုက်သူ စာသင်ခန်းထဲ ဝင်လာသည်။

"ဟိုင်း ရုံ ဒီနေ့ နင်တယ်စောပါလား"

ထိုက်သူကိုမြင်သည်နှင့် ရုံ မျက်နှာတင်းသွားသည်။ ရုံစိတ်ထဲမှာ ခုတစ်လော ထိုက်သူနှင့်မျက်နှာချင်းမဆိုင်ချင်သလို သူ့ကိုခါတိုင်းထက်ပိုပြီး မုန်းနေသလို ခံစားရ၏။ အိပ်မက်ထဲတွင် သူ ရုံ့ကို အမြဲတမ်း စော်ကားသည့်မြင်ကွင်းမျိုးကို မက်သည်။

ထိုအိပ်မက်မက်တိုင်း ရုံ အိပ်ရာမှလန့်နိုးကာ ချွေးသီးချွေးပေါက်



www.burmeseclassic.com

www.burmeseclassic.com



တွေကျပြီး လူက တုန်ယင်နေတတ်သည်။ ခုလည်း ထိုက်သုကိုမြင်သည်နှင့် ရုံ့ စိတ်ထဲ ကတုန်ကယင် ဖြစ်လာသည်။

သူနှင့်လုံးဝကို မျက်နှာချင်းမဆိုင်ချင်သဖြင့် မျက်စောင်းတစ်ချက်ထိုးကာ

"ကဝိ ပြောလေ၊ နင် ငါ့ကိုဘာပြောမှာလဲ"

တစ်ဖက်ကိုလှည့်ပြီး ကဝိဟု ပြောလိုက်သောအသံကြောင့် ထိုက်သု ဖျဉ်းခနဲ ခံစားလိုက်ရပြီး ထိုင်နေရာမှ ဝုန်းခနဲ ထရပ်ကာ

"ရုံ နင် ဘာတွေပြောနေတာလဲ၊ က ကဝိက ဘယ်မှာလဲ။ ဒီအခန်းထဲမှာ နင်နဲ့ငါ နှစ်ယောက်ထဲရှိတဲ့ဟာကို"

ထိုက်သု စကားကြောင့် ဂန္ဓာရုံ ကဝိကိုလှည့်ကြည့်လိုက်ပြီး ထိုက်သုအား

"နင် လုံးဝကန်းသွားပြီ သိလား။ ငါ့ဘေးမှာ ကဝိတစ်ယောက်လုံး ထိုင်နေတာတောင် နင် မတွေ့တော့ဘူးလား။ ကဝိ ပြောလိုက်စမ်းပါ နင် စကားပြန်ပြောနိုင်ပြီဆိုတာ"

ဂန္ဓာရုံ ဘယ်သူမှမရှိနေသောဘက်ကို လှည့်လှည့်ပြီး ပြောနေပုံက သူ့ဘေးမှာ ကဝိ တကယ်ရှိနေသလိုလို။

"ငါ ဒီကောင့်ကို ပညာပေးလိုက်မယ် ရုံ၊ ခဏစောင့်"

ကြောင်စီစီဖြစ်နေသော ထိုက်သုဘေးသို့ ကဝိ ထသွားပြီး





မျက်နှာကို လက်သီးဖြင့် တစ်ချက်ထိုးလိုက်သည်။

"အား"

ပါးတစ်ဖက်ကို အရှိန်ဖြင့် အထိုးခံရသလို နာကျင်သွားသော ထိုက်သုမှာ အခန်းထဲတွင် ကဝိတကယ်ရှိနေသည်ဆိုတာကို လုံးဝ ယုံကြည်သွားကာ အခန်းထဲမှ ပြေးထွက်သွားသည်။

လှေကားအရောက်တွင် ရှေ့မှပိတ်ရပ်နေသော ကဝိ၏ဖြူလျော်လျော်မျက်နှာကို မြင်ပြီး

"က ကဝိ ငါ ငါကြောက်တယ်၊ မင်း မင်းလမ်းကို မင်းသွားပါကွာ"

ကြောက်အားလန့်အား တောင်းပန်တိုးလျှိုးနေသော ထိုက်သုအား ကဝိ စူးရဲစွာကြည့်ပြီး ထိုက်သုဘေးမှ ယှဉ်ရပ်ကာ

"မင်း ငါ့ကိုသတ်ခဲ့တုန်းကလို ခံစားမှုမျိုးနဲ့ အောင်ပွဲခံပါလား။ သူယုတ်မာတွေ မင်းတို့ကို ငါ ဒီအတိုင်းကြည့်မနေဘူး"

"ငါ ငါ တောင်း တောင်းပန်ပါတယ်"

ထိုက်သု လှေကားထိပ်တွင် ကဝိကို လက်အုပ်ချီမတတ် သွေးပျက်သွေးတန်း ဖြစ်နေသောပုံကို သင်တန်းသူနှစ်ယောက် လှေကားမှ တက်လာကြရင်း မြင်သွားသည်မို့

"ဟယ် ထိုက်သု ဘာဖြစ်တာလဲ၊ တစ်ယောက်ထဲ ဒီမလို



www.burmeseclassic.com

www.burmeseclassic.com



ရယ်မလိုမျက်နှာနဲ့ အိုက်တင်ကျင့်နေတာ မိုက်တယ်''

''အေးလေ မင်းသားလုပ်စားမလို့ ထင်တယ် ခစ် ခစ် ခစ်''

အံတန်းဖော် မိန်းကလေးနှစ်ယောက်ကို ထိုက်သု ဂရုမစိုက်အား သူ့ရှေ့မှာ အငြိုးကြီးစွာ ရပ်နေသော ကဝိကိုသာ တောင်းပန်တိုးလျှိုးနေသည်။ ဘေးမှဖြတ်သွားသည်ကိုပင် ဂရုမစိုက်အား။

''ငါ ငါ မှားပါတယ်ကွာ၊ ငါ့ကိုခွင့်လွှတ်ပါ၊ ငါ တောင်းပန်ပါတယ်ကွာ''

''မရဘူး ငါ့အသက်ကိုတောင် မင်းတို့နှုတ်ယူပြီးမှတော့ မင်းတို့အသက်ကို ငါ ပြန်ယူမှာတော့ ကြောက်နေလား မုဒိမ်းကောင်တွေ''

အက်ရှချောက်ကပ်နေသော ကဝိ အံသံမှာ ချောက်ချားဖွယ်ကောင်းလှသည်။

''ငါ ငါတစ်ယောက်ထဲ မဟုတ်ဘူးလေကွာ အံ အား အား''

''ဒုန်း ဒုန်း ဒုန်း ဒုန်း ဒုန်း''

ထိုက်သုစကားပင် မဆုံးလိုက် လေကားပေါ်မှ တွန်းချခံလိုက်ရပြီး ဒလိမ့်ကောက်ကွေး ပြုတ်ကျသွားလေသည်။

သင်တန်းသားတွေရော ဆရာကြီးပါ ထိုက်သုအနား ရောက်သွားချိန်မှာတော့ ထိုက်သု သတိမရတော့။

■ ■ ■



အခန်း (၂၃)

''ကိုရယ် ဒီလောက်လည်း စိတ်မပူပါနဲ့ကွယ်၊ ကိုသားက ကလေးမှ မဟုတ်တော့တာ၊ သူတစ်နေရာကိုသွားရင်း အလည်လွန်နေတာ ဖြစ်မှာပါ''

''ဟုတ်ပါတယ် ဒယ်ဒီ သားလည်း အချိန်ရှိသ၍ ညီကို လိုက်ရှာနေတာပါ၊ သူငယ်ချင်းတွေအားလုံးကိုလည်း ရှာခိုင်းထားတယ်''

ဇနီးနှင့် ဇနီး၏သား ခွန်းသစ် နှစ်သိမ့်စကားတွေပြောနေကြပေမယ့် ဦးအောင်မြင့် စိတ်ထဲမှာ သားအတွက် စိုးရိမ်သောကတွေက ငြိမ်းချမ်းမသွား။

သူတို့ ဘယ်လိုပဲ နှစ်သိမ့် နှစ်သိမ့် သားအတွက် ပူပန်နေရသော သောကတွေက ပိုပိုပြီး တိုးလာနေရသလိုပါပဲ။ ဒီနှစ်ပိုင်းတွေမှာ



www.burmeseclassic.com

www.burmeseclassic.com



သားအပေါ်မှာ ဂရုစိုက်မှုတွေ လျော့နည်းခဲ့သည်။ အပြစ်တွေ ပြောမိသည်။ အဲဒီအတွက် သားဘယ်လောက် စိတ်ဆင်းရဲအထီးကျန်ခဲ့သလဲ။

သားအိမ်ကထွက်သွားတာ ဒါကြောင့်များလားဟူသောအတွေးက နောင်တတွေ ဖြစ်စေသည်။ ရင်ထဲမှာလည်း မချိ။

"ခွန်းသစ်ရေ"

ဧည့်ခန်းထဲတွင် ထိုင်နေသော ခွန်းသစ် အရေးတကြီး ခြေလှမ်းတွေဖြင့် ဝင်လာသော ဖေဖနှင့်ဦးနက်ကို ကြည့်ပြီး စိတ်ထဲ ထိတ်ခနဲဖြစ်သွားသည်။

"ဘာဖြစ်လာကြတာလဲ"

"ထိုက်သူ ဆေးရုံရောက်နေတယ်"

"ဘာ ဆေးရုံရောက်နေတယ် ဟုတ်လား၊ ဘာဖြစ်လို့လဲ"

"မနေ့က သင်တန်းမှာ လေကားပေါ်က တွန်းချခံရလို့တဲ့ သူ့ကို ကဝိတွန်းချတာဆိုပြီး တတွတ်တွတ် ပြောနေတယ်၊ တခြားဘာကိုမှလည်း မသိတော့ဘူး၊ ခြေထောက်နှစ်ချောင်းစလုံး ကျိုးသွားလို့ မနက်ဖြန် အော်ပရေးရှင်းဝင်ရမယ်"

ဦးအောင်မြင့် ဘယ်လိုမှ နားမလည်နိုင်အောင် ဖြစ်ကာ

"ဘယ်လို ထိုက်သူကို ကဝိ တွန်းချတယ် ဟုတ်လား၊ ဦးရဲ့သားပျောက်နေလို့တောင် ဦးတို့မှာ သောကပွေနေရတာကွာ၊ မင်းတို့





ဟုတ်တာတွေ လာမပြောစမ်းပါနဲ့"

ကိုယ့်သားကို တရားခံအဖြစ် စွပ်စွဲနေပြန်သည်မို့ ဦးအောင်မြင့် ဆက်မခံနိုင်။ သားက အဲလို ရန့်ရင်းကြမ်းတမ်းသည့်အမှုကိစ္စမျိုးကို ဘယ်သောအခါမှ မလုပ်တာ ဦးအောင်မြင့် အသိဆုံးပါ။

"မ မဟုတ်ဘူး ဒယ်ဒီ သူ လှေကားပေါ်ကပြုတ်ကျတဲ့အရှိန်နဲ့ ခေါင်းကိုထိသွားပြီး ကယောင်ကတမ်းတွေ ပြောတာဖြစ်မှာပါ၊ ကဝိက သူ့ကိုတွန်းချတယ်ဆိုတာ တကယ်မဟုတ်ပါဘူး"

ခွန်းသစ် ပြောနေရင်းမှ ဖေဖတို့ဘက်ကို မျက်ရိပ်လှမ်းပြလိုက်သည်။ ဒီတော့မှ ဖေဖတို့ သတိပြန်ကပ်ကာ

"ဟုတ် ဟုတ်ပါတယ် ဦးရဲ့၊ တကယ်တော့ သူ ပြုတ်ကျတဲ့အချိန်မှာ ကဝိမှ မရှိတာ၊ ကျောင်းက သင်တန်းသားတွေလည်း အသိသက်သေတွေရှိပါတယ်"

"ဒါ ဒါဆိုရင် ထိုက်သူ ခေါင်းကိုထိပြီး စိတ်ဖောက်ပြန်သွားပြီပေါ့"

"ဟုတ်တယ် ဆေးရုံမှာ ဘာတွေအော်ဟစ်မှန်းကို မသိဘူးတဲ့၊ ဒါတို့ အခု ဆေးရုံကို သွားကြမယ်၊ မင်းလိုက်ခဲ့ပါလား"

"အေး သွားမယ်လေ၊ ငါပါလိုက်ရမှာပေါ့"

ဆက်နေလျှင် ဖေဖတို့ကြောင့် အလိမ်တွေပေါ်ကာမည်စိုး၍



www.burmeseclassic.com

www.burmeseclassic.com



ခွန်းသစ် ကားသော့ယူကာ ဆေးရုံသို့ ထွက်လာခဲ့လိုက်သည်။

■ ■ ■

"ဂန္ဓာရုံ"

ဆေးရုံသို့သွားသောလမ်းမတစ်နေရာတွင် ဂန္ဓာရုံနှင့် သင်္ဘ
မှ သူငယ်ချင်းနီလာကို မြင်လိုက်ရ၍ ခွန်းသစ် ကားကိုမှေးရပ်လိုက်သ

"ဩော် ကိုခွန်းသစ်ပါလား"

ခွန်းသစ်ကို နှုတ်ဆက်လိုက်ပြီး နောက်မှကပ်ပါလာသော
တို့အုပ်စုကို ဂန္ဓာရုံ လှမ်းကြည့်လိုက်သည်။

"ဘယ်သွားမလို့လဲ ဂန္ဓာရုံ"

"ထိုက်သုကို သတင်းလာမေးတာလေ"

"ကိုယ်တို့လည်း ထိုက်သုဆီလာတာ၊ လာလေ ကားပေါ်တ

"ဟင့်အင်း ရပါတယ် ကိုယ့်ဟာကိုယ်ပဲ လမ်းလျှောက်ဝင်
ပါမယ်"

ငဖဲတို့အဖွဲ့၏အကြည့်ရဲရဲတွေကို ဂန္ဓာရုံ မနှစ်မြို့၍ ငြင်းလို
သည်။ ခွန်းသစ် ဖွင့်အတင်းခေါ်သည်။

"လာပါ တက်ပါ ဂန္ဓာရုံရယ်၊ ဆေးရုံကိုရောက်ဖို့ အဝေး
လိုသေးတယ်၊ ဒီနေရာက လူလည်းပြတ်ကပြတ်နဲ့"

"ဟုတ်ပါတယ် ရှံရာ ငါတို့ ကားကြုံလိုက်တာပဲဟာ၊ ငါ ဖေ





ဓိနပ်အမြင့်ကြီးစီးလာလို့ ခြေထောက်တွေ နာနေပြီဟ"

နီလာစကားကြောင့် ဂန္ဓာရုံ ဆက်ငြင်းချင်ပေမယ့် ငြင်းမနေ
တော့။ ခွန်းသစ်ဆိုတာ ကဝိအစ်ကိုဖြစ်နေ၍ မကောင်းတတ်၍ ကားပေါ်
တက်၍ လိုက်ခဲ့လိုက်သည်။

"ဟင် ကဝိ"

ရုတ်တရက် ခွန်းသစ်၏ဘေးတွင် ကဝိကို တွေ့လိုက်ရသဖြင့်
ဂန္ဓာရုံ နှုတ်မှ လွှတ်ခနဲ ခေါ်လိုက်သည်။

ခွန်းသစ် ကိုယ်မှာ ဆတ်ခနဲ တုန်သွားပြီး ဂန္ဓာရုံကိုလှည့်ကြည့်
ပြီး

"ဟင် ဘာ ဘာလဲ ကဝိ ဟုတ်လား"

"အင်းလေ ရှင်ကလည်း ကိုယ့်ညီတစ်ယောက်လုံး ဘေးမှာ
လာထိုင်နေတာတောင် မမြင်ဘူးလား။ အင်းလေ စောစောက ရုံတောင်
ကဝိ ပါလာမှန်းမသိဘူး။ ကားပေါ်ရောက်မှတွေ့တာ"

ခွန်းသစ် ကားမောင်းနေရင်းမှ ချွေးတို့စို့လာသည်။ ကိုယ့်ဘေး
မှာ ဘယ်သူမှရှိမနေတာကို ဂန္ဓာရုံက ကဝိရှိနေသည်တဲ့။ မဟုတ်ပါဘူး
ဆိုလျှင်လည်း ကဝိ သေတာကို ရိပ်မိသွားပြီး ဒါကို ဝိညာဉ်ဟု ထင်နေတ
ဦးမည်။

"ဩော် အင်း"

www.burmeseclassic.com



အလိုက်အထိုက်သာနေပြီး ကားကိုဆက်မောင်းလိုက်သည်။

ကားမောင်းနေရင်းမှ တစ်စုံတစ်ယောက်က ခါးကိုလာတို့သည့် အထိအတွေ့ကြောင့် တွန့်ခနဲ ဖြစ်သွားသည်။

"အ ယား ယားတယ်"

ခါးကို ကလိထိုးခံနေရသဖြင့် ခွန်းသစ်မှာ ကားမောင်းနေရင်းမှ ခန္ဓာကိုယ်တွန့်လိမ်ပြီး

"အဟက် ဟား ဟား ဟား ဂန္ဓာရုံ ယားတယ် ဟီး ဟီး ယားတယ်ကွ"

ကားမောင်းရင်း ကိုယ်ကို တွန့်ကွေးကာ မောင်းနေသော ခွန်းသစ်၏ခွက်ထိုးခွက်လန် ရယ်နေသံကြောင့် နီလာနှင့်ဂန္ဓာရုံ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။

"ဟဲ့ အဲဒါ ဘာဖြစ်တာလဲ"

ဂန္ဓာရုံ၏ခပ်တိုးတိုးအမေးကို နီလာ ခေါင်းခါပြရင်း

"သိဘူးလေ ဝက်ရူးပြန်တာလား"

"ဟာ ဝက်ရူးပြန်တာဆိုရင် အဲလို မရယ်ဘူး။ ပါးစပ်က အမြှုပ် တွေထွက်ပြီး တက်နေမှာပေါ့၊ ခုဟာက အူတက်မတတ် ရယ်နေတာလေ"

"သူဖုန်းများ ပြောနေလို့လား"





နီလာ ဘလူးတုသ်နှင့်များ ပြောနေမလားဟု ခွန်းသစ်ကို ကဲကြည့်လိုက်သည်။ နားမှာ နားကြပ်မရှိ။

"ဖုန်းပြောနေတာ မဟုတ်ဘူး၊ ဘလိုင်းကြီး ရယ်နေတာ သူ ရယ်တာ အကြောင်းမဟုတ်ဘူး ရှုံ့ရှုံ့ရေ၊ ကားကပါယိမ်းထိုးနေပြီ"

"အေးဟယ် ကဝိ လုပ်ပါဦး ရှင့်အစ်ကို ဘာရောဂါထတာလဲ၊ ဒီမှာ ကားက ယိမ်းထိုးနေပြီ၊ ရှုံ့တို့ကြောက်တယ်နော်"

ရှေ့ခန်းတွင် ထိုင်နေသော ကဝိကို ဂန္ဓာရုံ လှမ်းမေးသည်။ နီလာ အံ့ဩသွားကာ

"ဟဲ့ ကဝိက ဘယ်မှာလဲ ငါ မတွေ့ပါဘူး"

ကဝိ ဘာမှမတုန့်ပြန်ဘဲ ခွန်းသစ်ကိုသာ စူးစူးစိုက်စိုက် ကြည့်နေ၏။ ကဝိကို ဂန္ဓာရုံပဲ မြင်ရပြီး နီလာရော ခွန်းသစ်ပါ မမြင်ရ။

ခွန်းသစ် အရယ်ပို၍ ကြမ်းလာသည်။ ပါးစပ်မှ သွားရည်များ ကျကာ နှပ်ချေးတွေပင် ကျလာသည်။

"အား ဟား ဟား ဟား ခွီး ခွီး ခိ ခိ"

ကဝိ ခွန်းသစ်ရှေ့မှ ကားစတီယာရင်ကိုကိုင်ပြီး ထိန်းလိုက်ကာ ကားကို ရပ်အောင်လုပ်လိုက်သည်။

"ကျွီ"

ကားက ကျွီခနဲ ရပ်သွားသည်။ ခွန်းသစ်၏အရယ်က ကျယ်



www.burmeseclassic.com

www.burmeseclassic.com



လောင်စွာဖြင့် ရယ်သထက်ပို၍ ရယ်လာသည်။

ခွန်းသစ်ကားရပ်သွားသဖြင့် ဖေဖေတို့ပါ သူတို့ကားကိုရပ်လိုက်ပြီး ကားပြတင်းမှ ခေါင်းပြူထွက်ကာ

"ဟေ့ ခွန်းသစ် ကား ဘာဖြစ်လို့လဲ"

ခွန်းသစ် မဖြေအား။ သတိလက်လွတ် ရယ်ကောင်းနေဆဲ။ မိုက်ကယ်တို့အဖွဲ့ ကားပေါ်မှဆင်းလာကြသည်။

ခွက်ထိုးခွက်လန် ရယ်နေသော ခွန်းသစ်ကိုမြင်တော့ အံ့ဩ၍နေသည်။

"ဟာ ဒီကောင် ဘာဖြစ်တာလဲ"

ကားရပ်သည်နှင့် ဂန္ဓာရုံနှင့်နီလာလည်း ကားထဲမှာ ဆက်မနေရဲတော့၍ ကားပေါ်မှ ဆင်းလိုက်သည်။

"ရှင်တို့သူငယ်ချင်း ဘာဖြစ်တာလဲ၊ ကားမောင်းရင်း ထရယ်နေတာ ရယ်ကြောက်ကိုမပြတ်တော့ဘူး"

နီလာ စိတ်ပျက်လက်ပျက်ဖြင့် ပြောလိုက်သည်။

ဖေဖေတို့ ဌွန်တို့လည်း ခွန်းသစ်ကိုကြည့်ပြီး အံ့ဩနေကြသည်။

"ဖြောင်း"

"အ"

ဌွန့်မျက်နှာ လည်ထွက်သွားအောင် အရိုက်ခံလိုက်ရသည်မို့

"ဟော့ကောင် မင်း ငါ့ကို ဘာလို့ ရိုက်တာလဲ"

ကိုဖြိုးခေါ်အင်္ကျီရင်ဘတ်စကို ဌွန်ဆွဲဆောင့်၍ မေးလိုက်သည်။

"ဟော့ကောင် ငါက မင်းကို ဘာလို့ ရိုက်ရမှာလဲကွ"

ဂန္ဓာရုံတို့ရှေ့မှာ အရိုက်ခံလိုက်ရသည်မို့ ဌွန် ရှက်သွားသည်။

"ငါ့ကို မင်း မရိုက်လို့ ဘယ်သူရိုက်ရမှာလဲ"

"ကျွတ် ဟာကွာ မင်း ဘာတွေလာပြောနေတာလဲ"

ထိုသို့ ပြောနေစဉ်မှာပင် ကိုဖြိုး လက်တစ်ဖက်က မြှောက်တက်လာ

"ဖြောင်း ဖြောင်း"

"အား"

ဌွန့်မျက်နှာကို နှစ်ချက်ဆင့်ရိုက်လိုက်ပြန်သည်။ ကိုဖြိုး မျက်စိမျက်မျက်နှာပျက်ဖြင့်

"ဟာ ငါ ငါ လုံးဝ မရိုက်ဘူး သူ့ဟာသူ လက်က ရိုက်ဖြစ်သွားတာ"

ကိုဖြိုး မယုံနိုင်လောက်အောင် အံ့ဩခြင်းများနှင့်အတူ သူ့ရိုက်ကြောင်း ရှင်းပြသည်။ ထိုသို့ ရှင်းပြနေခိုက်မှာပင် ကိုဖြိုး ခါးထဲမှ ဆိုးသည့် မြွန်းခနဲ ကျွတ်ကျသွားသည်။

"ဟယ်"



www.burmeseclassic.com

www.burmeseclassic.com



"အမလေး"

နီလာနှင့်ဂန္ဓာရုံ အလန့်တကြားအော်ပြီး မျက်နှာတွေကို လ
ဖြင့်ကာကာ တစ်ဖက်သို့လှည့်လိုက်ကြသည်။

အတွင်းခံဘောင်းဘီကျပ်ထုပ်ထုပ်လေးနှင့် ကိုဖြိုး၏ပေါင်
နှင့် ခြေသလုံးဝိုင်ဝိုင်တို့ကိုကြည့်ပြီး ခွန်းသစ်ရယ်သလို ဌျှန်နှင့်ဇေဖဲတို့လည်း
ရယ်လိုက်ကြသည်။

"ဘာ ဘာတွေလဲ ဘာတွေဖြစ်နေကြတာလဲ ကဝိ ကဝိရော"

ဂန္ဓာရုံ ကဝိကို သတိရသွားပြီး၊ လိုက်ရှာသည်။ ကဝိ၏အရိ
အယောင်ပင် မတွေ့တော့။

သူတို့အချင်းချင်း တစ်ယောက်တစ်မျိုး ရှုန်းရင်းဆန်ခတ်ဖြစ်
ကြသော အနေအထားကိုကြည့်ပြီး ဂန္ဓာရုံ ထိုက်သုဆီသို့ပင် မသွားချ
တော့၍

"လာဟာ ငါတို့ပြန်တော့မယ်၊ ဒီလို ဗရုတ်သုတ်ခကောင်တွေ
ဆုံပြီး သတင်းသွားမမေးတော့ဘူး"

နီလာ့လက်ကိုဆွဲပြီး ဆေးရုံသို့ မသွားတော့ဘဲ ပြန်လှည့်
လိုက်သည်။

ဂန္ဓာရုံနှင့်နီလာ လှည့်ပြန်သွားသလို ခွန်းသစ်မှာလည်း ရှ
ရလွန်း၍ အမောပင်ဆို့နေလောက်ပြီ။ ဌျှန်တို့ကိုဖြိုးတို့လည်း ရှ





ကောင်းတုန်း။ ဇေဖဲ ဝင်မဆွဲချင်တော့၍ ထိုက်သုဆီသို့ တစ်ယောက်ထဲ
ထွက်သွားလိုက်သည်။

ထိုက်သုကို ပြုစုနေသော နှာ့စ်၏အလှကို သွားပြီး ငေးမောနေ
ရတာကမှ ဇေဖဲအတွက် အကျိုးရှိပေတော့မည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

ဆေးရုံခုတင်ပေါ်တွင် အိပ်ပျော်နေသော ထိုက်သုအနားသို့ ကဝိ ရောက်နေ၏။ နာ့စ်တစ်ယောက် ဝင်လာသည်။ နာ့စ်အနောက်မှ ငဲ လိုက်ဝင်လာသည်။ နှစ်ယောက်စလုံး ကဝိကို မမြင်ကြ။

ထိုက်သု၏ခြေထောက်နှစ်ဖက်စလုံးမှာ ကျောက်ပတ်တီးကိုင် ကာ အုတ်ခဲဆွဲထားရသည်။

"ဆရာမ ကျွန်တော့်သူငယ်ချင်း အိပ်နေတာလား သတိလစ် နေတာလား"

ရှပ်ချောသော နာ့စ်လေးကို တမင်ဝင်ရောချင်၍ မေးလိုက်ခြင်း ဖြစ်သည်။

"ရှင်တို့သူငယ်ချင်းကို အိပ်ဆေးထိုးပေးထားတာလေ၊ အိပ်နေမှ





…နိုးနေရင် ပါးစပ်က ဘာတွေပြောမှန်းကိုမသိဘူး။ ခြေထောက်နှစ်ဖက် …လုံး ကျိုးရုံတင်မဟုတ်ဘူး။ ဦးနှောက်ပါ ထိသွားလား မသိဘူး၊ အရူး …စ်ယောက်လိုပဲ"

နာ့စ်မှာ ဆေးပုလင်းချိတ်နေရင်းမှ တွတ်ပွတွတ်ပွ ပြောနေ၏။ …ဲ ပြုံးစိစိဖြင့် နာ့စ်အနားသို့ တိုးသွားလိုက်ပြီး

"ဒီကောင်က အချစ်ရူး ရူးနေတာ ဆရာမရဲ့"

ထူးဆန်းသော စကားကြောင့် နာ့စ်လေး ဆေးချိတ်နေရာမှ …ဲကို လှည့်ကြည့်သည်။

"အမလေး"

"ဟင် ဘာ ဘာဖြစ်တာလဲ"

ဆေးပုလင်းကို ပစ်ချကာ အလန့်တကြားအော်လိုက်သဖြင့် …ဲ လန့်သွားသည်။

"ဘာ ဘာလဲ"

"ရှင် ရှင် လူယုတ်မာ"

"ဘာ"

"လာကြပါဦး လာကြပါဦးရှင့် ဆေးရုံထဲလာပြီး ကျွန်မကို …တော်တာတွေပြပြီး မြူဆွယ်နေပါတယ်ရှင်"

နာ့စ်အော်သံကြောင့် အခန်းထဲသို့ လူနာစောင့်အချို့နှင့် ဆေးရုံ



www.burmeseclassic.com

www.burmeseclassic.com



ဝန်ထမ်းတွေ ပြေးဝင်လာသည်။

"ဘာဖြစ်တာလဲ ဘာဖြစ်တာလဲ"

နှာစ် ဖေဲကို ကျောပေးရပ်ကာ ကဆုန်ပေါက်ပြီး အော်ဟစ်နေသဖြင့် လူတွေ၏အကြည့်က ကြောင်စီစီရပ်ပြီး ကြည့်နေသော ဖေဲထံသို့ အကြည့်ရောက်သွားသည်။

"ဟာ ဒီကောင် ဆေးရုံထဲလာပြီး စော်ကားတယ်ပေါ့ ဗိလိန် ကောင် ရိုက်ကွ ချ"

"ဖြောင်း ခွပ် ခွပ်"

"အောင်မလေးဗျ။ ကျုပ် ကျုပ်က ဘာလုပ်လို့လဲ"

အထိုးခံ အချခံနေရသော ဖေဲမှာ သူ့ဘောင်းဘီဇစ်ပြုတ်ကာ ကျွတ်ကျနေသည်ကို မတွေ့။

"ဟေ့ကောင် ဘာအခုမှ မသိချင်ဟန်ဆောင်နေတာလဲ၊ မင်း ဘောင်းဘီချွတ်ပြနေတာ အူနားရောက်တော့မယ်"

"ဒီဗီလိန်ကောင်ကို စခန်းပို့ကွာ၊ မိန်းကလေးတစ်ယောက်ကို ကာခြွေဖျက်မှု၊ ကြံစည်မှု၊ တာဝန်ဝတ္တရားနှောင့်ယှက်မှုနဲ့ အမှုဖွင့်"

ဖေဲ ဒီတော့မှ သူ၏ကျွတ်ကျနေသော ဘောင်းဘီကို လန့်ဖျပ်ပြီး ကမန်းကတန်း ပြန်ဝတ်လိုက်သည်။ စောစောက ဖေဲ ကိုယ့်ကိုကိုယ် ငုံ့ကြည့်တုန်းကတောင် ဘောင်းဘီက မကျွတ်။





"တောင်း တောင်းပန်ပါတယ် ကျွန်တော် ချွတ်ပြတာ မဟုတ်ပါဘူး၊ သူ့ဟာသူ ကျွတ်သွားတာပါဗျာ၊ ကျွန်တော့်ကို စခန်းမပို့ပါနဲ့"

နှာစ် ရှေ့မှာ သွေးရူးသွေးတန်း ရှက်ကိုးရှက်ကန်းဖြင့် ဒူးထောက်ထိုင်ချလိုက်သော ဖေဲသည် ပါးစပ်ကတောင်းပန်ပြီး လက်တွေက နှာစ်၏ ပြည့်တင်းစွင့်ကားနေသော တင်ပါးဆီသို့ ဇွေ့ခနဲ ရောက်သွားပြန်သည်။

"အမလေး လုပ်ပါဦး ကိုင်ပြန်ပြီ ကိုင်ပြန်ပြီ"

နှာစ်ဆွေ့ဆွေ့ခုန်ကာ ထအော်ပြီး မိုက်ကယ်ရှေ့မှ ပြေးလေသည်။

"ဒီကောင် တော်တော် တဏှာကြီးတဲ့ကောင်ပါလား၊ လူရှေ့တောင် စိတ်မထိန်းနိုင်ဘူး၊ ချကွာ မုဒိမ်းကောင်ကို"

"ခွပ်"

"ဖြောင်း"

"ဘုန်း ဘုန်း"

ဆေးရုံထဲမှလူတွေ ဖေဲကို ဝိုင်းချနေကြပြီး ဆေးရုံအုပ်ကြီး ရောက်လာမှ စခန်းကို ပို့လိုက်ကြသည်။ ထိုမြင်ကွင်းကို ကျေကျေနပ်နပ်ကြီး စောင့်ကြည့်နေသည်က ကဝိပင်ဖြစ်သည်။

ရုတ်ရုတ်သဲသဲ ဖြစ်နေကြသော လူအုပ်ကြီးမှာ ကဝိကို တိုး



www.burmeseclassic.com

www.burmeseclassic.com



တိုက်ဖြတ်သွားပေမယ့် ဘယ်သူမှ မမြင်ကြ။

ကာဝိ နာနာကျင်ကျင် ပြုံးလိုက်သည်။

■ ■ ■



## အခန်း (၂၅)

"ဒယ်ဒီ အိမ်ကိုအမြန်လာခဲ့၊ ချက်ချင်း ပြန်လာခဲ့ပါ ဒယ်ဒီ"

နားထဲသို့ ခပ်သဲ့သဲ့ တိုးဝင်လာသော ကာဝိ၏အသံကြောင့် ရုံးခန်းထဲရှိ လည်သာထိုင်ခုံပေါ်တွင် မှေးခနဲ အိပ်ပျော်သွားသော ဦးအောင်မြင် ဖျတ်ခနဲ ခေါင်းထောင်ကြည့်ပြီး

"သား သားလေး"

အခန်းထဲကို ဝေ့ဝဲ၍ကြည့်လိုက်သည်။ သားများ အခန်းထဲ ရောက်နေသလားဟူသော မျှော်လင့်ချက်က အိပ်ချင်စိတ်ပင် ပျက်၍ သွားကာ လူခေါ်ဘဲလ်ကို နှိပ်လိုက်သည်။

စာရေးမလေး အခန်းထဲဝင်လာသည်။

"ဘာအလိုရှိပါသလဲရှင်"



www.burmeseclassic.com

www.burmeseclassic.com



စောစောက အန်ကယ် မှေးခနဲ အိပ်ပျော်သွားတုန်း ရုံးခန်းထဲကို ဘယ်သူ ဝင်လာသေးလဲ''

''ဘယ်သူမှ မဝင်ပါဘူးရှင်''

''အိုကေ ရပြီ သွားတော့''

စာရေးမလေး အခန်းထဲမှ ထွက်သွား၏။ ဦးအောင်မြင် စိတ်ထဲဖဝေဇဝါ ဖြစ်သွားသည်။

သား၏အသံကို မစိုးသေချာချာကြီး ကြားလိုက်တာ ကိုယ့်အနားမှာ လာပြောနေသလားဟုပင် ထင်ရလောက်အောင် အသံတို့က ကြည်လင်ပြီး ဘယ်လိုမှ နားကြားမလွဲနိုင်။

ကားသော့ကို ယူကာ အိမ်ကိုပြန်ဖို့ ရုံးခန်းထဲမှ ထွက်လာခဲ့လိုက်သည်။

သားများ အိမ်ကိုပြန်ရောက်နေလို့လား။

''ကိုနေမင်း ရှင် တဖြည်းဖြည်းနဲ့ အတင့်ရဲလာပြီနော်၊ ခုလိုရှင် ဒီအခန်းထဲ ဝင်ဝင်လာပြီး ကျွန်မနဲ့ဆက်ဆံတာကို ဦးအောင်မြင် သိလို့ကတော့ ရှင်ရော ကျွန်မတို့သားအမိရော ဘဝပျက်ကြလိမ့်မယ်''

ခုတင်ပေါ်မှာ ဇိမ်ကျကျ လှဲအိပ်နေသော ဦးနေမင်း အပူအပင်မရှိသလို ခပ်မဲ့မဲ့ ပြုံးလိုက်ပြီး

''မသိပါဘူးကွာ ဒီလူက စီးပွားရေးလောကမှာသာ လည်လည်





ဝယ်ရှိတာ၊ မိန်းမနဲ့ပတ်သက်လာရင်တော့ မိန်းမပြောသမျှကို ပုတ်
ငည်းပြီတစ်ကောင်လို အမြဲခေါင်းညိတ်နေတဲ့ကောင်ကြီးပါ''

''ဒါက သူမသိလို့လေ၊ သူသိရင် ငြိမ်ခံမှာလား၊ ဒီရက်ထဲမှာ သားကပျောက်နေလို့ စိတ်ဆင်းရဲနေရတဲ့ကြားထဲ ရှင်ကပါ အနေအထိုင်
ဆင်ခြင်ရင် မဖြစ်သင့်တာတွေ ဖြစ်ကုန်မယ်''

မိန်းမပီပီ အစိုးရိမ်ကြီးလွန်းနေသော ဒေါ်ယုသဉ္ဇာ၏လက်
မောင်းတွေကို လှမ်း၍ ဖျစ်ညှစ်ဆုပ်ကိုင်လိုက်ပြီး ဦးနေမင်း တဟဲဟဲ
ယ်သည်။

''အေးပါကွာ ငါ နောက်ရက်တွေ ဒီအခန်းထဲ ခဏ ခဏ
လာတော့ပါဘူး၊ အဲဒီလူကြီး ခရီးသွားတဲ့အချိန်တွေပဲ လာတော့မယ်''

''ဒါဆို ခုထွက်လေ ကိုအောင်မြင်က ကားဝယ်ပေးထားတယ်၊
ပွားရေးမလုပ်ဘူး၊ ကိုအောင်မြင် ကုမ္ပဏီသွားတဲ့အချိန်ကို ချောင်းပြီး
အိမ်ပဲပြန်ပြန်လာနေတာ ဘယ်နေ့တော့ သူနဲ့တန်းတိုးမလဲ မသိဘူး''

''အေးပါကွာ ခုတော့ မိန်းမနဲ့ဖက်အိပ်ချင်လို့ပါ''

ဒေါ်ယုသဉ္ဇာကို ရင်ခွင်ထဲ ဆွဲသွင်းရင်း သနပ်ခါးနံ့သင်းနေ
သော မျက်နှာပေါ်သို့ အနမ်းတို့ချွေချလိုက်သည်။ နဂိုရှိရင်းစွဲ အချစ်တွေ
ာ ဒေါ်ယုသဉ္ဇာရင်ထဲမှာ မကုန်ခမ်းသေးတော့ ဦးနေမင်းနှင့် နှစ်ဦး
သဘောတူအချစ်တို့ ဖလှယ်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း"

ရုတ်တရက် တံခါးချပ်ပွင့်လာသဖြင့် နှစ်ယောက်သား အခန်း
ကို လှည့်ကြည့်လိုက်ကြသည်။

"အမလေး ကို"

"ဟင် ကိုအောင်မြင်"

ထင်မှတ်မထားသော မြင်ကွင်းကြောင့် ဦးအောင်မြင် ဒေါသ
မီးတောင်တစ်ခုလို ဝုန်းခနဲ ပေါက်ကွဲထွက်သွားသည်။

ခုတင်ပေါ်မှ အတင်းကုန်းရုန်း၍ ထလိုက်သော ဒေါ်ယုသ
နှင့် ဦးနေမင်းကို မီးပွင့်မတတ်သော အကြည့်ဖြင့် ကြည့်လိုက်ပြီး တုန်ယ
သောဒေါသသံဖြင့်

"ဒါ ဒါဘာလုပ်နေကြတာလဲ၊ မောင်နှမဆက်ဆံရေးက ခုတ
ပေါ်မှာ ခုလိုပုံစံနဲ့ ဆက်ဆံနေကြတာကိုလား၊ ဟင် ငါ့အခန်းထဲမှ
ကျက်သရေယုတ်လိုက်ကြတာကွာ"

"ရှင် ရှင်က ဘာဖြစ်လို့ ပြန်လာတာလဲ"

"ငါ့သားက အိမ်ကို မြန်မြန်ပြန်လာပါဆိုလို့ ပြန်လာတာကွ
ဘယ်မှာလဲ ငါ့သား၊ ငါ့သားရော မင်းတို့ရဲ့အကျင့်ယုတ်တွေကို ငါ့သာ
သိနေလို့ ငါ့ကိုအိမ်ပြန်လာဖို့ခေါ်တယ်ဆိုတာ ခုမှပဲ သိတော့တယ်"

ဦးနေမင်း အကျီကောက်ဝတ်လိုက်ပြီး ဦးအောင်မြင်နားသို





လျှောက်လာသည်။ သူ့ပုံစံမှာ အားနာသည့်ပုံမပေါက်သလို နည်းနည်းမျှ
ထိတ်လန့်ပုံမရ။ ဦးအောင်မြင်ကို မထီမဲ့မြင် ပြုနေသည့်အမူအရာမျိုးဖြင့်
ခပ်တေ့တေ့ ပြုံးသည်။

"သူက ခင်ဗျားအရင် ကျူပ်နဲ့ပေါင်းသင်းလာတဲ့ မိန်းမဗျ"

"ကိုနေမင်း ရှင် ဘာတွေပြောနေတာလဲ၊ ပါးစပ်ပိတ်ထားစမ်း
ရှင်ပဲ ကျွန်မ အခန်းထဲဝင်လာတာလေ"

"အခန်းထဲ ဝင်လာတာနဲ့ မင်းက အကုန်လုံး ပုံပေးလိုက်ရော
ပေါ့ ဟုတ်လား မိန်းမယုတ်၊ မင်းတို့အိမ်ပေါ်ကနေ ခုချက်ချင်း အထုပ်
မြင်ပြီး ဆင်းကြ"

မိန်းမယုတ်ကို တနိုင်ထားချစ်ခင်ခဲ့မိသော ကိုယ့်ကိုကိုယ်လည်း
ဒေါသဖြစ်၍ မဆုံးတော့။

"မထွက်သွားဘူး ကျွန်မက ရှင့်ရဲ့မိန်းမ"

"ဒါပေမဲ့ ငါမှ ယုတ်မာတဲ့မိန်းမကို မပေါင်းချင်တော့တာကွ၊
အဲဒီအတွက် လျော်ကြေးလည်း တစ်ပြားမှ ပေးစရာမလိုဘူး၊ မကျေနပ်
ရင် တရားရုံးမှာ အမှုရင်ဆိုင်မယ်"

ပြတ်သားနေပြီဖြစ်သော ဦးအောင်မြင်ကို အတိုက်အခံမပြော
တော့ဘဲ ဦးနေမင်း အနားကို တိုးကပ်လာပြီး

"မင်းဘက်က ငါတို့အတွက် သိန်းသုံးထောင်ပေးရင် ခုချက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ဆင်းသွားမယ်၊ မပေးဘူးဆိုရင်တော့ မင်းရဲ့အသက်ကို ငါတို့နုတ်ယူပြီး မင်းရဲ့စည်းစိမ်တွေကို လက်လွှဲယူရလိမ့်မယ်''

ဦးနေမင်း၏လက်တွေက ဦးအောင်မြင်၏လည်ပင်းကို ကိုင်ညှစ် လိုက်သည်။

ဦးအောင်မြင် ရုန်းဖို့ ကြိုးစားသည်။ ဘယ်လိုမှ မရ။ ဦးနေမင်း ၏သန်မာသော လက်အစုံက အသက်တွေဖုံချွေဖို့ အင်အားအပြည့်စီး ဆင်းနေ၏။

ထိုစဉ် ဒေါ်ယုသဏ္ဍာလည်ပင်းမှာလည်း တစ်စုံတစ်ယောက် ညှစ် ထားသလို အသက်ရှူမှားမတတ် ဖြစ်လာသည်။

''အစ် အစ် ကို ကိုနေမင်း လုပ် လုပ်ပါဦး''

ဦးနေမင်း၏အာရုံတွေက လည်ပင်းအညှစ်ခံနေရ၍ လျှာထွက် မတတ် မျက်လုံးပြူးနေသော ဒေါ်ယုသဏ္ဍာဆီသို့ ရောက်သွားပြီး

''မင်းက ဘာဖြစ်နေတာလဲ ဟင်''

''ကယ် အစ် အစ် ကယ် ပါ''

စကားပင် ပီသစွာ မပြောနိုင်တော့။

ဦးအောင်မြင်ကို ညှစ်ထားသော လက်တွေလွှတ်ကာ ဦးနေမင်း ဒရောသောပါးဖြင့် ဒေါ်ယုသဏ္ဍာဆီသို့ သွားသည်။ ဦးအောင်မြင် ဦးနေမင်း လက်မှ လွတ်သွားမှ အသက်ကို ဝဝရှူလိုက်ပြီး



''အွန့်''

ဦးနေမင်း၏ဗိုက်ကို တစ်စုံတစ်ယောက် အားပြင်းပြင်းနှင့် ကန် လိုက်သလို နောက်သို့ လန်ကျလာသည်။ ဦးအောင်မြင် အနောက်မှနေ ၍ ဦးနေမင်းကို သိုင်းချုပ်လိုက်သည်။

ဘောင်းဘီအိတ်ထဲမှ ဖုန်းကိုနှိုက်ယူပြီး ရဲစခန်းသို့ ဖုန်းဆက် ရန် ဖုန်းခလုတ်တွေကို နှိပ်စဉ် ဦးနေမင်း ရအောင်ရုန်းပြီး ဦးအောင်မြင် လက်ထဲမှ ဖုန်းကို ဆွဲလုလိုက်သည်။

ဒေါ်ယုသဏ္ဍာမှာလည်း အသက်ထွက်မတတ် ခံစားနေရ၍ လူက ရှုပ်ပျက်ဆင်းပျက် တွန့်လိမ်နေ၏။

ထိုစဉ် ခွန်းသစ် ရောက်လာသည်။

လုံးထွေး သတ်ပုတ်နေသော ဦးနေမင်းနှင့် ဦးအောင်မြင်ကို ကြည့်ပြီး ကြက်သေသေသွားသည်။

''ဒယ်ဒီ ဦးနေမင်း ရန်မဖြစ်ကြပါနဲ့တော့''

အခြေအနေမှန်ကို မသိသေးသော ခွန်းသစ်မှာ ဦးနေမင်းကို တွန်းလွှတ်ကာ ဦးအောင်မြင်ကို ဖေးကူ၍ တွဲလိုက်သည်။

ခွန်းသစ် လက်နှစ်ဖက်ကို ဦးအောင်မြင် ဆတ်ခနဲ ပုတ်ချလိုက် သည်။

''သွား ငါ့အသားကို လာမထိကြနဲ့၊ မင်းတို့အားလုံး လူလိမ်

www.burmeseclassic.com

www.burmeseclassic.com



တွေ ငါ့အိမ်ပေါ်တက်ပြီး ငါ့စည်းစိမ်တွေကို အပိုင်သိမ်းဖို့ ကြံနေတဲ့ လူယုတ်မာတွေ”

ပြင်းထန်သောစကားတွေကြောင့် ခွန်းသစ် အခြေအနေကို ရိပ်မိသွားသည်။

“ဒယ် ဒယ်ဒီ ဘာတွေပြောနေတာလဲ သား ဘာမှမသိရဘူး လား”

ဒေါ်ယုသဉ္ဇာ အနားရောက်လာပြီး

“ကို ဒီ ဒီကိစ္စတွေကို သား လုံးဝမသိဘူး၊ သားကို ဘာမှ မပြောပြပါနဲ့နော်၊ ယု တောင်းပန်ပါတယ် ကိုရယ်၊ ဒီအမှားတွေကို ယု ကိုယ်တိုင်ပဲမှားတာပါ၊ သားဟာ သူ့ သူ့အဖေဆိုတာကို လုံးဝကိုမသိ ခဲ့ပါဘူး၊ သူသိတာ သူ့အဖေဟာ ကိုဆိုတာပဲသိတာပါ”

“ဟုတ်ပါတယ် ဒယ်ဒီ သားကို ဘာတွေဖြစ်နေကြတာလဲဆိုတာ ရှင်းပြပါ”

ခွန်းသစ် တမင်ပင် မသိချင်ဟန်ဆောင်ပြီး ဦးအောင်မြင့် ယုံအောင် စိတ်လှုပ်ရှားပြလိုက်သည်။

“သွားကြ သွားကြ ငါ့အိမ်ကနေ ခုချက်ချင်း သွားကြ၊ မင်း တို့မျက်နှာတွေ ငါ မကြည့်ချင်ဘူး”

“မသွားဘူး လုံးဝမသွားဘူး ယု ကိုကို လက်ထပ်ခဲ့တာချစ်လို့ ကြောင့် ဒီအိမ်ကနေ လုံးဝထွက်မသွားနိုင်ဘူး”

“ဖြန်း”

ကက်ကက်လန်အောင် ပြင်းဆန်နေသော ဒေါ်ယုသဉ္ဇာမျက်နှာ ထည်ထွက်သွားသည်။

ကိုယ့်အနားတွင် ဘယ်သူမှ ရှိမနေဘဲ ပါးရိုက်ခြင်း ခံရ၍ ဒေါ်ယုသဉ္ဇာ ဘေးဘီကို ကြည့်ရင်း

“ပါး ပါးရိုက်တယ် ဘယ်သူလဲ သ သရဲ သရဲ”

ပါးရိုက်ရုံတင်မဟုတ် ဆံပင်ကိုပါ အဆွဲခံရ၍ မျက်နှာမှာ နောက် သို့ လန်ကျသွားသည်။

“အမလေး လုပ်ပါဦး လုပ်ပါဦး နောက်ကဘယ်သူ ဆံပင်ဆွဲ နေတာလဲ”

သွေးရူးသွေးတန်းဖြစ်နေသော ဒေါ်ယုသဉ္ဇာကို ကြည့်ပြီး ဦးနေ မင်း အနီးရှိပန်းအိုးကိုယူကာ ဒေါ်ယုသဉ္ဇာ ဘေးပတ်လည်ကို ပန်းအိုး နှင့်ဝှေ့ရမ်းလိုက်သည်။

ပန်းအိုးမှာ လေထဲတွင်သာ ဝှစ်ခနဲ ဝှစ်ခနဲ ဖြတ်နေပေမယ့် ဘာမှအရာမရောက်။ နောက်ဆုံး ထိုပန်းအိုးသည် ဦးနေမင်း၏နဖူးကို ပြန်၍ ရိုက်မိသည်။

“ခွပ်”



www.burmeseclassic.com

www.burmeseclassic.com



"အောင်မလေးဗျာ"

ဖရိုဖရဲဖြစ်နေသော ဒေါ်ယုသဉ္ဇာနှင့် ဦးနေမင်းကိုကြည့် ဦးအောင်မြင် ဘာပြောရမှန်းမသိအောင် အံ့သြမင်သက်နေသည်။

သူတို့အား တစ်စုံတစ်ယောက်က တိုက်ခိုက်နေသည်ဆို မြင်ရုံနှင့် သိသာနေသည်။ သို့သော် မမြင်နိုင်သော ထိုတစ်စုံတစ်ရာ ဘာလဲ။

"သား သရဲ ဒီအိမ်ထဲမှာ သရဲရှိနေတယ်"

သွေးတွေဖြာဆင်းကျလာသော ခေါင်းမှဒဏ်ရာကို လက် ဖိရင်း ဦးနေမင်း ခွန်းသစ်ကို စစ်ကူတောင်းလိုက်သည်။

မြန်ဆန်လွန်းသောအဖြစ်အပျက်တွေကြောင့် ခွန်းသစ် ကြက်သေသေနေတာ နေရာမှာတင် ကြောင်စီစီရပ်နေ၏။

"ဘုန်း ဘုန်း"

"အောင်မလေး သားရေ လုပ်ပါဦး။ မာမီတို့ ဒီအခန်းထဲက ထွက်မှဖြစ်မယ်"

ကျောပြင်ကို တဘုန်းဘုန်းနှင့် အထုခံရ၍ ကျောကော့ရအော နာကျင်နေရသော ဒေါ်ယုသဉ္ဇာမှာ ထိုအခန်းထဲတွင် မနေရဲတော့ အခန်းအပြင်သို့ ပြေးထွက်ရန် ခွန်းသစ် လက်ကိုလှမ်းဆွဲသည်။

"ဂျိန်း"





တံခါးမှာ သူ့အလိုလို ပိတ်၍သွားသည်။

ဦးနေမင်း ခေါင်းမှ ဒဏ်ရာကြီးနှင့် တံခါးကို အတင်းဆွဲဖွင့်သည်။ တံခါးက လုံးဝပွင့်မလာ။

"ဟေ့ အပြင်က ဘယ်သူရှိလဲ၊ တံခါးလာဖွင့်စမ်း"

ဦးနေမင်း သွေးရူးသွေးတန်းဖြစ်ကာ တံခါးကို တဝုန်းဝုန်းထု သည်။

"အမလေး လုပ်ကြပါဦး။ သရဲခြောက်နေတယ်၊ ကယ်ကြပါဦး"

ဒေါ်ယုသဉ္ဇာ ကူကယ်ရာမဲ့စွာဖြင့် ပြတင်းပေါက်မှ ရပ်ကာ အော်ခေါ်သည်။ ဦးနေမင်း ဘယ်လိုပင် တံခါးကို တွန်းတွန်း ပွင့်မသွား။

ခွန်းသစ် သွေးပျက်နေသည်။ ဒါ ကဝိလက်ချက်ပဲ ဖြစ်ရမည်ဟု တွေးပြီး စိတ်တွေ ပို၍ခြောက်ချားလာသည်။

ဦးအောင်မြင် နားတွင်ရပ်နေသော ကဝိကိုမြင်လိုက်သည်နှင့် နံရံမှာကျောမှီကာ အသားတို့တဆတ်ဆတ် တုန်လာကာ

"က ကဝိ ကဝိ မလာနဲ့၊ ငါ့ကိုဘာမှမလုပ်ပါနဲ့ ငါ ငါ တောင်း ပန်ပါတယ်"

ဦးအောင်မြင် ခွန်းသစ်၏ ဗလုံးဗထွေးစကားသံတွေကြောင့် မျက်ခုံးနှစ်ဖက်မြင့်တက်ကာ ခွန်းသစ်ကို သေချာကြည့်လိုက်ပြီး

"ခွန်းသစ် ဘာပြောတယ်၊ မင်းဘာပြောတယ်၊ ကဝိ ငါ့သား



www.burmeseclassic.com

www.burmeseclassic.com



ငါ့သား ကာဝိဘယ်မှာလဲ''

ခွန်းသစ်၏ပခုံးကို ခပ်ကြမ်းကြမ်းလှုပ်ရမ်းကာ ဦးအောင်မြင် အငမ်းမရ မေးသည်။ ခွန်းသစ် မျက်လုံးအစုံပြူးကျယ်ဝိုင်းစက်ကာ အသားတွေ တဆတ်ဆတ်တုန်လာပြီး ခေါင်းတွေ ခါရမ်းသည်။

''မသိဘူး မသိဘူး ကာဝိ က ကာဝိ''

ပြောရင်းဖြင့် ခွန်းသစ် သတိလစ်သွားသည်။

■ ■ ■



## အခန်း (၂၆)

''ငါတော့ ခုတစ်လော နေရတာ စိတ်နဲ့လူနဲ့မကပ်တော့ဘူး ကိုဖြိုးရာ''

ဂျွန် လက်ထဲမှ ဘီယာလက်ကျန်ကို မော့လိုက်ပြီး စိတ်ပျက်လက်ပျက်ဆို၏။ ဂျော်နီ သက်မကို ဟင်းခနဲ ချသည်။

''ငါလည်း အိပ်မက်တွေမကောင်းဘူးကွာ၊ အိပ်မက်ထဲမှာ ကာဝိ က ငါ့နောက်ကနေ အမြဲလိုက်နေတယ်၊ သူ သူ ငါတို့ကို ကလဲ့စားချေမှာ ကျိန်းသေတယ်''

ဂျော်နီ့စကားကြောင့် ကိုဖြိုးဘေးမှာထိုင်နေသော ကိုဖြိုးချစ်သူမှာ မျက်လုံးလေး ကလည်ကလည်ဖြင့် ကိုဖြိုးကို ငဲ့ကြည့်ကာ

''ကာဝိ ဆိုတာ ဘယ်သူလဲ၊ ကိုဖြိုး ဘာကြောင့်ကလဲ့စားချေမှာ



www.burmeseclassic.com

www.burmeseclassic.com



လဲဟင်''

ကိုဖြိုး ဘာဖြေရမှန်းမသိ။

''ဟာ ဘယ်သူမှမဟုတ်ပါဘူး ကိုယ်တို့ဘော်ဒါ တစ်ယောက်
ဟိုရက်က သူ့ကိုစိတ်ဆိုးအောင် စထားလို့လေ အဲ အဲဒါကိုပြောတာ
ဟော့ကောင် ဂျွန် မင်းတို့ဘာတွေပြောနေတာလဲကွ''

ချစ်သူကိုမသိစေချင်၍ ဂျွန်နှင့်ဂျော်နီကို ဟန့်လိုက်သည်။ မျက်
ရိပ်မျက်ကဲပြကာ သတိပေးလိုက်သော ကိုဖြိုးစကားကြောင့် ဂျွန်နှင့်ဂျော်
နီ ဘာမှမပြောဘဲ သူတို့ရှေ့တွင်ရှိနေသော ခေါက်ဆွဲကြော်ကို တူ
ယူစားသူစား ကန်စွန်းရွက်ကြော်ကို ခပ်စားသူကစားနှင့် ငြိမ်သွား
သည်။

ကိုဖြိုးချစ်သူ ကောင်မလေးမှာ ဂျွန်နှင့်ဂျော်နီစားနေသည်ကို
ကြည့်ကာ

''အား မြွေ မြွေတွေ''

မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ အော်နေသော ကောင်မလေး
ကြောင့် ဆိုင်ထဲမှ လူအချို့ပင် ဝိုင်းကြည့်ကြသည်။ ကိုဖြိုး လန့်သွား
သူ့ကောင်မလေး၏ပခုံးကို လှမ်းထိန်းရင်း

''ဘာဖြစ်တာလဲ ရွှေရည် ဘာဖြစ်တာလဲ''

''ဟိုမှာ ဂျွန် ဂျွန့်ပန်းကန်ထဲမှာ မြွေတွေ ဂျော်နီပန်းကန်ထဲ





ကင်းမြီးကောက်တွေ လုပ်ပါဦး သူတို့စားနေကြပြီ သွေး သွေးတွေ''

ကိုဖြိုး ရွှေရည် အလန့်တကြားညွှန်ပြရာသို့ ကြည့်လိုက်သည်။
ဘာမျှမတွေ့ရ။ ဂျွန်နှင့်ဂျော်နီလည်း သူတို့ပန်းကန်တွေကို ငုံ့ကြည့်ပြီး

''ဟာကွာ နင်ကလည်း အတည်ပေါက်နဲ့ လာနောက်နေပြန်ပြီ
ခေါက်ဆွဲဖတ်ကို မြွေနဲ့နှိုင်းစရာလား''

''အေးကွာ ကန်စွန်းရွက်ကြော်ကို ကင်းမြီးကောက်တဲ့ ဟား
ဟား ဟား''

ဘေးဝိုင်းမှ လူကြီးတစ်ယောက်ပါ ထလာပြီး

''ဟော့ကောင်လေးတွေ မြွေတွေကွ မြွေတွေ မစားနဲ့''

ကျန်ဝိုင်းမှ လူရွယ်တစ်ယောက်ကပါ မနေသာတော့။

''ဟာ ဦးလေးကလည်း ဘလိုင်းကြီး ဝင်နောက်နေပြန်ပြီ၊
ဘယ်မှာလဲ မြွေ၊ ဒီလောက်ဆီတွေ အိနေတဲ့ ခေါက်ဆွဲကြော်တွေကို''

''ဟာ မဟုတ်ဘူး၊ ငါမြင်နေတာက မြွေတွေကွ မင်း မင်းတို့
နောက်မှာရပ်နေတဲ့ ကောင်လေးက မျက်လှည့်ဆရာထင်တယ်၊ သူ သူ
သုံးနေတာ''

ဂျွန်နှင့်ဂျော်နီ နောက်ကိုလှည့်ကြည့်ကြသည်၊ သူတို့နောက်တွင်
ဘယ်သူမှရှိမနေ။

''ကို ကိုဖြိုး ငါတို့နောက်မှာ ဘယ် ဘယ်သူရှိနေတာမြင်လဲ''



www.burmeseclassic.com

www.burmeseclassic.com



ဂျွန်နှင့်ဂျော်နီနောက်ကိုကြည့်ပြီး ကိုဖြိုးပါ မျက်စိပျက်မျက်နှာပျက်ဖြစ်ကာ ထိုင်ရာမှ အထိတ်တလန့် ထလိုက်ပြီး

"က ကဝိ မင်းတို့နောက်မှာ ကဝိရပ်နေတယ်"

ဂျွန် ဖျတ်ခနဲ လှည့်ကြည့်သည်။ စောစောကလိုပင် ဘယ်သူမှ ရှိမနေ။

"မင်း မင်းကလည်းကွာ မရှိပါဘူး"

"ရှိ ရှိတယ် သူ သူ မင်းတို့နောက်မှာ ရပ် ရပ်နေတာ သေ သေချာ"

ကိုဖြိုး စကားပင်မဆုံးလိုက် ဂျွန့်ခေါင်းနှင့်ဂျော်နီခေါင်းနှစ်လုံး အရှိန်ဖြင့် အတိုက်ခံလိုက်ရသည်။

"ဒုတ်"

"အား"

"ကွဲ ကွဲပါပြီ ဟေ့ကောင်၊ မင်း ငါ့ကိုဘာလို့ ခေါင်းချင်းလာတိုက်ရတာလဲ"

"ဘယ်မှာတိုက်လို့လဲ၊ မင်း စတိုက်ပြီးတော့ အီး နာ နာလိုက်တာ"

ဂျွန်နှင့်ဂျော်နီ တစ်ယောက်ကိုတစ်ယောက် အပြစ်ပုံချရင်း ကိုဖြိုးနောက်တွင် ရပ်နေသော ကဝိကိုမြင်သွားပြန်သည်။ နှစ်ယောက်





စလုံးခေါ်မျက်နှာမှာ သွေးစုတ်ဖြူလျော်လျက်

"သ သရဲ သရဲ အောင်မလေးဗျ သရဲ ကဝိ သရဲ"

ဂျွန်ရော ဂျော်နီရော ထိုင်ရာမှ ဖရိုဖရဲ ထကာ စားသောက်ဆိုင်၏အပြင်ဘက်သို့ ဝရုန်းသုန်းကား ထွက်ပြေးလေတော့သည်။

ဆိုင်ထဲမှ နောက်ဆုံး ကြားလိုက်ရသည့်အသံမှာ

"ဂွမ်"

"ဝုန်း"

"ဒုန်း"

"ဟာ သေပါပြီကွာ နှစ်ယောက်စလုံးကို ကားတိုက်လိုက်တာပဲ၊ ကျွတ် ကျွတ် ကျွတ်"

"သူတို့ကလည်း အရှိန်နဲ့ပြေးထွက် ဟိုကားကလည်း အရှိန်နဲ့မောင်းလာ"

စားသောက်ဆိုင်ရှေ့တွင် ချက်ချင်း လူတွေအုံခဲသွားသည်။

ကိုဖြိုးမှာ လှုပ်ပင်မလှုပ်ရလောက်အောင် နေရာမှာတင် အသိစိတ်ပျောက်ကာ ငူငူကြီးထိုင်နေ၏။

မျက်လုံးတို့သည် အရူးတစ်ယောက်လို ဂနာမငြိမ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

"ဘယ်လို ပြန်ပြောစမ်း ပြန်ပြောစမ်းပါ ရွှေရည်ရယ်၊ ငါ နားမရှင်းလို့ ကဝိ ဘာဖြစ်တယ်"

ဂန္ဓာရုံအမေးကြောင့် ရွှေရည် နောက်တစ်ကြိမ် ထပ်ပြောပြ လိုက်သည်။ ဂန္ဓာရုံ ရင်ဘတ်ကိုဖိကာ

"ဘုရားရေ စားသောက်ဆိုင်ထဲမှာ ကဝိကိုမြင်ပြီး သ သရဲလို့ ပြောတယ် ဟုတ်လား။ ပြီး ပြီးတော့ သူတို့ဆိုင်ထဲကထွက်ပြေးကြတယ်ဆို တော့ က ကဝိက သေသွားလို့လား"

"ငါလည်း ကဝိဆိုတာကို မတွေ့ပါဘူးဟယ်၊ ဒါနဲ့ နင်က ကဝိကို သိလို့လား"





"သိတယ် သိတာပေါ့၊ ငါနဲ့အနုပညာကျောင်းအဲတူတူတက်နေ ကာလေ၊ ခုတစ်လော ကဝိကို တစ်ခါတလေမှ တွေ့တယ်၊ ပြီးရင် ဒီရှေ့က ပျောက်ပျောက်သွားသလိုပဲ၊ သူ့ပုံစံက အရင်ကနဲ့မတူဘူး၊ ငါ့စိတ်ထဲ ထူးဆန်းနေတယ်"

"ခုရော နင်နဲ့တွေ့သေးလား"

"မတွေ့ဘူး ဖုန်းဆက်တော့လည်း ဖုန်းကိုင်ပြီး ငါပြောတာကို ဘာမှပြန်မပြောဘူး၊ သူ သူ စကားပြန်ပြောနိုင်နေပြီပဲ"

ကဝိနှင့်ပတ်သက်ပြီး ဂန္ဓာရုံစိတ်ထဲ တစ်မျိုးထူးခြားစွာ ခံစား နေရတာကို ကိုယ်ပဲသိသည်။

ထိုစဉ် ဖုန်းမြည်လာသည်။

"ဟော အဲဒါ ကဝိပဲ ခုပဲ သူ့အကြောင်းပြောတယ် သေခဲဦး မယ်"

"ဟဲလို ဟဲလို"

ကဝိထံမှ ဘာမှပြန်မပြောသဖြင့် ဟဲလိုကို ခပ်ကြာကြာလေး ထူးနေရတာ ဂန္ဓာရုံ စိတ်မရှည်တော့။

"ဟာကွာ ဖုန်းခေါ်ပြီး ဘာမှလည်း မပြောဘူး"

"ရုံ ဟိုမှာ ညွှန့်သည်ထင်တယ်"

ရွှေရည် ညွှန်ပြရာသို့ ဂန္ဓာရုံ ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ မသိဘူးဟ"

ရုံ အိမ်ရှေ့ပေါက်ဝသို့ ထွက်လာပြီး

"ဘယ်သူနဲ့တွေ့ချင်လို့ပါလဲ အန်ကယ်"

"ဦးက ကဝိရဲ့ဒယ်ဒီပါ"

ကဝိ အဖေဆို၍ ဂန္ဓာရုံ ပျာပျာသလဲဖြစ်သွားကာ

"ဪ ဟုတ်ကဲ့ပါ ဦး၊ အိမ်ထဲဝင်ပါဦး"

ဦးအောင်မြင် အိမ်ထဲဝင်လိုက်သည်။ ဧည့်ခန်းထဲမှာဝင်ထိုင်ပြီး ဂန္ဓာရုံကို အကဲခတ်သည်။

"ဦးရဲ့သား ကဝိပျောက်နေလို့ သမီးများသိမလားလို့ လာစုံစမ်းတာပါ၊ မနေ့က သမီးတို့သင်တန်းက ဆရာကြီးကလည်း သင်တန်းမတက်တာ ကြာလို့ ဖုန်းဆက်တယ်လေ"

"ရှင် ကဝိပျောက်နေတယ် ဟုတ်လား၊ ဘုရား ဘုရား"

ဂန္ဓာရုံ ကဝိအတွက် ရင်ထိတ်သွားရသည်။ ဒါဟာ ရိုးသားပါ့မလား။

"ရုံတို့လည်း ခုပဲ ကဝိအကြောင်းပြောနေကြတာ အန်ကယ်ရဲ့"

"ဟုတ်လား ဘာများထူးလဲဆိုတာ ဦးကိုလည်း ပြောပါဦးကွယ်"

ဦးအောင်မြင်ကို ရွှေရည် ကြုံခဲ့ရသည့်ကိစ္စတွေကို ပြောပြလိုက်သည်။ ဦးအောင်မြင်မျက်နှာအပျက်ကြီး ပျက်သွားသည်။





"ဒီပုံအတိုင်းဆို အန်ကယ့်သားလေး ဒုက္ခရောက်နေပြီထင်တယ်ကွယ်၊ ဘယ်မှာလိုက်ရှာလို့ ရှာရမှန်းမသိအောင်ကို အဆက်အသွယ်ပြတ်နေတယ်၊ ဒါပေမဲ့ စောစောက သမီးတို့ပြောသလို ထိုက်သုတို့အဖွဲ့က အန်ကယ့်သားကိုမြင်ပြီး ကြောက်နေကြတယ်ဆိုတော့ မဟုတ်မှလွဲရော သူတို့အဖွဲ့တွေ တစ်ခုခုများလုပ်ထားကြလို့လား"

ပြောရင်းဖြင့် ဦးအောင်မြင်စိတ်တွေ ဂနာမငြိမ်တော့။ ခွန်းသစ်လည်း ကဝိကို ဘာကြောင့်လန့်နေတာလဲ။

အခန်းထဲမှာ ကဝိမရှိဘဲ ကဝိရှိတယ်ဟု ထင်ယောင်ထင်မှားဖြစ်ပြီး သွေးပျက်နေတာဟာ အကြောင်းရင်းတော့ ရှိရမယ်။

"ရုံလည်း ကဝိကို စိုးရိမ်တယ် အန်ကယ်၊ ရုံတို့စခန်းမှာ အမှုဖွင့်ထားရင် မကောင်းဘူးလား အန်ကယ်"

"လူပျောက်တိုင်ထားတာတော့ရှိတယ်၊ အန်ကယ့်မိတ်ဆွေက ရဲမှူးဆိုတော့ သူတို့လည်း ကဝိကိုရှာနေကြတယ်၊ သမီး ထိုက်သုရဲ့လိပ်စာကိုရော သမီးတို့သိလား၊ သူတို့အဖွဲ့အားလုံးရဲ့လိပ်စာပေါ့"

"ထိုက်သုက ဆေးရုံမှာ ခုထိ မဆင်းရသေးဘူး၊ ခြေထောက်နှစ်ချောင်းလုံးကျိုးတဲ့အပြင် စိတ်ပါဖောက်ပြန်သွားတယ်၊ ဖေဖေက [illegible] ကူခြေဖျက်မှုနဲ့ အချုပ်ထဲရောက်နေတယ်၊ ဂျွန်နဲ့ဇော်နိုင်ကလည်း မနေ့ကပဲ



www.burmeseclassic.com

www.burmeseclassic.com



ကားတိုက်ခံရလို့ ဆေးရုံမှာ အတွင်းလူနာအဖြစ် တင်ထားရတယ် အန် ကယ်"

"သူတို့အဖွဲ့က ဒါအကုန်ပဲလား"

"ခွန်းသစ်နဲ့ကိုဖြိုး ကျန်သေးတယ် အန်ကယ်၊ သူတို့ကို ရှ တော့ သိပ်မသက်ာတော့ဘူး။ နောက်ပြီး သူတို့တစ်ဖွဲ့လုံး တစ်လုညီ ဖြိုလ်ဆိုးဝင်နေကြတာဟာ အကြောင်းတစ်ခုခုတော့ ရှိရမယ် အန်ကယ် ခွန်းသစ်ကိုသာရှော့ပြီး မေးကြည့်ပါလား အန်ကယ်ရယ်၊ ရှုံ ကဝိအတွက် စိတ်ပူတယ်၊ ရှုံဆီကို သူစကားပြောနိုင်သွားပြီဆိုတာ အသိလာပေးပြီ နောက်ထပ် ဆေးရုံသွားတဲ့လမ်းမှာ ခွန်းသစ်တို့နဲ့တစ်ခါဆုံတယ်၊ အဲ နောက်ပိုင်း မလာတော့ဘူး"

"ခွန်းသစ်တို့နဲ့ ဟုတ်လား၊ ဘယ်ရက်လောက်ကလဲ"

"လွန်ခဲ့တဲ့ လေးငါးရက်လောက်ကပါ အန်ကယ်"

"သားပျောက်နေတာ ဆယ်ရက်ကျော်လောက်ရှိပြီကွ၊ ဒါဆိုရင် ဒီကိစ္စထဲမှာ ခွန်းသစ်ပါဝင်ပတ်သက်နေတာ သေချာသွားပြီ သမီးရယ် သားစကားပြောနိုင်ပြီဆိုတာ အန်ကယ် လုံးဝမသိရသေးပါဘူးကွာ"

"လုံးဝ သေချာပါတယ် အန်ကယ်၊ ရှုံကို သူစကားပြောသွား တယ်"

ဦးအောင်မြင် ဝမ်းနည်းရမည်လား ဝမ်းသာရမည်လားဆိုတာ





မဝေခွဲချင်တော့။ ဂန္ဓာရုံတို့ကို နှုတ်ဆက်ပြီး အိမ်ကိုအမြန်ပြန်ခဲ့လိုက် သည်။ ခွန်းသစ်ကိုလည်း သိပ်မသက်ာချင်တော့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

ကဝိကိုစွန့်ပစ်သက်ပြီး ဦးအောင်မြင်ကို ရင်မဆိုင်ချင်၍ ခွန်းသစ် အခန်းထဲကကို မထွက်သလို ခုတင်ပေါ်မှလည်း မဆင်းတော့။

ဒေါ်ယုသဥ္စာနှင့် ဦးနေမင်းမှာလည်း ခွန်းသစ်နေမကောင်းဖြစ်သည်ကို အကြောင်းပြု၍ အိပ်ပေါ်မှမဆင်း။

ဦးအောင်မြင် ခွန်းသစ်အခန်းထဲ ဝင်လာသည်။

"ဒယ် ဒယ်ဒီ"

"မင်း ငါ့ကိုဒယ်ဒီလို့မခေါ်နဲ့၊ ငါက မင်းဒယ်ဒီမဟုတ်ဘူး။ မင်းကိုလည်း ငါ့သားအဖြစ် အသိအမှတ်မပြုနိုင်ဘူး၊ အခု ငါ့သား ဘယ်မှာလဲ၊ ငါ့သားကို မင်းတို့ဘယ်မှာဝှက်ထားကြလဲ၊ ငါ့သားကို ဘာလုပ်လိုက်ကြပြီလဲ ပြောစမ်း"





"ဘာ ဘာမှမလုပ်ဘူး၊ ဘာမှမလုပ်ပါဘူး"

ခွန်းသစ် အကြောက်အကန် ငြင်းသည်။ ဦးအောင်မြင် ခွန်းသစ် ရင်ဘတ်မှအကျႌစကို ဆောင့်ဆွဲပြီး

"မင်းတို့လိမ်ဖို့ မကြိုးစားနဲ့တော့၊ ငါ့သားကို မင်းတို့တစ်ခုခု လုပ်လိုက်တယ်ဆိုတာ ငါ့စိတ်က သိနေတယ်၊ ငါ့သားကလည်း မင်းတို့ကို ဒီအတိုင်းထားမှာမဟုတ်ဘူး၊ အခု မင်းတို့အဖွဲ့ထဲမှာ တစ်ယောက်ပြီး တစ်ယောက် ဒုက္ခဖြစ်နေပြီမဟုတ်လား၊ အဲဒါ မဟုတ်တာလုပ်ထားတဲ့ အကျိုးကြောင့်ကွ၊ ဒီတော့ မင်းဝန်ခံရင် ဝန်ခံ၊ ဝန်မခံရင်တော့ မင်းကို အမှုဖွင့်မယ်"

"မ မလုပ်ပါနဲ့ ဒယ်ဒီ၊ က ကဝိကို ဘာမှမလုပ်ပါဘူး၊ ကဝိ သူ့ဟာသူ ပျောက်နေတာပါ"

"ဘာ မင်းညာနေတာ၊ ဟောဒီမျက်လုံးက ဖော်ပြနေတယ်"

ဒေါ်ယုသဥ္စာနှင့်ဦးနေမင်း အခန်းထဲဝင်လာကြသည်။

"ကို သားကိုမလုပ်ပါနဲ့၊ မလုပ်ပါနဲ့ ယု တောင်းပန်ပါတယ်"

"မင်းသား လူယုတ်မာ ငါ့သားကိုဒုက္ခပေးထားတယ်"

"အို မဟုတ်တာ၊ ကို့သားက သူ့ဟာသူ သွားချင်တဲ့နေရာကို သွားနေပြီးတော့ ဘာကြောင့် ယုရဲ့သားကို စွပ်စွဲနေရတာလဲ ကိုရယ်"

"စွပ်စွဲတာမဟုတ်ဘူး လုံးဝကိုသိနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း"

ထိုစဉ် အခန်းတံခါးမှာ ဖွင့်လိုက်ပိတ်လိုက်နှင့် ယိမ်းထိုးနေသည်။ ခန်းဆီးလိုက်ကာတွေ လေမတိုက်ပါဘဲ တလွင့်လွင့်ဖြစ်နေသည်။

"အမလေး သ သရဲ သရဲလာပြန်ပြီလား"

ဦးနေမင်း ဖုန်းမြည်လာသည်။

"ဟင် သား သားဆီကဖုန်း"

ခွန်းသစ်ကို ဆုပ်ကိုင်ထားသော အကျီစကိုလွှတ်ပြီး ဖုန်းထူးလိုက်သည်။ ဖုန်းထဲတွင် ဘာသံမှမကြားရ။ လေပြင်းတိုက်သံလို တရွှီးရွှီးသာ ကြားရ၏။

"သား သားရေ ဒယ်ဒီ့ကိုတစ်ခုခုပြောပါကွာ သား စကားပြန်ပြောနေပြီလို့ သိရလို့ ဒယ်ဒီ သားရဲ့အသံလေးကို ကြားချင်နေတာပါကွာ။ သား ဘယ်ရောက်နေလဲ၊ ဒယ်ဒီ သားကို ခုပဲလာခေါ်မယ်၊ ဒယ်ဒီ့ကို ပစ်မထားပါနဲ့ သားရယ်၊ သားမရှိလို့ ဒယ်ဒီ ရူးမတတ် ခံစားနေရတယ်"

ဦးအောင်မြင် ငိုသံပါကြီးဖြင့် ပြောနေရင်းမှ ချုံးပွဲချငိုချလိုက်သည်။ တစ်ဖက်မှ ဖုန်းပိတ်သွားသည်။ အားလုံး ဦးအောင်မြင်ကိုကြည့်ပြီး ကြက်သေသေနေကြသည်။

ထိုစဉ် ခွန်းသစ် ဖုန်းမြည်လာသည်။ ခွန်းသစ် လန့်သွားကာ ဖုန်းကိုမကိုင်ရဲ။





"ဟော့ကောင် မင်းဖုန်းကိုင်လိုက်စမ်း"

ဦးအောင်မြင် ဖုန်းကိုအတင်းကိုင်ခိုင်းသဖြင့် ခွန်းသစ် တုန်တုန်ချိချိဖြင့် ဖုန်းကိုင်လိုက်သည်။

"ဟဲလို"

"ဟင်"

ခွန်းသစ် မျက်လုံးအစုံပြူးကျယ်ဝိုင်းစက်ကာ ချွေးတွေစို့နှင့်လာသည်။

"ငါ ငါ ဂန္ဓာရုံကို ဘာမှမလုပ်ဘူး။ ထိုက် ထိုက်သုတစ်ယောက်ထဲပါ၊ မင်း မင်းကိုလုပ်တာ လက်လွန်သွားတာနဲ့ ငါတို့အားလုံး ဂန္ဓာရုံအပေါ် ကျူးလွန်ဖို့ သတ္တိမရှိတော့လို့ ထိုက်သုတစ်ယောက်ထဲ ဂန္ဓာရုံကို စော်ကားခဲ့တာ၊ ငါ ငါ တကယ်ပြောတာပါ ကဝိရာ"

ကဝိဆို၍ ဦးအောင်မြင် ခွန်းသစ်လက်ထဲမှ ဖုန်းကို ဆတ်ခနဲလှမ်းယူပြီး နားထောင်လိုက်သည်။

တစ်ဖက်မှ ကဝိပြောနေသော အသံတို့သည် အက်ရှခြောက်ကပ်ကာ ချောက်ချားစရာအတိ။ ဦးအောင်မြင် နားထောင်နေရင်းမှ မျက်ရည်တို့ စီးကျလာကာ ဆက်ပြီးနားထောင်နိုင်စွမ်း မရှိတော့။

"သား သားရယ် အဖြစ်ဆိုးလှချည်လား၊ ဒယ်ဒီလာခဲ့မယ်၊ ခုပဲ သားရှိတဲ့နေရာကို ဒယ်ဒီလာခဲ့မယ် သားရယ်၊ အရင်ဆုံး ဒယ်ဒီ



www.burmeseclassic.com

www.burmeseclassic.com



ခန်းကို အကြောင်းကြားရမယ်"

ခွန်းသစ်ဖုန်းကို သူ့ရှေ့ပစ်ချပြီး အခန်းထဲမှ အထွက်

"ဒုတ်"

"အား"

ဦးနေမင်း၏ရိုက်ချက်ကြောင့် ဦးအောင်မြင် ကြမ်းပြင်ပေါ်လဲကျသွားသည်။

"ကျေးဇူးရှင်မို့ ကိုယ်ထိလက်ရောက် မကျူးလွန်ချင်ပါဘူး။ ဒါပေမဲ့ ကျုပ်သား လွတ်မြောက်ဖို့အတွက် ဒီလိုလုပ်ရတာပါ ဦးအောင်မြင်"

■ ■ ■



## အခန်း (၂၉)

"ကဝိ ကဝိ နေပါဦး။ ထွက်မသွားပါနဲ့ဦး ကဝိ"

"ဟဲ့ သမီး သမီးလေး ဘာတွေယောင်ပြီး အော်နေရတာလဲ"

အိပ်ရာထက်တွင် လူးလိမ့်ကာ ကယောင်ကတမ်း အော်ဟစ်နေသော ဂန္ဓာရုံကို သူ့မိခင် လှုပ်နှိုးလိုက်သည်။ ဂန္ဓာရုံ မျက်လုံးပွင့်လာပြီး မိခင်ရင်ခွင်မှာ အလန့်တကြား နိုဝင်ကာ

"မာမီ အိပ်မက်ထဲမှာ ကဝိ ကဝိ သေသွားလို့တဲ့၊ ထိုက်သုက ရုံ့ကိုစော်ကားလို့ ကဝိက ဝင်ကယ်ရင်း ထိုက်သုတို့အဖွဲ့က သတ်လိုက်တာတဲ့"

ငိုသံပါကြီးနှင့်ပြောနေသော ရုံ့ရုံ့စကားကြောင့် သူ့မိခင် အံ့ဩ



www.burmeseclassic.com

www.burmeseclassic.com



ထိတ်လန့်သွားကာ

"အမလေး ဘုရား ဘုရား သမီးအိပ်မက်ကြီးကလည်း ကြောက်စရာကြီးပါလား၊ ဒါ ဒါပေမဲ့ ဖြစ်နိုင်ပါ့မလား"

"မသိဘူး မာမီ၊ ရုံ ကြောက်တယ်၊ ကဝိက အိပ်မက်ထဲကလို တကယ်သေသွားပြီလား မာမီရယ်"

"သိပ်လည်း စိတ်ထဲမှာ ခံစားမနေပါနဲ့ သမီးရယ်၊ ဒါအိပ်မက်ပဲ၊ တကယ်မှမဟုတ်တာ"

"ဒါ ဒါပေမဲ့ ကဝိ ပျောက်နေတာတော့ သေချာတယ် မာမီ၊ ရဲတွေရော သူ့အဖေရော ကဝိကိုရှာနေတာ ခုထိ မတွေ့သေးဘူး"

ထိုစဉ် ဖုန်းမြည်လာသည်။ ရုံရုံမိခင် ဖုန်းကိုလှမ်းယူကာ

"ဟဲလို ဩော် ဟုတ်ပါတယ်၊ ကျွန်မ ဂန္ဓာရုံရဲ့အမေပါ၊ ရှင် ဘယ်လို ရဲ ရဲစခန်းကို အကြောင်းကြားပေးရမယ် ဟုတ်လား"

"ဟုတ် ဟုတ်ကဲ့ပါရှင်၊ ကျွန် ကျွန်မတို့ ခုပဲ အကြောင်းကြားပြီး လာခဲ့ပါ့မယ်"

ဂန္ဓာရုံမိခင်မှာ ဖုန်းပြောပြီးသည်နှင့် ခြေတုန်လက်တုန်ဖြစ်ကာ

"သ သမီး စခန်းကို အကြောင်းကြားပြီး သူ သူတို့အိမ်ကို လာခဲ့ပါတဲ့"

"ဘယ်သူလဲ မာမီ"





"ကဝိရဲ့အဖေတဲ့၊ သူ ရဲစခန်းကိုဆက်တာ ဆက်မရလို့တဲ့"

"ဘုရားရေ ဘာတွေဖြစ်နေကြလို့လဲ မသိဘူး၊ မာမီ ရုံတို့ ခုပဲသွားကြရအောင်"

သားအမိနှစ်ယောက် ရဲစခန်းကို အကြောင်းကြားဖို့ ထွက်ခဲ့ကြသည်။

ကဝိ ဘာမှမဖြစ်ပါစေနဲ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

"မင်းတို့ ငါ့သားကိုသတ်ပြီး ငါ့ကို ဒီလိုချုပ်နှောင်ထားရုံနဲ့ ရာဇဝတ်မှုက လွတ်ပြီထင်နေလား"

"သားတို့ သူ့ကိုမသတ်ဘူး၊ တော် တိတ် ဘာမှထပ်မပြောနဲ့တော့နော်"

"ဒီမှာ ကို ယုတို့ ကို့ကို အဲလိုမလုပ်ချင်ပါဘူး၊ အခြေအနေ အရကြောင့်ပါ၊ ယုကိုနားလည်ပေးပါ၊ သား ဘယ်လိုအမှားပဲလုပ်လုပ် ခွင့်လွှတ်ပေးလိုက်ပါ ကိုရယ်"

ဒေါ်ယုသဉ္ဇာ မျက်နှာပြောင်တိုက်ကာ ခွင့်လွှတ်ဖို့ပြောနေသည့် စကားကြောင့် ဦးနေမင်း နာကျင်စွာ မဲ့လိုက်ပြီး





"ငါ့ဆီက ပိုင်ဆိုင်မှုတွေလိုချင်လို့ ငါ့ကိုလက်ထပ်ခဲ့တဲ့ အယုတ်တမာမ၊ မင်းတို့ကို ငါ ဒီတစ်သက် ခွင့်လွှတ်ဖို့မပြောနဲ့ နောင်ဘဝရှိရင်တောင် ခွင့်မလွှတ်ဘူး၊ မင်းတို့အားလုံး ထောင်ထဲဝင်ရမယ်"

"ဘာ ကျုပ်တို့က ဘယ်တော့မှ မဝင်ဘူး၊ ခင်ဗျားကိုပဲ ဒီလောကကြီးထဲကနေ ထုတ်ပစ်မယ်၊ ကြာပါတယ်ကွာ ခုပဲ သေလိုက်တော့ ဟုတ်ပြီလား၊ ဘယ်ပုံစံနဲ့ သေချင်သလဲသာ ပြောလိုက်"

ဦးနေမင်း အနားသို့ တဖြည်းဖြည်း တိုးကပ်လာသည်။ ဦးအောင်မြင်နား မရောက်ခင်မှာပင် သူ့မျက်နှာ ရှုံ့မဲ့သွားပြီး နောက်ကို ဖင်ထိုင်လျက် လဲကျသွားသည်။

"အ အား အား အစ် ဘယ် ဘယ်သူလဲ ငါ့ကိုလည်ပင်းညှစ်ထားတာ လုပ် လုပ်ပါဦး သား သား"

ခွန်းသစ် တွန့်သွားသည်။ မချိမဆန့် ခံနေရသော ဦးနေမင်းနားသို့ မကပ်ရဲ။

"ဒုက္ခပါပဲ မကောင်းဆိုးဝါးကောင် လာပြန်ပြီထင်တယ်"

ဒေါ်ယုသဉ္ဇာ ခွန်းသစ်နားကပ်ပြီး အသားတွေတဆတ်ဆတ် တုန်လာသည်။

"အဲဒါ ငါ့သား နင့်ရဲ့သား သတ်လိုက်လို့ ငါ့သား ဝိညာဉ်ဘဝ



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားပြီ၊ နင်တို့ရဲ့ယုတ်မာမှုတွေကို ဖော်ထုတ်နေတာ''

''ခွန်းသစ် သတ်တာမဟုတ်ဘူး ကို၊ ကဝိကို ထိုက်သုတို့သတ်တာ၊ အဲဒီကိစ္စကို ယုအကုန်သိပြီးပြီ၊ သားကိုအထင်မလွဲပါနဲ့၊ နောက်နောက်ပြီး ဂန္ဓာရုံဆိုတဲ့ကောင်မလေးကို စော်ကားတာကလည်း ထိုက်သုပဲ အပြစ်ပေး ကလဲ့စားချေမယ်ဆိုရင်လည်း သူတို့ကိုပဲ သွားချေပါတော့လား''

ဒေါ်ယုသဏ္ဍာ ကြောက်ကန်ကန်ကာ ငြင်းဆန်၏။

''အ သား၊ ငါ့ကိုကယ်ပါဦး အစ် အစ် အစ်''

ဦးနေမင်း မျက်ဖြူဆိုက်နေပြီမို့ ဦးအောင်မြင် မနေသာတော့။

''သား မလုပ်နဲ့၊ သူတို့ရဲ့လောဘက သူတို့ကို အချိန်တန်ရင် အပြစ်ပေးလိမ့်မယ်''

ထိုစဉ် ခြံထဲသို့ မောင်းဝင်လာသော ကားသံတွေကို ဦးအောင်မြင် ကြားလိုက်သဖြင့် ဝမ်းသာသွားသည်။

''ဟော လာပြီ၊ မင်းတို့ကို အပြစ်ပေးမယ့်သူတွေ လာပြီကွ၊ သား သူ့ကိုလွှတ်ပေးလိုက်တော့ ဒယ်ဒီ စခန်းကို အကြောင်းကြားပြီးသွားပြီ''

ဦးအောင်မြင် စကားကြောင့် အားလုံးထိတ်ထိတ်ပျာပျာ ဖြစ်





ကုန်ကြသည်။

''အမလေး ဘယ်လိုလုပ်ကြမလဲ သား အမေတို့မှာ ဘာအပြစ်မှမရှိဘဲနဲ့ အဖမ်းမခံနိုင်ဘူး၊ အမေတို့ သွားကြမယ်''

ခွန်းသစ်လက်ကိုဆွဲပြီး ပိတ်ထားသော အခန်းတံခါးကို ဆွဲဖွင့်ပြီး အခန်းအပြင်ကို ထွက်မည်အပြု

ရဲများနှင့်အတူ ဂန္ဓာရုံပါ လိုက်ဝင်လာသည်။

''ကျွန်မတို့မှာ ဘာအပြစ်မှမရှိပါဘူးရှင်''

''ဒီကိစ္စတွေအားလုံး စခန်းရောက်မှရှင်းပါ၊ ခုလောလောဆယ် မောင်ကဝိ ပျောက်မှုနဲ့ သံသယရှိသူတွေကို စစ်ဆေးရမှာမို့ အားလုံးလိုက်ခဲ့ကြပါ''

''ကျူပ်သားရှိတဲ့နေရာကို ကျုပ်သိပြီးပြီ ဦးခင်မောင်ဖြူ''

စခန်းမှူးကို ကဝိ ဖုန်းထဲမှာပြောသည့်နေရာကို ဦးအောင်မြင် ပြောလိုက်သည်။

''ဟုတ်ပါပြီ၊ ကျွန်တော်တို့ ဆက်လက်ပြီး ဖော်ထုတ်ပေးပါ့မယ်၊ ဦးအောင်မြင်၊ ခင်ဗျားသားအတွက် တရားမျှတမှုရှိစေရပါ့မယ် ဦးအောင်မြင်၊ ကဲ ရဲဘော်တွေ သံသယရှိသူတရားခံတွေကို ခေါ်ခဲ့ကြ''

ခွန်းသစ် ဘယ်လိုမှ ငြင်းဆန်၍မရသည့်အဆုံး စခန်းသို့လိုက်ခဲ့ရလေသည်။ မကောင်းမှုသည် ဆိတ်ကွယ်ရာမရှိဆိုသလို အပေါင်း



www.burmeseclassic.com

www.burmeseclassic.com



အသင်းနှင့် မနာလိုဝန်တိုမှုတွေက ကိုယ့်ကိုကိုယ် အမှောင်တိုက်ထဲ ဆွဲသွင်းလိုက်သလို အနာဂတ်သည် ပိန်းပိတ်မှောင်သွားသည်။

ကဝိ ငါမှားသွားပါတယ် ငါ့ကိုခွင့်လွှတ်ပါ။

■ ■ ■



## အခန်း (၃၁)

"မာမီ မာမီရယ် ရှုဘဝတော့ သွားပါပြီ၊ ရှု ဘယ်လိုအသက်ဆက်ရှင်ရမလဲ မာမီရယ် ရှုကိုကယ်ပါဦး"

ထိုက်သုဏ်ယုတ်မာပက်စက်မှုကြောင့် ဘဝပျက်ခဲ့ရသည့်ကိုယ့်အဖြစ်၊ ကဝိအလောင်းကိုဖော်ထုတ်ပြီး ကဝိ ဘောင်းဘီအိတ်ထဲမှ ဖုန်းကြောင့် သိခဲ့ရသည်။

"နောက်ဆုံးထွက်သက်အထိ ရှုရဲ့အရှက်ကို ကာကွယ်ခဲ့သတဲ့လား ကဝိရယ် ရှု ဘယ်လိုဖြေရမလဲ"

ကဝိ ရိုက်ကူးခဲ့သည့် ဗီဒီယိုဖိုင်ထဲတွင် ဂန္ဓာရုံအား ခွန်းသစ်နှင့်ထိုက်သုတို့ ချုံမသွားပြီး အိမ်ကြီးထဲကို ခေါ်သွားသည့်မြင်ကွင်းနှင့်အတူ ကဝိ အသံသွင်းထားသော အသံဖိုင်ကြောင့် ခွန်းသစ်နှင့်အတူ ကျန်သူ



www.burmeseclassic.com

www.burmeseclassic.com



အားလုံး တရားဥပဒေ၏အပြစ်ပေးခြင်း ခံရ၏။

"သမီးရယ် မငိုပါနဲ့တော့၊ တိတ်ပါတော့ ခုချိန်မှာ ဘယ်သူ့ကြောင့်ဆိုတာကို အပြစ်ထိုင်ရှာပြီး ပူဆွေးသောကတွေနဲ့ ဒေါသဖြစ်နေမယ့်အတူတူ ကိုယ့်ရဲ့အတိတ်ကံက အကြောင်းပါလာလို့ ဖြစ်ရတယ်လို့ သဘောထားလိုက်ပါကွယ်၊ နောက်နောင်သာ သမီးအသွားအလာ ဆင်ခြင်ပါကွယ်"

"ရှိရေ သွားကြရအောင်လေ အန်ကယ် ဦးအောင်မြင်က တရားနာအမှီ စောစောလာခဲ့ဖို့ ဖုန်းဆက်ထားတယ်လေ"

နီလာ ဝင်လာမှ ဖြေမဆည်နိုင်သော မျက်ရည်တို့ကို ပွတ်သုတ်ရင်း

"အေးပါ နီလာရယ် ခုပဲ သွားတော့မှာပါ"

"ကဲ ထ သမီး၊ မောင်ကဝိအတွက် မာမီတို့အကောင်းဆုံးကုသိုလ်တွေပြုပေးကြရင် မောင်ကဝိရဲ့ဘဝဆက်တိုင်း ဒီလိုအဖြစ်ဆိုးမျိုးကြီးနဲ့ ကြုံတော့မှာ မဟုတ်ပါဘူးကွယ်၊ သမီး ခုလိုနွမ်းညမပျက် ငိုနေတာ သူသိရင် သူလည်း စိတ်ကောင်းမှာမဟုတ်ဘူး၊ သူ့ခမျာ သမီးအတွက် အသက်တောင် စွန့်သွားရသူပါကွယ်"

မာမီ့နှစ်သိမ့်စကားတွေသည် ဂန္ဓာရုံ၏ရင်ထဲမှာ ပို၍ဆို့နင့်ကြေကွဲစေသည်။





အသက်ရှင်နေစဉ်မှာ ရုံ့ကိုချစ်တယ်လို့ ပြောသွားတာတာ ခုလို ခွဲသွားရမယ်ဆိုတာ ကြိုသိနေလို့လား ကဝိရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

"ဟင့်အင်း ရှံ ဘာမှမလိုချင်ဘူး အန်ကယ်၊ ကဝိ ရှံ့ကိုချစ်သွားတယ်ဆိုတာလေးတစ်ခုနဲ့တင် ရှံ့ဘဝ ရှေ့ဆက်လို့ ရနေပါပြီ"

ဦးအောင်မြင် ပေးသော ပိုင်ဆိုင်မှုတွေသည် ရှံ့အတွက် ကဝိထားခဲ့သော မေတ္တာတရားတွေလောက် အသုံးမဝင်တာ။

"မငြင်းပါနဲ့လား သမီးရယ်၊ အန်ကယ့်ဘဝမှာ ခင်တွယ်စရာဆိုလို့ သားလေးတစ်ယောက်ပဲရှိခဲ့ပါတယ်၊ အတွေးတစ်ချက်မှားပြီး ယုသဉ္ဇာကို လက်ထပ်ခဲ့မိတဲ့အမှားဟာ အခု အန်ကယ့်သားလေးကို ဆုံးရှုံးလိုက်ရတဲ့အထိကို မှားခဲ့တာပါ"

ဦးအောင်မြင် ငိုသံပါကြီးနှင့်ပြောနေရင်းမှ အသံတိုးတိမ်ဝင်သွားသည်။

"သားလေး သိပ်ကို ကံဆိုးတယ်ကွယ်၊ အန်ကယ် ဘယ်လိုမှ ဖြေလို့မရဘူး၊ လူယုတ်မာတွေရဲ့ ရက်ရက်စက်စက် သတ်ဖြတ်မှုခံနေရ





တဲ့အချိန်မှာ သားလေး ဘယ်လောက်ကူကယ်ရာမဲ့နေလိုက်မလဲ၊ တွေးကြည့်တိုင်း ရင်ထဲမှာ အက်ဆစ်နဲ့အပက်ခံရသလို နာကျင်ရတယ်၊ သားလေးနောင်ဘဝဆက်တိုင်း ဆက်တိုင်း ဒီလို ကြမ္မာဆိုးမျိုးနဲ့ မကြုံပါရစေနဲ့လို့ အန်ကယ် ဆုတောင်းမိပါတယ်၊ ဒါကြောင့် သားလေးရဲ့ပိုင်ဆိုင်မှုတွေကို သားသိပ်ချစ်ခဲ့တဲ့ သမီးကိုလွှဲပေးချင်ပါတယ်၊ အဲလိုဆိုရင်တမလွန်ကနေ သားလေး ကျေနပ်နေမှာပါကွယ်"

ကြေကွဲဆို့နင့်စေသော စကားတွေသည် ဂန္ဓာရှံ့အား ရှိုက်ကြီးတငင် ငိုကြွေးစေပြီး ကဝိကို ပို၍ ချစ်မိလာသော ခံစားမှုတို့သည်လည်း ရှံ့ အသိစိတ်တွေကို နလန်မထူနိုင်။

ဘာကြောင့်များ ရှံ့အတွက် အသက်ပေးသွားတာလဲ ကဝိရယ်။ ရှံ့ကို ဘာကြောင့် အဲလောက်ချစ်ခဲ့ရတာလဲ။ ချစ်ခဲ့တယ်ဆိုရင်လည်း ဖွင့်ပြောမှပေါ့။ ရှံ့ကလည်း ကဝိကိုချစ်နေခဲ့တာပဲလေ။

"ရော့ သမီး ဒါ သားကဝိ အခန်းထဲက ရှာတွေ့ထားတာ၊ သူ မသေခင်မနက်အထိ သမီးနဲ့ပတ်သက်တဲ့ခံစားချက်တွေကို ဒီစာအုပ်ထဲမှာ ချရေးခဲ့သေးတယ် ထင်တယ်"

လည်သာစာအုပ်အညိုရောင်လေးကို တုန်ယင်သောလက်အစုံဖြင့် လှမ်းယူလိုက်သည်။

ပထမဆုံး စာမျက်နှာကိုလှန်လိုက်သည်နှင့် ဖြူးရွှင်ရယ်မော



www.burmeseclassic.com

www.burmeseclassic.com



နေသော ကဝိ၏ခေါက်ပုံနှင့်အတူ ရှံ၏ပတ်စပို့ခေါက်ပုံလေး ဖြစ်သည်။

ဒီခေါက်ပုံလေးဟာ ရှံကျောင်းမှာပျောက်ကျခဲ့သည့် ခေါက်ပုံလေး ဖြစ်သည်။

ရင်ဘတ်အစုံသည် စူးမျက်နာကျင်လာသည်။

နောက်တစ်ရွက်ကို ဆက်လှန်လိုက်သည်။

ဂန္ဓာရုံကို ချစ်တယ် ဒါပေမဲ့ ဖွင့်မပြောရဲဘူးဆိုတဲ့ စာတန်းလေး ဖြစ်သည်။

ဖွင့်ပြောရောပေါ့ ကဝိရယ်။ ရှံလည်း ကဝိကို ချစ်နေခဲ့တာပါ။

ရှံ ကဝိကိုအရမ်းချစ်တယ်။ ရှံ့ဘဝမှာလေ ဘယ်သူ့ကိုမှ မချစ်ဖူးတဲ့အချစ်တွေနဲ့ ကဝိကိုချစ်ခဲ့မိတာပါ။

ရှံလေ ကဝိကိုချစ်တဲ့အချစ်တွေနဲ့ပဲ ရှံ့ဘဝကို ဆက်ပြီးရှင်သန်ပါရစေတော့။ လောကကြီးထဲမှာ ကဝိမရှိတော့ပေမယ့် ကဝိထားခဲ့တဲ့ အချစ်တွေက ရှံ့ရင်ထဲမှာ ထာဝစဉ်ရှင်သန်နေမှာပါ ကဝိရယ်။

နောင်ဘဝဆိုတာရှိခဲ့ရင် ရှံဆီပြန်လာခဲ့ပါကွယ်။ အဲဒီအခါကျရင် ရှံကစပြီး ချစ်တယ်လို့ ဖွင့်ပြောမယ်လေ။

အားလုံးအတွက်

နတ်သမီး

ဖျူးစာပေ

www.burmeseclassic.com